
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်မွန်မွန်

## သူ . . . မင်းကို . . .

## တကယ်ချစ်ရင်



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com




# “အပွင့်”

www.burmeseclassic.com

www.burmeseclassic.com







အကြီးအကျယ် ဝမ်းသာစရာအကြောင်းနှင့် ကြုံလာသောကြောင့် ရေးချယ်ရဲ့ခြေထောက်တွေမှာ မြေကြီးနှင့် မထိတော့ဟု ထင်ရလေသည်။

ခါတိုင်းနေ့တွေက အကျည်းတန်သည်ဟု ထင်ရသော မြင်မြင်သမျှ အရာတို့မှာ ဒီနေ့ကျမှ အစွမ်းကုန်လှပနေသည်ဟု ထင်မိသည်။

ရေးချယ် အလုပ်ရခဲ့ပြီ။ တစ်နည်းဆိုရသော် ရန်ကုန်မြို့တော်ကြီးမှာ ရေရှည်ရပ်တည်နိုင်ရန်အတွက် နှစ်လကျော်ရှာဖွေခဲ့ရသော အလုပ်ရခဲ့ပြီတည်း။ တစ်ရက်ပြီး တစ်ရက်၊ တစ်လမ်းဝင် တစ်လမ်းထွက်ကာ ထီးဖြူ ဖိနပ်ပါး အလုပ်ရှာခဲ့ရသောဒုက္ခမှ ကင်းဝေးခဲ့ရပြီ။ လာမည့်တနင်္လာနေ့မှ စတင်ကာ အိမ်နှင့်သိပ်



www.burmeseclassic.com

www.burmeseclassic.com



သေးသောကုမ္ပဏီ၌ အလုပ်ဆင်းရတော့မည်။ အိမ်နဲ့အလုပ်နီးတာကြောင့်လည်း ဒီလောက်ဝမ်းသာနေရခြင်းဖြစ်သည်။

ဝမ်းသာအားရနှင့် အိမ်ကို အပြေးပြန်လာသော ရေးချယ်သည့် လမ်းကို အမှတ်တမဲ့ ဖြစ်ကူးမည်အပြုတွင် ကားတစ်စီးက ကွေ့လာသောကြောင့် ကမန်းကတန်းပဲ နောက်ဆုတ်လိုက်ရာ ဟန်ချက်ပျက်ပြီး ခြေထောက်ခေါက်လဲသွားသည်။ ဒါကို ကားမောင်းလာသော မင်းဘိုသိုက်က ဖျတ်ခနဲမြင်ကာ ကားကို နည်းနည်းကျော်သွားမှ မှေးရပ်လိုက်သည်။ ဘေးမှပါလာသော မဋ္ဌူက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘိုသိုက် ... ဘာဖြစ်လို့လဲ"

ဘိုသိုက်က မဋ္ဌူကို ပြန်မကြည့်ဘဲ နောက်ကြည့်မှန်ကတစ်ဆင့် လဲသွားသော ကောင်မလေးကိုကြည့်ကာ ...

"ဟိုမှာ လဲသွားတယ်လေ၊ မေးရဦးမှာပေါ့"

"အို ... ဘာဆိုင်လို့လဲ၊ ကားနဲ့တိုက်မိတာမှ မဟုတ်တာ။ သူ့ဟာသူ နှမော်နမဲ့ဖြစ်ပြီး လဲတာပဲ"





မဋ္ဌူ ဘာပြောပြော ဘိုသိုက်ကတော့ ဂရုမစိုက်ကဲ့အလားပင်၊ ကားရပ်ပြီးနောက် ကားပေါ်မှဆင်းသည်။ ပြီးတော့ ဖုတ်ဖတ်ခါ ထနေသော ကောင်မလေးထံသို့ လျှောက်သွားလေသည်။ မဋ္ဌူသည်လည်း မနေသာတော့ဘဲ ကားပေါ်မှဆင်းကာ လိုက်သွားရကောင်းနိုး၊ ကျန်နေခဲ့ရကောင်းနိုး စဉ်းစားနေမိသည်။ ဘိုသိုက်ကတော့ ကောင်မလေးထံ သူ့ထုံးစံအတိုင်း မတ်တောင့်မတ်တောင့်ဖြင့် လျှောက်သွားသည်။

ကောင်မလေးက ဖုန်တွေကို ခါနေရင်းမှ အနားသို့ ရောက်လာသော ဘိုသိုက်ကို မော့ကြည့်သည်။

"ဘာဖြစ်သွားသေးလဲ"

"ဩော် ... ဘာမှမဖြစ်ပါဘူး။ ရုတ်တရက်ဆိုတော့ လန့်ပြီး အဟင်း ... ခြေထောက်ခေါက်သွားတာ"

ကောင်မလေးက အကြည်ဓာတ်အပြည့်ဖြင့် ဖြေသည်။ ဘိုသိုက်သည် တစ်စုံတစ်ရာသော တောက်ပမှုမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပဝင်းလက်နေသော ကောင်မလေးရဲ့မျက်နှာကို အမှတ်တောင် ခူးစမ်းမိသွားသည်။ မဥ္ဇူတစ်ယောက် နှာမည်ကြီးအလှပြင်ဆိုင်မှာ မျက်နှာပေါင်းတင်ပြီး ပြန်လာတာတောင် ဒီကောင်မလေးမျက်နှာလောက် မကြည်လင် မဝင်းပဖူးပါလား။

လူတစ်ယောက်ရဲ့ ကြည်လင်ဝင်းပနေသော စိတ်ထဲက သူ့မျက်နှာမှာ လာဟပ်တယ်ဆိုတာ တကယ်ပဲ ဖြစ်နိုင်ပါသည်။

"ရလား ... လမ်းလျှောက်နိုင်လား"

"ဟုတ် ... လျှောက်နိုင်ပါတယ်၊ သိပ်မနာပါဘူး၊ ဟို ... အစ်ကို့ကားနဲ့တိုက်မိတာ မဟုတ်ပါဘူး"

"အင်း ... ဟုတ်ပါပြီ၊ ဒါဆို ခွင့်ပြုဦးလေ"

"ဟုတ် ... ဟုတ်ကဲ့"

ရေးချယ်က မွန်ရည်သော ထိုအစ်ကို့ကို အပြုံးများများဖြင့် ခေါင်းတဆတ်ဆတ်ညွှတ်ကာ ပြန်ပြောမိသည်။ မြင်လိုက်





တာနဲ့ကို အဆင့်အတန်းတစ်ခုမှာရှိပြီး ခန့်ညားချောမောသော ထိုအစ်ကိုဟာ စိတ်ကောင်းနှလုံးကောင်းရှိသူဆိုတာ သိသာလှ၏။ သူမို့ ကားရပ်ပြီး ဂရုတစိုက် ဆင်းမေးတာလေ။

ရေးချယ်ကို အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြပြီးနောက် သူက လှည့်ထွက်သွားသည်။ သူ သွားရာသို့ ရေးချယ်က ယောင်ပြီးမျှော်ကြည့်လိုက်လျှင် သူ မောင်းလာသောကားနားမှာ မိန်းကလေးချောချောတစ်ယောက်က ရပ်ပြီးကြည့်နေတာကို တွေ့လိုက်ရသည်။ သူ့မိန်းမလား ရည်းစားလား တစ်ခုခုတော့ ပတ်သက်ပုံရတဲ့ မိန်းကလေးဟာ သူနဲ့တော့ နေနဲ့လ၊ ရွှေနဲ့မြပါပဲ။

ရေးချယ်က အပျော်စိတ်ရှိသူမို့ အရာရာကို အကောင်းမြင်မျက်လုံးနဲ့ကြည့်ကာ ထိုနေရာမှ ထွက်ခွာလာခဲ့သည်။ မဥ္ဇူကတော့ အနားသို့ ပြန်ရောက်လာသော သူ့ကို မျက်မှောင်ကြုတ်ကာ ခပ်ဆတ်ဆတ်မေးသည်။

"ဘာမှမဖြစ်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သွားရအောင်"

ကားထဲသို့ ပြန်ထိုင်ရင်း မဥ္ဇူက ဆက်ပြောသည်။

"အစတည်းက ဘာမှမဖြစ်ဘူးလို့ ပြောသားပဲ၊ နင်က သွားချင်နေတာကိုး"

"ဪ ... မိန်းကလေးတစ်ယောက် လဲသွားတာလေ ရှုရှုရယ်၊ ကူညီစရာရှိရင် ကူညီရမှာပေါ့"

သူ့စကားကို မဥ္ဇူက ဟင်းခနဲမဲ့သည်။ ဘိုသိုက်သည် မသိမသာ ပခုံးတွန့်ရင်း ကားကို မောင်းထွက်လိုက်သည်။ အဲဒီ မဥ္ဇူမိုးမြင့် ဆိုသော ကလေးမဟာ နာမည်နဲ့လိုက်အောင် မိုးမြင့်ထိပ်ဖျားမှာ နေသူဖြစ်ပြီး တော်ရုံလူလောက်ကိုလည်း သူမနဲ့ စကားပြောဖို့တောင် တူတယ် တန်တယ်ဟု မထင်သူဖြစ်သည်။ အဲဒါကြောင့်လည်း သူနဲ့ ရှုရှုဟာ တစ်ခါတလေမှာ ထိပ်တိုက်တွေ့ မိတာမျိုး ရှိတတ်၏။

သူတို့နှစ်ယောက်ဟာ ငယ်သူငယ်ချင်းများ မဟုတ်ကြပေမယ့် မိဘချင်းရဲ့ပတ်သက်မှုကြောင့် လွန်ခဲ့သော သုံးနှစ်





လောက်ထဲက စတင်သိကျွမ်းခဲ့ကြပြီး ရင်းနှီးခင်မင်ခဲ့ကြသူများ ဖြစ်သည်။ မိဘတွေရဲ့သဘောတူညီမှုဖြင့် တစ်ယောက်နဲ့တစ်ယောက် တွဲနေကြတာဖြစ်ပြီး လေ့လာအကဲခတ်နေကြဆဲ ဆိုပါတော့။ ဒါပေမဲ့လည်း တစ်ယောက်နဲ့တစ်ယောက်ဟာ သက်ဆိုင်သူတွေအဖြစ် ခံယူထားကြတယ် ဆိုတာတော့ အချင်းချင်းနားလည်ကြပြီးသားဖြစ်သည်။

ဒီတော့ သူတို့အဖြစ်ဟာ ချစ်သူရည်းစားဆိုတာထက် Sole Mate ပတ်သက်မှုမျိုး ဖြစ်နေတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



၁

"အားပါး … ငါးပိချက်အနံ့လေးကို မွှေးနေတာပဲဟော့။ ဗိုက်တောင်ဆာလာပြီ ဒေါ်ရေးချယ်တို့ လက်စွမ်းတွေ ပြထားတယ်ပေါ့"

မသူက ရေးချယ်ဖွင့်ပေးသော တံခါးဝမှ ဝင်လာရင်း အိမ်ထဲမှာ လွင့်ပျံ့နေသော ဟင်းနံ့တွေကို ရှူရှိုက်ရင်းပြောသည်။ မသူ ပြန်လာတာမို့ နောက်ထဲက ထွက်လာသော ချောစုက စကားဝင်ပြောသည်။





"ဒီနေ့တော့ ရေးချယ်ရဲ့လက်ရာတွေကို စပါရှယ်စားရမယ် မသူရေ။ သူ အလုပ်ရတဲ့ အထိမ်းအမှတ်နဲ့ ဈေးသွားဝယ်ထားပြီး ချက်ပြုတ်ထားတာလေ။ ကြက်သားဘူးသီး၊ ငါးဖယ်ကြော်သုပ်နဲ့ ငါးပိချက် တို့စရာအစုံ ဆိုပဲ"

"ဟယ် … ဟုတ်လား၊ အလုပ်ရလာပြီလား ဘယ်မှာရတာလဲ"

"အာမခံကုမ္ပဏီမှာ မသူရဲ့၊ Golden Land လေ၊ ဒီနားလေးပဲ။ အလုပ်လည်းရ အိမ်နဲ့လည်းနီးတော့ ပိုပျော်နေတာ … အဟိ"

အရမ်းကို ပျော်နေမှန်း သိသာနေသော ရေးချယ်ကိုကြည့်ပြီး မသူက စိတ်ချမ်းသာစွာ ပြုံးမိသည်။ တကယ်တော့ သူတို့အားလုံးက နယ်ကဖြစ်သည်။ တစ်နယ်တည်းသားချင်းတွေဖြစ်ပြီး မသူက ရန်ကုန်ကို အရင်ရောက်သည်။ ရန်ကုန်က အဒေါ်အပျိုကြီးထံမှာ လာရောက်ပြုစု အဖော်အဖြစ် နေပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဆုံးသွားသောအခါ လက်ရှိတိုက်ခန်းလေးကို အမွေရခဲ့သည်။ နောက်တော့ ချောစု ရောက်သည်။ သိပ်မကြာခင်မှာပဲ ရေးချယ် ရောက်လာခြင်းဖြစ်သည်။ ရောက်ခါစက သင်တန်းလေးတွေ တက်ဖြစ်ပြီး နောက်မှ အလုပ်ရှာခဲ့ခြင်းဖြစ်သည်။

ရေးချယ်မှာ အမေမရှိတော့။ ဖခင်ဖြစ်သူကလည်း နောက်အိမ်ထောင်နဲ့မို့ရော၊ အစ်ကိုနဲ့ အစ်မကလည်း အိမ်ထောင်တွေကျခဲ့ပြီမို့ တွယ်တာရာ သိပ်မရှိတော့တဲ့ ရေးချယ်သည် နယ်မြို့လေးမှာလည်း မနေချင်တော့ဘဲ ရန်ကုန်မှာ မသူတို့နှင့်အတူ လာနေခြင်းဖြစ်သည်။ ခင်ရာဆွေမျိုးဆိုတဲ့အတိုင်းပဲ မသူနဲ့ ချောစုတို့မှ ရေးချယ်ရဲ့အစ်မတွေလိုပင် ဖြစ်နေသည်။

"ညည်းလည်း ရမှာပါပဲ ရေးချယ်ရယ်။ CV တွေကူးရ၊ ဓာတ်ပုံတွေကူးရ ထောက်ခံစာတွေတောင်းရ၊ အင်တာဗျူး တွေ သွားရနဲ့ ဖတ်ဖတ်ကိုမောနေတာပဲ ကြည့်ရတာတောင် မသက်သာဘူး"





"အင်း ... ကောင်းပါတယ်ဟာ။ အာမခံကုမ္ပဏီဆိုတော့ စိတ်ဝင်စားစရာ ကောင်းတာပေါ့"

ချောစုရဲ့စကားကို ရေးချယ်က တက်ကြွစွာ ခေါင်းညိတ်ပြမိသည်။

"ငါကတော့ ဘာပဲဖြစ်ဖြစ် အဲဒီအလုပ်ကို အကောင်းဆုံးကြိုးစားပြီး လုပ်မယ်လို့ စိတ်ကူးထားတယ်။ ကိုယ့်အလုပ်လိုသဘောထားပြီး စွမ်းအားအပြည့်နဲ့လုပ်မယ်"

"အင်း ... ကောင်းတာပေါ့။ ဒါမှ အောင်မြင်မှာ၊ ကဲ ... ဒေါ်ရေးချယ် အလုပ်ရတဲ့ အထိမ်းအမှတ်နဲ့ သူ ချက်ကျွေးတဲ့ဟင်းလေးတွေကို အားပါးတရ စားကြတာပေါ့၊ ရေ ပြေးချိုးလိုက်ဦးမယ်"

မသူက ထိုင်ရာမှ အပြေးလေး ထထွက်သွားသည်။ ချောစုက ပါးစပ်မပိတ်နိုင်ဘဲ ပြုံးပန်းတဝေဝေ ဖြစ်နေသော ရေးချယ်ကို မေးဆတ်ကာ မေးလိုက်သည်။

"နင် ဘယ်တော့ အလုပ်စ,ဆင်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့် တနင်္လာနေ့၊ ယူနီဖောင်းဝတ်စရာတော့ မလို ဘူး။ ဒါပေမဲ့ လူကြီးတွေနဲ့ သွားတွေ့ရင်တော့ မြန်မာဝတ်စုံ လုံချည် ဖြစ်ရမယ်တဲ့ဟ"

ရေးချယ်သည် အဲဒီနေ့တွင် ဘာဝတ်သွားရမလဲ ဆိုတာကို စဉ်းစားရင်းပဲ အိပ်ပျော်သွားခဲ့သည်။

❤ ○ ❤





"မင်္ဂလာပါရှင်။ ရေးချယ်က Golden land အာမခံကုမ္ပဏီ ကပါရှင့်။ အာမခံထားဖို့ကိစ္စနဲ့ ပတ်သက်ပြီး ပြောချင်လို့ ပါ။ ဘယ်သူနဲ့များ ပြောလို့ရမလဲရှင့် ...

ဟုတ်ကဲ့ ... မမတို့ စက်ရုံတွေ စက်ပစ္စည်းတွေကို အာမခံထားဖို့အတွက် ရေးချယ် လာပြီးရှင်းပြချင်ပါတယ်။ အဲဒါ မမ အားမယ့်အချိန်လေးကို Appointment လုပ်ချင် ပါတယ်ရှင့် ...

ဟုတ်ကဲ့ ... ဒါဆိုရင် ရေးချယ် နောက်နှစ်ရက် လောက်နေရင် ပြန်ဆက်လိုက်ပါ့မယ်ရှင့်။ မမရဲ့နာမည် လေး တစ်ဆိတ်လောက် ပြောပေးပါလားရှင်။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က ဖုန်းပြောနေစဉ်တစ်လျှောက်လုံး အချိုသာဆုံးအပြုံးလေးဖြင့် အချိုသာဆုံးအသံဖြင့် ခေါင်းတညိတ်ညိတ်ပြောနေသော်လည်း ဖုန်းလည်းချပြီးသွားသောအခါ ဟူးခနဲနေအောင် သက်ပြင်းမောကို ထုတ်လွှတ်ပစ်လိုက်သည်။ အလုပ်ဝင်တာ တစ်ပတ်ရှိခဲ့ပြီ။ သင်ရင်း ပြုရင်းမှ အာမခံကုမ္ပဏီတို့၏ ထုံးစံအတိုင်း အာမခံထားမည့် တခြားကုမ္ပဏီတွေ စက်ရုံတွေကို လိုက်ဆက်သွယ်ရသည်။ ခုချိန်ထိ ဘယ်ကုမ္ပဏီကမှ ရေးချယ်ရဲ့ ကမ်းလှမ်းမှုကို လက်မခံသေးချေ။

ခဏနေသောအခါ သူဌေးက ရောက်လာရင်းမေးသည်။

"ဘယ်လိုလဲဟေ့ ... ရေးချယ်၊ Appointment ချိတ်လို့ရပြီလား"

"ဟို ... ဒီနေ့တစ်နေ့လုံး ကုမ္ပဏီအခုနှစ်ဆယ်လောက်ကို ဖုန်းဆက်ထားပါတယ်၊ အပွိုင့်မန့်တော့ မရသေးပါဘူး"

"အောင်သုခကုမ္ပဏီကိုရော ဆက်ပြီးပြီလား"





"ဟို ... အောင်သုခ၊ အဲ ... အဲဒါတော့ မဆက်ရသေးပါဘူး"

"အင်း ... နင်လည်း ဆက်ကြည့်ဦးပေါ့။ တခြားသူတွေလည်း ဆက်တော့ ဆက်နေတာပဲ။ အောင်သုခကုမ္ပဏီကတော့ နည်းတဲ့ account မဟုတ်ဘူးဟေ့။ ဒီကုမ္ပဏီကို အာမခံရအောင် လိုက်နိုင်တဲ့သူကတော့ တကယ်တော်တဲ့ Marketing သမား တစ်ယောက်ပဲ"

သူဌေးရဲ့စကားကို ရုံးမှ ဝါရင့်စာရင်းစစ် အပျိုကြီးဒေါ်ပြုံးက ဝင်ရောက်ထောက်ခံသည်။

"ဟုတ်တယ်နော် ဆရာ။ ရုံးက တစ်ယောက်ပြီးတစ်ယောက် ဒီလောက်ကြိုးစားနေတာ ခုထိကို မရသေးဘူး။ ကုမ္ပဏီကြီးဆိုတော့ အာမခံထားရင် Premiun တွေ အများကြီးသွင်းရမှာဆိုတော့ သူတို့လည်း စဉ်းစားနေမှာပေါ့လေ"

"အဲဒီ အောင်သုခကုမ္ပဏီဆိုတာ အကြီးကြီးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က စိတ်ပါဝင်စားစွာ မေးမိသည်။ စရောက်တည်းက တက်ကြွစွာ လုပ်ကိုင်ခဲ့သော်လည်း အခုချိန်ထိ အလုပ်ရယ်လို့ မယ်မယ်ရရ မဖြစ်သေးသဖြင့် စိတ်ဓာတ်ကျချင်နေသည်။

"အင်း … ကြီးတာပေါ့ ရေးချယ်ရဲ့။ သူ့ရဲ့လုပ်ငန်းတွေက အများကြီးပဲ။ သူ့ဧွေးကဖြင့် ငယ်ငယ်လေးရှိသေးတာ။ သူငယ်ချင်းသုံးယောက် စပ်တူပေါ့။ တို့ရုံးက ဖုန်းဆက်ရလွန်းအားကြီးလို့ ဦးသီဟနဲ့ ဦးညီညီကိုတို့တောင် တော်တော်ရင်းနှီးနေကြပြီလေ …

ဦးဘို သိုက် ဆိုတဲ့သူနဲ့သာ တစ်ခါမှ မတွေ့ကြရသေးတာ။ သူက Decision maker လေ"

"ဪ … သူက အဓိကပေါ့"

ရေးချယ်ရဲ့စကားအဆုံးမှာပဲ သူဧွေးထံမှ စကားသံထွက်ပေါ်လာသည်။





"ရေးချယ် … နင်လည်း အလုပ်ကို နည်းနည်းအာရုံစိုက်ပြီး လုပ်စမ်း။ ကုမ္ပဏီတွေကို ဒီလောက် ခဏ ခဏသွားတွေ့ရတာတောင် ခုထိ အဆင်မပြေသေးဘူးဆိုတော့ နင့်လုပ်ငန်းနဲ့ပတ်သက်ပြီး ဗဟုသုတနည်းလို့လား၊ ဒါမှမဟုတ် နင့်ရဲ့အပြောအဆို လိမ္မာပါးနပ်မှု မရှိလို့လား။ တစ်ခုခု လိုနေသေးလို့ နေမှာပေါ့ …

နင် သွားထားတဲ့ အပ္ပိုင့်မန့်တွေကို ကြည့်စမ်း။ လှိုင်သာယာ၊ ရွှေပြည်သာ၊ တောင်ဒဂုံ ဒီလောက်ဝေးတဲ့နေရာတွေ၊ ငါ့ဓာတ်ဆီဖိုးတွေ မနည်းဘူး ကုန်ထားတာ။ ဘာမှလဲ အကျိုးရှိမလာဘူး။ နင်က အခု အစမ်းခန့်ကာလပဲ ရှိသေးတယ်နော်၊ အတည်မခန့်ရသေးဘူး။ ဘာပဲဖြစ်ဖြစ် ငါနဲ့ဆက်ပြီး အလုပ် လုပ်ချင်သေးတယ်ဆိုရင် နင်ကြိုးစားပေါ့ …

ပြောတာ သဘောပေါက်လား"

"ဟုတ် … ဟုတ်ကဲ့ပါ သူဧွေး၊ ရေးချယ် ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ။ စောင့်ကြည့်နေတယ်ဆိုတာ သိထား"

သူ့ဖွေးက ချာခနဲ လှည့်ထွက်သွားလျှင် ရေးချယ်မှာ ပြုတ်ကျသွားသော စိတ်ဓာတ်များကို ကြမ်းပြင်ပေါ်မှ ပြန်လည်ကောက်ယူထားရလေသည်။ အင်း ... အကောင်းဆုံးကို မျှော်လင့်ထားပြီး လုပ်ခဲ့ပါရဲ့။ ဒါပေမဲ့ ထင်သလောက် ဖြစ်မလာသေး။ ထို့ကြောင့် ရေးချယ်၏အပူသည် မသူနှင့် ချောစုတို့၏အပူဖြစ်လာလေသည်။ အိမ်ရှေ့မှ အိမ်နောက်မနေသာ ဆိုသည့်အတိုင်း ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေသော ရေးချယ်ရဲ့ရုပ်သွင်ကိုကြည့်ကာ မေးရမြန်းရ အားပေးရ၏။

"ရေးချယ်ရယ် ... နင့်ရုပ်ကလည်း မျောက်အိုမကြီး ကားကြိတ်ခံထားရတဲ့မျက်နှာနဲ့။ ဘယ်လိုဖြစ်တာလဲ အစကတော့ အလုပ်ရပြီဆိုပြီး တက်ကြွတဲ့ ကြက်မ ... အဲ ... အဲလေ ..."

"တော်စမ်းပါ ချောစုရာ။ ငါ မရယ်နိုင်ဘူးနော် တကယ်ညစ်နေတာ"





ရေးချယ်ရဲ့စကားကြောင့် ကိုရီးယားကားစွဲနေသော မသူလည်း မနေသာတော့။ ရေးချယ်ဘက်သို့ လှည့်လာရတော့သည်။ သူတို့မှာလည်း ဒီသုံးယောက်လေးပဲ ဒီအချိန်လေး တစ်စုတစ်စည်းတည်း ရှိတာဆိုတော့ ဒီအချိန်လေးမှာပဲ ဆွေးနွေး နွေးထွေးရတာပင်။

"ဘယ်လိုဖြစ်တာလဲ ရေးချယ်ရဲ့။ ပြောတော့ အားမာန်အပြည့်နဲ့ ကြိုးစားမလေး ဘာလေးနဲ့ ဘာဖြစ်လို့ စိတ်ဓာတ်ကျချင်နေရတာလဲ"

"ဇဟုတ်ပါဘူး မသူရယ်။ သမီးက စိတ်ဓာတ်ကျတာလည်း မဟုတ်ဘူး။ လူပင်ပန်းလို့ ညည်းနေတာ မဟုတ်ဘူး။ အလုပ်များများ လုပ်ရရင် ပျော်တောင်ပျော်သေး။ ခုဟာက တစ်နေ့ တစ်နေ့ ဖုန်းဆက်ရတာလည်း ပါးစပ်တွေကိုညောင်းလို့။ အပွိုင့်မန့်လေးတစ်ခု ရဖို့ကို မနည်းကြိုးစားရတာ ...



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ရတာလည်း သူဌေး မရှိသေးလို့။ Rate များလို့၊ သူဌေးကို ပြောပေးမယ်လို့နဲ့တင် ပြီး,ပြီးနေတာ။ သမီးက ဘယ်လိုဆက်လုပ်ရမှာလဲ”

“အေးပေါ့ဟယ်။ ဒီနိုင်ငံမှာ သိပ်ခေတ်မစားတဲ့ အလုပ်ဆိုတော့လည်း လူတွေက အလွယ်တကူ ဘယ်လုပ်ချင်မလဲ။ ဒါကတော့ လုပ်ငန်းသဘာဝကြောင့်ပဲ”

“ငါလည်း အတတ်နိုင်ဆုံး ကြိုးစားနေတာပဲ။ ငါလေ သူတို့သိပ်ရချင်နေတဲ့ ‘အောင်သုခ’ ကုမ္ပဏီကြီးကို အာမခံ သိပ်ရချင်တာပဲ။ အဲဒီကုမ္ပဏီသာ ရလိုက်လို့ကတော့ သူဌေးရှေ့မှာ ခေါင်းမော့နေနိုင်မှာပဲ”

“နင် ဒီကုမ္ပဏီကို တကယ်လိုချင်တယ်ဆိုရင် ဒီတစ်ခုတည်းကိုပဲ Target ထားပြီး တစ်နည်းမဟုတ်တစ်နည်း နည်းပေါင်းစုံနဲ့ ရအောင်ကြိုးစားကြည့်ပေါ့”

“အေးနော် ... အဲလို တစ်ခုဆိုတစ်ခု Target ထားပြီးလုပ်တာ ပိုကောင်းမယ်နဲ့တူတယ်၊ အင်းပါ ... စိတ်ဓာတ်မကျတော့ပါဘူး ... Fighting ! ”





လက်သီးဆုပ်ကာ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးနေသော ရေးချယ်ကို မသူနှင့် ချောစုက ရယ်ရမလို ငိုရမလို မျက်နှာထားဖြင့် ပြန်ကြည့်ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ကိုရီးယားကားတွေ ကြည့်ထားတာ အဲဒီထဲကလို အရက်လိုက်သောက်ဖို့မှမဟုတ်တာ။ အလုပ်မှာ ဘယ်လောက်ပဲ အခက်အခဲ အတိုက်အခံတွေရှိရှိ ဘာကိုမှမမှုပဲ ခွဲနပဲနဲ့ ကြိုးစားရင်း အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ပဲ မဟုတ်လား။

❤○❤



www.burmeseclassic.com

www.burmeseclassic.com



၂

“အင်း ... ဟုတ်ပြီ၊ ကောင်းပါပြီ”

သီဟက ဖုန်းချပြီးနောက် ဒီဘက်သို့ ပြန်အလှည့် သူနဲ့ မျက်လုံးချင်းဆုံသွားသောအခါ သူ့ကို ပခုံးတွန့်ပြသည်။

“ဘာလဲ ... ဟိုအာမခံကုမ္ပဏီကပဲလား”

“ဟုတ်ပါ့ကွာ၊ အဲ့ကောင်မလေးကလည်း ဖွဲ့ကိုမလျှော့ဘူး။ ငါတို့နဲ့ မပြီးဘူး ပြောတာလည်း မင်းနဲ့တွေ့ခွင့်ရဖို့အရေး ကို တတွင်တွင် တောင်းဆိုနေတော့တာပဲ”

“အင်း ... အာမခံထားဖို့ဆိုတာ စဉ်းတော့စဉ်းစားကြည့် ရမှာပဲ။ အေးပေါ့လေ ... သူ ဘယ်လောက် ဖွဲ့ရှိနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့”





“ဖွဲ့ကတော့ ရှိတယ်ဟ။ အရင်တုန်းကမှ သူတို့ရုံးက တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျဆက်တာ။ အခု တခြားသူတွေ ဘယ်သူမှ မဆက်တော့ဘူး ...

အဲဒီကောင်မလေးတစ်ယောက်တည်းကပဲ ဒိုင်ခံပြီး ဆက်နေတာ။ ငါတို့နဲ့တောင် ခင်နေပြီ။ မင်းနဲ့သာ ငါတို့ က ပေးမတွေ့သေးတာ”

ညီညီ့စကားကို ဘိုးသိုက်က အပြုံးသဲ့သဲ့ဖြင့် ခေါင်း တစ်ချက်ဆတ်ပြလိုက်သည်။ တကယ်တော့ အောင်သုခကုမ္ပဏီ ကို ဘိုးသိုက်ရဲ့ငွေကြေးများစွာဖြင့် ရင်းနှီးတည်ထောင်ထားခြင်း ဖြစ်သည်။ ညီညီနှင့် သီဟက ရှယ်ယာတွေပါတယ် ဆိုသော်လည်း ဘိုးသိုက်ရဲ့တစ်ဝက်သော်မျှ မရှိချေ။ သူငယ်ချင်းနှစ်ယောက်ဟာ အရည်အချင်းလည်းရှိ အားလည်းကိုးရသောကြောင့် ဘိုးသိုက်က နေရာပေးကာ အောင်သုခကုမ္ပဏီကို တည်ထောင်ထားခြင်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ထားလိုက်ပါဦးကွာ။ စဉ်းတော့ စဉ်းစားနေပါတယ်။ အခုက မီးဘေးတွေ တခြားဘေးအန္တရာယ်တွေ ခဏ ခဏ ဖြစ်နေတာ။ အာမခံထားဖို့ သင့်တော့ သင့်တယ်"

"အင်း ... စက်ရုံတော့ ထားရမှာပဲကွ"

"အေးလေ ... ငါလည်း အဲဒါတစ်ချက် စဉ်းစားနေတာ"

သူတို့ စကားပြောနေတုန်းမှာပဲ တံခါးခေါက်သံက မြည်လာသည်။ တစ်လက်စတည်းဆိုသလို တံခါးက ပွင့်သွားပြီး ဝင်လာခဲ့သူက ဒီရုံးခန်းတွင်းသို့ တံခါးမရှိ ခါးမရှိ ဝင်ခွင့်ရသောသူ ဗူဗူပဲ ဖြစ်လေသည်။ ဗူဗူက အဲဒီလိုပဲဖြစ်သည်။ တံခါးခေါက်ရင်း ဝင်လာတာက သူမ အကျင့်ဖြစ်နေကာ ပြောလည်းဂရုမစိုက် သူမို့ ဘိုသိုက်သည်လည်း တားမရတော့ လွှတ်ပေးထားလိုက်ရသည်။

ဖြူဖွေးနေသော အသားပေါ်တွင် တက်တင်းကွက်ပန်းဆီရောင် ဝတ်လာသဖြင့် လိုက်ဖက်လှပနေသည်။ စကတ်





အနက်အတိုဖြင့် ဗူဗူရဲ့ပုံစံသည် တကယ့်ကို အထက်တန်းလွှာက မိန်းမပျိုတစ်ယောက်နှယ် ဝံ့ကြွားလှသည်။ တစ်ကိုယ်လုံးကို ဘရန်းဒက်တွေချည်း ဆင်မြန်းထားကာ လွတ်လပ်ပေါ့ပါးသော ဖက်ရှင်မျိုးတောင် မဝတ်ဘဲ တကယ့်ကို တော်ဝင်ဆန်ဆန် ဝတ်စားတတ်သူဖြစ်သည်။

"သုံးယောက်သား ဘာ Meeting လုပ်နေတာလဲ"

"ဪ ... ဒီလိုပါပဲ။ ထိုင်လေ မမဗူ"

"အင်း ... နေ့လယ်စာ အဆာပြေစားရအောင် ပုစွန်ကော်ပြန့် ဝယ်လာတယ်။ ကော်ဖီနဲ့ စားကြလေ"

"ဗူဗူရော စားပြီးပြီလား"

"ဘယ်စားရဦးမှာလဲ၊ တူတူစားမယ့်ဟာကို။ ကိုသီဟနဲ့ ကိုညီညီအတွက်ရော ဝယ်လာတာနော်"

"ဟုတ်ပါပြီ၊ ကျေးဇူးပဲ အပြင်မှာ စားလိုက်မယ်"

ညီညီနှင့် သီဟက သူ့ကို မျက်လုံးနဲ့စကားပြောပြီး အခန်းထဲမှ ထွက်သွားကြသည်။ အလိုက်တသိ ရှောင်ပေး



www.burmeseclassic.com

www.burmeseclassic.com

ကြတယ် ဆိုသောသဘော။ သူကတော့ အဲဒါမျိုးမဖြစ်စေချင်ပါ။ ဒါပေမဲ့ ခေါင်းကြီးကျယ်က အဲဒီလိုလူတွေရှိနေလျှင် သိပ်မကြိုက်တတ်ချေ။ သူတို့မိဘတွေ ချမ်းသာကြွယ်ဝတယ် ဆိုတာက အောက်ခြေက တက်လာတာမျိုးမို့ လူတိုင်းနှင့် လိုက်လျောညီထွေ ရှိတတ်သော်လည်း ဇူဇူတို့က အဲဒီလိုမဟုတ်ချေ။

ဇူဇူသည် ဆွေကြီးမျိုးကြီး၊ ရာထူးရာခံကြီးသော အသိုင်းဝန်းမှာ ငယ်ငယ်လေးတည်းက နေထိုင်လာရသူ ဖြစ်တာကြောင့် လူတွေအပေါ်မှာ ခွဲခြားဆက်ဆံချင်သည်။ သူမကို အရေးလုပ် ဖူးဖူးမှုတ်ထားသော အသိုင်းဝန်းမှာ ကြီးပြင်းလာရသောကြောင့် တော်ရုံလူကို လူမထင်တတ်ပေ။ ဒါပေမဲ့ တည်ကြည်ကာ အေးအေးဆေးဆေးနေတတ်သော သူ့ကိုတော့ ဇူဇူက ရိုန်သည်။ ဒါတောင် ပြောဆိုဆက်ဆံသောပုံစံတွေက ပိုင်စိုးပိုင်နင်းဆန်သေးသည်။ ဒီလောက်တော့ ထားလိုက်ပါမယ်လေဟု စိတ်လျှော့ထား၍သာ သူက ဘာမှဝင်မပြောတော့ခြင်းဖြစ်၏။

"ဒီနေ့ ဘာတွေထူးလဲ"





"အင်း ... ပုံမှန်ပါပဲ"

"ဗိုက်မဆာဘူးလား"

"ဆာတယ်လည်း မဟုတ်ပါဘူး။ အင်းပေါ့ ... ကော်ဖီလေးနဲ့ ကော်ပြန့်ကြော်လေး စားရင်တော့ ကောင်းမှာပါ"

သူ ဒီလိုပြောမှပဲ ဇူဇူက ပြုံးကာ ကြည့်တော့သည်။ အဲဒီအချိန်မှာပဲ တံခါးခေါက်သံနှင့်အတူ သူ့ရဲ့စက္ကရီတေရီကောင်မလေးက ဝင်လာသည်။ အဲဒီနောက်မှာတော့ ကော်ဖီပန်းကန်နှင့် မုန့်ပါသော လင်ပန်းကို သယ်ဆောင်လာသည့် ဝန်ထမ်းကောင်မလေးတစ်ဦးက သူတို့ရှေ့သို့ လင်ပန်းကို ရိုရိုသေသေ ချပေးသည်။

"ကျော်ကိုကိုရေ ... ကိုရီးယားကဝင်မယ့် ဖက်စ်ကို တစ်ချက်စစ်ကြည့်ဦးနော်။ ဝင်လာတာနဲ့ ပရင့်ထုတ်ပြီးယူလာပေး"

"ဟုတ်ကဲ့ ဆရာ။ ခွင့်ပြုပါဦး"

"အိုခေ ... ပြီးမှတွေ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ပြန်ထွက်သွားချိန်ဝယ် သူက ပန်းကန်ထဲမှ ကောက်ပြန့်တစ်ခုကို တူနှင့်ညှပ်ကာ အချဉ်ရည်ဖြင့် တို့ပြီးနောက် ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။ အရသာတော့ ရှိလှပေသည်။ ပြီးတော့ ရှုရှုက သူ ဒီလိုအားပေးမှ ကြိုက်တာ မဟုတ်လား။

"ကောင်းလား"

"အင်း ... ကောင်းတာပေါ့။ နဂိုတည်းက ကောင်းပြီးသားဟာကို၊ ရှုရှု့စေတနာနဲ့ ပေါင်းလိုက်တော့ အရမ်းကောင်းသွားတာယ်"

သူ့စကားကို ရှုရှုက မသိမသာ မျက်စောင်းထိုးသော်လည်း အကျေနပ်ကြီး ကျေနပ်နေတယ်ဆိုတာ အသိသာပဲ ဖြစ်ပါသည်။

"စားလေ ရှု"

"နွဲ့ကျွေးလေ"

"အင်း"





ရှုရှုက အဲဒီလိုပဲဖြစ်သည်။ သူမက စိတ်ကူးပေါက်လျှင်လည်း ခွံ့ကျွေးတတ်သလို သူ့ကိုလည်း ကျွေးခိုင်းတတ်သည်။ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးဟာ ဘယ်လိုသွားနေလဲ ဆိုတာတော့ သူကိုယ်တိုင်လည်း သေချာမခံစားမိတဲ့ကိစ္စပဲ ဖြစ်တော့သည်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ခုတိုင်းတော့ အားလုံးအဆင်ပြေနေတာပဲ မဟုတ်လား။

သူက ပုစွန်တစ်ဖတ်ကို တူနှင့်ညှပ်ပြီးနောက် ဆော့နင့်တို့ကာ ရှုရှုရဲ့ပါးစပ်ဆီသို့ ခွံ့ကျွေးလိုက်သည်။ ရှုရှုက ဝါးပြီးသွားတော့မှ ...

"ဒီတစ်ပတ် ဆန်ဒေး ဘို ဘာအလုပ်ရှိလဲ"

"အင်း ... ခုထိတော့ လမ်းရှင်းဆဲပဲ။ ဘာလုပ်ချင်လို့လဲ ရှု"

သူက မေးရင်းမှ ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။ ခါးဆိမ့်မွှေးပျံ့သော ကော်ဖီရနံ့က နှာဝမှာ လာရိုက်ခတ်သောကြောင့် အနံ့ကိုပါခံစားရင်း တစ်ငုံ ငုံလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ထမင်းလာစားပါလားလို့။ ဒါမှမဟုတ် ထမင်းမစားချင်လည်း တစ်ခုခုပေါ့၊ အိမ်မရောက်တာလည်းကြာပြီမဟုတ်လား။ မေမေကတောင် မေးနေတယ်"

"အင်း ... မနက်လား ညဘက်လား"

"ရတယ်။ အဲဒါကတော့ ဘို feel လာရာပဲ"

"အင်း ... ကြာဆံချက် စားမယ်လေ။ မှုတို့အိမ်က ကြာဆံချက်က ရှယ်ပဲဟာ။ ကြာဆံချက်ဆိုတော့ ခဏခဏလည်း စားလို့ရတယ်"

"ပြီးရော ... ဒါဆို အဲဒါပဲ ချက်နိုင်းလိုက်မယ်"

"အင်း ... ကောင်းပါတယ်။ မနက် ဆယ်နာရီလောက် လာခဲ့မယ်လေ၊ ဖြစ်တယ်မှုလား"

"ရပါတယ်၊ စောင့်နေလိုက်မယ်"

မှုမှုက ပြောပြီးနောက် ကော်ဖီကို တစ်ငုံမော့သည်ပြီးတော့ သူ့ကို အဓိပ္ပာယ်တစ်ခုခုပါသော အကြည့်မျိုးဖြင့်ကြည့်လေသည်မို့ သူကလည်း မျက်ခုံးပင့်ပြီး ပြန်ကြည့်မိသည်။ ဘာပြောချင်တာလဲ ဟူသော သဘော။





"ဘို ခရီးလေး ဘာလေး မထွက်ချင်ဘူးလား"

"ဘာစိတ်ကူးပေါက်ပြီး မေးတာလဲ။ အလုပ်တွေမှ မအားဘဲ မှုရယ်"

"အဲဒီအလုပ်တွေက ဘယ်တော့မှ အားမှာလဲ။ အမြဲတမ်းပဲ မအားဖြစ်နေတော့တာပဲ မဟုတ်ဘူးလား"

"အင်း ... အားပါတယ်။ ဆန်းဒေးလေ"

"ဟင်း ... ဒါတောင် မှုက အပြည့်အဝ အနားယူဖို့ ပြောထားလို့ မဟုတ်လား။ ဒီအချိန်က ခရီးသွားလို့ သိပ်ကောင်းတယ် မဟုတ်လား ..."

မေမေက အထက်မြန်မာပြည် ဘုရားဖူးခရီး ထွက်ချင်လို့တဲ့။ ပုဂံ၊ မန္တလေး၊ မကွေး အစုံပေါ့။ အဲဒါ မှုပါ လိုက်သွားမှာ၊ ဘိုရော လိုက်ခဲ့လေ"

"အင်း ... မှုတို့က ကြာမှာပေါ့"

"ကြာတာတော့ ကြာမှာပေါ့။ အေးအေးဆေးဆေး ဘုရားဖူးထွက်မယ့်ဟာပဲ။ ဘိုလည်း လိုက်ခဲ့ကွာ တူတူသွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ … လိုက်ချင်တာပေါ့ ရှုရယ်၊ ကိုယ်လည်း ခရီးထွက်ရတာ ဝါသနာပါတာပါပဲ။ ဒါပေမဲ့ ဒီကအလုပ်တွေက နှစ်ရက်လောက်တောင် ပစ်ထားလို့ရတာမှ မဟုတ်တာ …

ကဲပါ … ရှုပဲ အေးအေးဆေးဆေးသွား။ ကိုယ့်အစား ပိုပြီးပျော်ခဲ့၊ ဟုတ်ပြီလား"

"ဟွန်း … ဒါပဲ။ သူမကလည်း ဒီအလုပ်တွေကိုပဲ ဖက်ဘွယ်နေတယ်။ လူ့ဘဝလေး ရောက်လာတာ စိမ်ရှိရှိနဲ့ အေးအေးဆေးဆေးနေမယ် မရှိဘူး"

"ဪ … ရှုတို့လို မွေးတည်းက ချမ်းသာတဲ့သူမျိုးမှ မဟုတ်တာ။ ပြီးတော့ အလုပ်ဆိုတာ ကိုယ်က အချိန်ပေးမှလည်း အောင်မြင်တာမျိုးလေ …

ဒါတောင် ကိုယ်က အလုပ်ထဲပဲ ခေါင်းနစ်နေတဲ့သူမျိုး မဟုတ်ပါဘူး။ အလုပ်များတာ မှန်ပေမယ့် ကိုယ့်အတွက် ကိုယ်ပိုင်အချိန်ဆိုတာလည်း သီသန့်ထားတာပဲ





လေ။ စာဖတ်တဲ့အချိန်၊ အားကစားလုပ်တဲ့အချိန် အားလုံး စနစ်တကျပါပဲ ရှုရဲ့"

သူ့ရဲ့အပြောကို ရှုရှုက ဟုတ်ပါပြီဟူသော သဘောဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ကော်ဖီကို မော့်သည်။ ကော်ဖီမော့်သောက်ပုံကအစ အဆင့်အတန်းရှိစွာ ကြော့မော့စမတ်ကျနေသော ရှု့ကိုငေးရင်း ဒီမိန်းကလေးဟာ တစ်နေ့ ငါပိုင်ဆိုင်ရမယ့် မိန်းကလေးပါလားဟု တွေးမိသည်။ အဲဒီအတွက် ကျေနပ်ခြင်းတစ်ခုက စိမ့်ဝင်လာတာကလွဲလို့ သူ့မှာ တခြားခံစားချက်ကြီးကြီးမားမားတော့ မရှိပါ။ ရှုနဲ့တွဲသွားလေတိုင်း၊ သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ အားကျငေးမောချီးကျူးခံရလျှင် အဲဒါကို သာယာသောစိတ်တစ်ခု ဖြစ်မိသည်။ ဪ … ငါ ကံကောင်းတာပဲဟု တွေးမိကာ စိတ်ကျေနပ်မှုရတာ ဖြစ်ပါသည်။

သူ့အတွက် အသင့်တော်ဆုံး တွဲဖက်ကောင်းအဖြစ်လည်း ရှုရှု့ကို မှတ်ယူလို့ ထားခဲ့သည်။ သူသည်လည်း ကြည့်ကောင်း ချောမောသော ယောက်ျားတစ်ယောက်မို့ နှစ်သက်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျသော မိန်းကလေးတွေ ရှိသလို စုစုကလည်း ဆွဲဆောင်မှုရှိသူ တစ်ယောက်မို့ သဘောကျသူတွေ လိုချင်သူတွေ များပေမယ့် သူတို့နှစ်ယောက်ကလည်း ဘယ်သူ့ကိုမှ ထပ်စိတ်မဝင်စားတော့ချေ။ အဲဒါကိုက သူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုက လေးနက်သလားတော့ မပြောတတ်တော့ပါ။

"စုတို့ ဘယ်တော့ ခရီးထွက်မှာလဲ"

"နောက်တစ်ပတ်ထဲလောက် ဖြစ်မယ် ထင်တယ်။ အမေရိကားက နှုညီမဝမ်းကွဲနှစ်ယောက်လည်း လိုက်မှာဆိုတော့ သူတို့လာတာနဲ့ သွားမှာပဲ"

"ဪ ... ဒါနဲ့များ ကိုယ့်ကို လိုက်စေချင်နေသေးတယ်။ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်ပဲ သွားပါ စုရယ်"

"ဪ ... ဘို့ကိုလည်း လိုက်တော့ လိုက်စေချင်သေးတာပေါ့"

"အင်းပါ။ စေတနာကို အသိအမှတ်ပြုပါတယ်ဗျာ။ ဓာတ်ပုံတွေသာ များများရိုက်ခဲ့ ဟုတ်ပြီလား"





"အင်း ... ရိုက်ခဲ့မယ်၊ ဒါမှ ဘိုလည်း ခရီးသွားချင်စိတ်ပေါ်လာအောင်"

သူက ခေါင်းတဆတ်ဆတ်ပဲ ညိတ်နေမိတော့ကာ ဘာမှ ပြန်မပြောမိတော့ချေ။ လောလောဆယ်မှာတော့ ခရီးထွက်ဖို့ကိုလည်း သူ သိပ်စိတ်မဝင်စားသေးပါ။ သူ့လက်ရှိဘဝလေးထဲမှာပဲ ပျော်မွေ့ရင်း ဘဝကို ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းနေသူဟု သူ့ကိုယ်သူ သတ်မှတ်ထားလေ၏။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



၃

သူများတွေ တွေ့ရင်တော့ ရယ်ကြမည်ထင်သည်။ သို့သော်လည်း လူဆိုတာက ကိုယ့်ယုံကြည်မှုနှင့်ကိုယ်ပဲ မဟုတ်လား။ ဘုရား သိကြားမ,လို့ အဲဒီအစ်ကိုကြီးက ရေးချယ်ကို ကူညီပေးနိုင်ပါစေ။ ရေးချယ် အကောင်အထည်ဖော်မည့် အစီအစဉ်လေး အဆင်ပြေနိုင်ပါစေ။ ရေးချယ်သည် ဖုန်းမဆက်မီ လက်နှစ်ဖက်ကို ယှက်သိုင်းကာ တိုးတိုးလေး ဆုတောင်းပြီးတော့မှ အောင်သုခကုမ္ပဏီရဲ့ ရှယ်ယာဝင်တစ်ဦးဖြစ်သော ကိုသီဟရဲ့ဖုန်းကို ခေါ်လိုက်သည်။





ဖုန်းမြည်သံ သုံးချက်အဆုံးမှာ တစ်ဖက်က ဖုန်းဖွင့်ကာထူးသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"ကိုသီဟလားရှင့်။ ညီမက အောင်သုခကုမ္ပဏီက ရေးချယ်ပါ"

"အော် ... ရေးချယ်။ ပြော"

"ဟိုဟာပါ အစ်ကို။ ရေးချယ်လေ အစ်ကိုတို့ရဲ့ leader နဲ့ တွေ့ခွင့်ရဖို့လေ ... အဲဒါ"

"အင်း ... ရေးချယ်ရယ်။ ညည်းကတော့ ဖွဲ့ဆုပေးရတော့မယ်နဲ့တူတယ်။ ခက်တာက ဘိုသိုက်က အာမခံထားဖို့ကို သိပ်စိတ်မဝင်စားဘူး ဖြစ်နေတယ်"

"ရပါတယ် ကိုသီဟ။ ရေးချယ်လေ သူနဲ့ ခဏပဲတွေ့ပြီး စကားပြောခွင့် ရချင်တာပါ။ သူ စိတ်ဝင်စားအောင် ရှင်းပြချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းနဲ့တော့ ခက်နေပါပြီ။ ဘယ်လိုတောင် လုပ်ပေးရမှန်း မသိတော့ပါလား"

"ဒီလိုလုပ်ပါလားဟင်။ ကိုသီဟ ကူညီနိုင်တာ ရှိပါတယ်။ ကူညီပါနော်၊ ကူညီမယ် မဟုတ်လားဟင်"

"ဩော် ... ပြောဖြင့် မပြောရသေးဘဲနဲ့။ ပြောကြည့်ဦးမှ ပေါ့"

"ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ကိုမင်းဘိုသိုက်ရဲ့ g-mail ရယ်၊ နောက် သူ့မွေးနေ့လေးရယ် အဲဒါပဲ သိချင်တာပါ"

"အမယ်လေး ... ဘာတွေများ ဆန်းတပြားပြား လုပ်ဦးမှာလဲ မရွှေချောရယ်။ ကဲပါ ဒီလောက် ဖွဲကောင်းနေတော့လည်း ပြောရတော့မှာပေါ့ ...

ဘိုသိုက်ရဲ့ g-mail က Bothke 82 ။ မွေးနေ့က တော့ တိုက်တိုက်ဆိုင်ဆိုင် သန်ဘက်ခါတဲ့လေ။ ကဲ ... ရပြီလား အမိ"





ရွှေချောသည် သိချင်တာတွေကို ဒီလောက်လွယ်လွယ်ကူကူ သိရလိမ့်မည်ဟု ထင်မထားသဖြင့် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာသွားရသည်။ ကြည့်စမ်း ...။ မွေးနေ့ကလည်း ပွတ်ကာသီကာ သန်ဘက်ခါ ဆိုပါလား။ တော်သေးတာပေါ့ ဒီနေ့ တနင်္လာနေ့ ရုံးဖွင့်ဖွင့်ချင်း ဆက်လိုက်မိပေလို့။

"ကျေးဇူးအများကြီး တင်ပါတယ်။ တကယ်ပါ ကျေးဇူးအရမ်းကို တင်ပါတယ် ကိုသီဟ"

"အင်းပါ ... ဒါနဲ့ g-mail တွေ မွေးနေ့တွေ သိရတော့ ဘာလုပ်မှာလဲ။ ဒါလည်း မားကက်တင်း တစ်မျိုးပဲလား ဟ"

"ဟင် ... ဟင် ... ဒါတော့ ငွေရောင်ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားပါရှင်"

"အင်းပါ ... ပြီးတာပါပဲ။ အိုခေ ... အိုခေ ... ဆီးယူ"

"ဟုတ်ကဲ့။ ကျေးဇူးအများကြီး တင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က ဖုန်းချပြီးလျှင် လက်သီးကိုဆုပ်ကာ ကျေနပ်စွာ ပြုံးမိသည်။ ကဲ ... သိချင်တာတွေတော့ သိရပြီ။ မွေးနေ့လက်ဆောင်ကို ဘာပေးမလဲ စဉ်းစားစမ်း သူက သူဌေး ဆိုတော့ တန်ဖိုးကြီးတာတွေ စိတ်ဝင်စားမှာမဟုတ်။ ကိုယ်တိုင် လည်း အရမ်းဈေးကြီးတာတွေဆိုလျှင် မတတ်နိုင်ချေ။ ဒီတော့ အဓိပ္ပာယ်ရှိတဲ့ မွေးနေ့လက်ဆောင်လေးအဖြစ် ဘာပေးရမလဲ။

စဉ်းစားစမ်းပါ ငါ့ ဦးနှောက်ကြီးရယ်။ ကြည့်ဖူးခဲ့ တဲ့ ကိုရီးယားကား၊ ဂျပန်ကား၊ ကုလားကား ဘယ်ကားတွေထဲ မှာ ရိုမန့်တစ်ဖြစ်စေတဲ့ လက်ဆောင်ပေးတာမျိုးလေးတွေ ပါတတ် သလဲ။ ရေးချယ်က ခေါင်းကိုထုရင်း ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားကြည့်မိသည်။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်အတိုင်း ဦးနှောက်ထဲတွင် ဖျတ်ခနဲ အလင်းပွင့်လာသည်။ ကြည့်ခဲ့ဖူးသော ဂျပန်ကားလေးတစ်ကား။ တော်တော်တောင် ကြာခဲ့ပြီ။

ဒါပေမဲ့ မှတ်မိနေတုန်းပဲဖြစ်သည်။ ရေးချယ်သည် သိပ်တွေတွေထူးထူး မစဉ်းစားတော့ဘဲ အိတ်ကို ဖျတ်ခနဲ ဆောက်





လွယ်ကာ မတ်တတ်ထရပ်မိသည်။ ပြီးတော့ မန်နေဂျာဒေါ်ပြုံးထံ အလုပ်ကိစ္စဖြင့် အပြင်သွားမည်ဖြစ်ကြောင်း အသိပေးလိုက်လေ သည်။ အပြင်သွားစရာရှိသော်လည်း ပစ္စည်းလေးဝယ်ဖို့အတွက် အချိန်နည်းနည်းယူကာ ကြိုထွက်ရမည်ဖြစ်သည်။

ရေးချယ်သည် အဲဒီပစ္စည်းလေး ဘယ်မှာရောင်းတယ် ဆိုတာကို သိနေသောကြောင့် ရှော့ပင်းမောလ်ကြီး တစ်ခုသို့ ရောက်လာခဲ့သည်။ တန်းတစ်တန်းမှာ အစီအရီတင်ထားသော ထိုအရာလေးများကိုကြည့်ရင်း စိတ်မှာ ကြည်နူးရွှင်ပျလာသည်။ အင်း ... ကိုယ်တောင် သဘောကျနှစ်ခြိုက်ရသေးတာပဲ။ လက်ခံ ရရှိမယ့်သူမှာလည်း အနည်းငယ်တော့ သဘောကျသွားပြီ ဆိုရင် ကို ရေးချယ်တို့ ဦးနှောက်စားရကျိုး နပ်လေပြီ။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



၄

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး နိုးထလာသော နံနက်ခင်းမျိုးကို ဘဝမှာ ဘယ်နှခါလောက် ပိုင်ဆိုင်ဖူးပါသလဲ။ သူကတော့ ဘဝရဲ့နေ့တိုင်းနီးပါးလိုလို ပိုင်ဆိုင်ခဲ့ရသည်။ ဒါပေမဲ့ ဒီမနက်ကတော့ ခါတိုင်းနေ့တွေထက် ထူးခြားနေသည်ဟု ထင်မိသည်။ ထူးခြားဆို ဒီနေ့က လူ့မွေးနေ့ကိုး ...။ အင်း ... ဘာလိုလိုနဲ့ အသက်တစ်နှစ်ကြီးသွားပြန်ပြီပေါ့ဟု တွေးကာ သူက အိပ်ရာထဲမှ ထလိုက်သည်။

ခန်းဆည်းစကို ဆွဲဖယ်လိုက်သောအခါ နေခြည်နုသစ်က သူ့အခန်းထဲသို့ လင်းချင်းစွာ ဖြာကျလာသည်။ သူက နံနက်





ခင်းရဲ့ တက်ကြွသောရောင်ခြည်ကို တရှိုက်မက်မက် ခံယူပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကော်ဖီဝိုင်းတွင် သူ့အမေကို ရွှင်လန်းသောအနေအထားဖြင့် တွေ့ရသည်။

"မောနင်း မေမေ"

"အေး ... သားလေး။ မောနင်း ... ဟက်ပီးဘတ်ဒေးသား"

"သင့်ခ်ယူ မေမေ။ ဖေဖေရော ပြန်မလာသေးဘူးလား"

သူ့အဖေက မနက်တိုင်း စောစောထကာ ဂေါ့ဖ်ရိုက်တတ်သူဖြစ်သည်။ သူက မစိန် လာငှဲ့ပေးသော ကော်ဖီကို တစ်ငုံ့ငုံလိုက်ရင်း သူ့အမေကို ကြည့်လိုက်သည်။

"အင်း ... မလာသေးဘူး။ ကဲ ... သားအတွက် စပါယ်ရှယ် **Breakfast** မေမေကိုယ်တိုင် ထိုးထားတဲ့ ဆီထမင်း၊ ဒါက ငါးရဲ့ခြောက်ဖုတ်လေး"

"အိုခေ ... မိုက်တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"စား ... စား ... သားလေး"

"စားမှာ များများကိုစားမှာ။ ပြီးရင်တော့ မေမေ့ဖြေဆေးသောက်လိုက်ရုံပဲ"

"အင်း ... ဟုတ်ပါပြီ။ ဒါနဲ့ ဒီနေ့ သား ဘာအစီအစဉ်တွေရှိလဲ"

"ထူးထူးခြားခြားတော့ မရှိပါဘူး မေမေ။ မနက်ကတော့ ရုံးတက်ပေါ့။ ညနေဘက်တော့ စောစောပြန်လာမယ်။ ရှုနဲ့ ဒင်နာသွားစားမယ် ...

အိမ်ပြန်ရောက်ရင် ဖေဖေနဲ့မေမေကို ကန်တော့မယ်လေ"

"အင်း ... ကောင်းပါရဲ့။ ရှုရှုနဲ့ရော အဆင်ပြေတယ်မဟုတ်လား သား"

"ပြေပါတယ် မေမေ။ သူတောင် သူ့အမေနဲ့ ရှေ့အပတ်ထဲလောက် အထက်မြန်မာပြည် ဘုရားဖူးခရီး ထွက်မလို့တဲ့။ နိုင်ငံခြားက သူ့ညီမဝမ်းကွဲတွေနဲ့ရော"





"အင်း ... ဒီအချိန်က ခရီးသွားလို့ ကောင်းပါတယ်။ ဒါနဲ့ သားကို မေမေ မေးမယ် မေးမယ်နဲ့ မမေးဖြစ်သေးတာ။ သားနဲ့ ရှုရှုက ဘယ်လိုလဲ"

"ဘာကိုပြောတာလဲ မေမေ"

"သား သူ့ကို လက်ထပ်ဖို့ ရည်ရွယ်ထားသလား"

အဲဒီစကားကို သူ ချက်ချင်းပဲ ပြန်ဖြေခဲ့ပါသည်။ ဆီထမင်းကို တစ်ခွန်းခပ်စားကာ အရသာရှိလှတာကို သတိပြုရင်းမှ ပြန်ဖြေခဲ့သည်။

"ရည်ရွယ်ထားပါတယ် မေမေ။ လူ့ဘဝမှာ မနက်ဖြန်ဘာဖြစ်မယ်ဆိုတာ ကြိုမသိနိုင်တော့ 100% တော့ သား မပြောတတ်ဘူးပေါ့ ...

ဒါပေမဲ့ ရှုရှုဟာ သားရဲ့ လက်တွဲဖော်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ သား ထင်တယ်။ ခုချိန်ကတော့ သားတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် လေ့လာအကဲခတ်နေကြတဲ့ အချိန်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“အင်း … အကဲခတ်တယ် ဆိုရင်လည်း သေချာလေ့လာပြီး ဆုံးဖြတ်တော့ပေါ့။ ကြာကြာတွဲတော့လည်း မိန်းကလေးဘက်က နစ်နာတယ်လေ။ သားလည်း အထိုက်အလျောက်တော့ ထိခိုက်မှု ရှိမှာပဲ။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် တကယ်သဘောကျပြီ ဆိုရင်လည်း မေတို့က စေ့စပ်တာပဲဖြစ်ဖြစ် လုပ်ပေးချင်တယ် …

အဲလိုလေး လုပ်ထားရင် ကောင်းမယ်ထင်တယ်”

“အင်း … ကောင်းပါတယ်။ ဒါပေမဲ့ နည်းနည်းစောပါသေးတယ် မေမေရယ်၊ ပြီးတော့ သားနဲ့ ရှုရှုနဲ့ကလည်း အဲဒီလောက်ကြီး တွဲနေတာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ တစ်ပတ်မှာ နှစ်ခါလောက်ပဲ တွေ့ဖြစ်တာမျိုးပါ …

ပွဲတွေ ဘာတွေလဲ တူတူတွဲတက်တာမျိုးမှ မရှိတာပဲ မေမေရယ်။ သားလည်း ကိုယ့်သိက္ခာ သူ့သိက္ခာငဲ့ပြီးအရမ်းကြီးတွဲနေတာမျိုး မရှိပါဘူး”





“အေးပါ … သားကို မေမေ ယုံပါတယ်။ အေးပေါ့လေ သားတို့ ဒီ့ထက်ပိုပြီး Close ဖြစ်တဲ့အချိန် ရောက်ရင်တော့ တစ်ခုခု စီစဉ်ကြတာပေါ့ …

ကဲ … စား … စား”

သူက မေမေ့လက်ရာ Breakfast ကို အားပါးတရ အားပေးပြီးနောက် အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ ချက်ချင်းရေမချိုးသေးဘဲ ဒီနေ့ထွက်သော ဂျာနယ်တစ်စောင်ကို တိုမြည်းဒီမြည်း နည်းနည်းပါးပါး မြည်းပြီးတော့မှ ရေချိုးကာ ရုံးသွားဖို့ ပြင်ဆင်သည်။ ရုံးဝတ်သည့် အဝတ်အစားကတော့ ဂျင်း(န်)ဘောင်းဘီမှလွဲ၍ ယောကျ်ားဝတ်ပန်အမျိုးမျိုးကို Fitting Shirt တွေနှင့် တွဲဝတ်တာများလေသည်။ လူကြီးပုံလည်းမဟုတ်၊ လူငယ်ပုံလည်း မဆန်သော ဆံပင်ပုံစံမျိုးနှင့် ဘရန်းဒက်အဝတ်အစားတွေ ဝတ်တတ်သော သူ့စတိုင်လ်ကိုတော့ ရှုက အမှတ်အပြည့်ပေးသည်ဟု ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြီးသတ်အနေဖြင့် သူက သုံးနေကျရေမွှေးကို ဆွတ်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ ရုံးသွားတော့မည်ဖြစ်သည်။ ဂေါ့ဖ်ရိုက်ရာမှ ပြန်ရောက်လာသော သူ့အဖေနှင့်အမေကို နှုတ်ဆက်ကာ ပေါ်တီကိုအောက်မှာ အဆင်သင့်ရပ်ပေးထားသော ကားပေါ်တက်ပြီး မောင်းလာခဲ့သည်။ အောင်မြင်သော စီးပွားရေးကို ဦးဆောင်နေပေမယ့်လည်း ကားကို ကိုယ်တိုင်မောင်းဖို့ပဲ စိတ်ဝင်စားသောကြောင့် သူက ဒရိုင်ဘာမထားဖြစ်ပါ။

သူ ရုံးသို့ရောက်သောအခါ သူ့ရဲ့စက္ကရီတေရီကောင်လေးက ပါဆယ်ထုပ်လေးတစ်ထုပ်ကို စားပွဲပေါ်သို့ လာတင်ပေးသည်။

"ဘာလဲကွ ကျော်ကိုရ"

"ဆရာ့အတွက်တဲ့ဆိုပြီး မိန်းကလေးတစ်ယောက် လာပေးသွားတာ။ အောက်ကဂိတ်မှာ ပေးခဲ့တာပါ။ ကျွန်တော့်ဆီကို လာပို့ထားလို့"

"မိန်းကလေးတစ်ယောက် ! "



သူက သံယောင်လိုက်ပြီးနောက် မျက်ခုံးပင့်မိသွားသည်။ မိန်းကလေးတစ်ယောက်ဆိုတာနဲ့ ရူရူ့ကို ပြေးမြင်မိသော်လည်း ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဟု ချက်ချင်းပဲ တွေးမိသည်။ ရူရူကတော့ ဂိတ်မှာလာပေးမည် မထင်။ ညကျမှပဲ သူနဲ့ဒင်နာစားရင်း မွေးနေ့လက်ဆောင်ပေးမှာဖြစ်သည်။ ပြီးတော့ ရူရူက ဒီလိုအထူးအဆန်းတွေလည်း သိပ်လုပ်တတ်သူ မဟုတ်ပါ။

သူက ထွေထွေထူးထူး သိပ်စဉ်းစားမနေတော့ဘဲ ဖွင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"အေး … သွားလို့ရပြီ ကျော်ကိုကို"

"ဟုတ် … ဆရာ။ ပြီးရင် ကျွန်တော် ဆိပ်ကမ်းသွားဖို့ ရှိပါတယ်။ အဲဒါ တစ်ခါတည်း သွားလိုက်ရမလား"

"အေး … သွားလိုက်လေ။ ပြီးမှ ငါ့ကို လာတွေ့လိုက်"

"ဟုတ်ကဲ့ ဆရာ။ ခွင့်ပြုပါဦး"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကို ထွက်သွားတာနှင့် သူက ပါဆယ်ကိုဖွင့်ကြည့်လိုက်သည်။ ဘူးလေးကို ဖွင့်လိုက်သောအခါ အထဲမှာထွက်လာတာက ချစ်စဖွယ်ကောင်းသော ရွှေလာဝေလာဂမုန်းအပင်ပျို့နုလေးပဲ ဖြစ်လေသည်။ အပင်လေးကို မြင်ရသော သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိချေ။ အံ့သြတာလည်း ပါသလို နှစ်သက်သဘောကျတာလည်းပါသည်။ သူ့မွေးနေ့နံနက်မှာ စိမ်းလန်းနုပျို့သော သစ်ပင်ပျိုလေးကို တွေ့လိုက်ရတာ ကျက်သရေမင်္ဂလာရှိသည်ဟုလည်း ထင်ပါသည်။

သူက အပင်လေးမှာ ချိတ်ဆွဲထားသော ကတ်ပြားလေးကို ဖွင့်ဖတ်ကြည့်လိုက်လျှင် ...

"HAPPY GIRTHDAY ကိုမင်းဘိုသိုက် ...

အဓိပ္ပာယ်နဲ့ပေးတဲ့ မွေးနေ့လက်ဆောင်လေးပါ။ အဓိပ္ပာယ်ကို သိချင်ရင် မေးလ်ပို့ထားတာကို ဖတ်ကြည့်ပေးပါရှင့်။

ပျော်ရွှင်စေချင်သော

ရေးချယ်"





သူက မျက်ခုံးပင့်ရုံတင်မကဘဲ မျက်လုံးပါ ပြူးသွားရပြန်သည်။ အဆန်းတွေပါလား။ ကျောင်းတုန်းကတောင် ဒီလိုအဖြစ်မျိုးတွေ မကြုံခဲ့ရဖူးသည့် သူသည် အခုလို လုပ်ငန်းခွင်ထဲရောက်တော့မှပဲ လှို့ဝှက်ဆန်းဆန်းမျိုးတွေ ကြုံနေရတာကို ထူးဆန်းပြီး စိတ်ဝင်တစား ဖြစ်လာရသည်။ ပြီးတော့ တစ်မျိုးပဲ။ အဲဒါဘာလဲ။ ခံစားဖူးသူ တချို့တော့ နားလည်ပေးနိုင်မည်ထင်သည်။ တစ်စုံတစ်ယောက်က ကိုယ့်ကို care လုပ်သော ခံစားချက်ကလူကို ပျော်သလိုလို တက်ကြွသလိုလို ဖြစ်စေသည်။

ကြည့်စမ်း ... သူ့ရဲ့ နှစ်ဆယ့်ခုနစ်နှစ်ပြည့် မွေးနေ့ဟာ အစမှာပဲ ပူနွေးလှုပ်ရှား သက်ဝင်လာတော့တာပါလား။ သူက စားပွဲပေါ်က ကွန်ပျူတာကို ဖွင့်လိုက်လျှင် သူ့ထံသို့ ရေးချယ်အမည်ဖြင့် ပို့ထားသော အီးမေးလ်ကို တွေ့လိုက်သည်။ ဖတ်လိုက်ရသော စာသားများက စိတ်ဝင်စားစရာပါ။

"မင်္ဂလာရှိတဲ့ မွေးနေ့လေးပါ ကိုမင်းဘိုသိုက်။ ဒီမွေးနေ့လက်ဆောင်လေးမှ ရေးချယ်မေးချင်တဲ့ အဓိက Message



www.burmeseclassic.com

www.burmeseclassic.com



က ရှင်သန်ခြင်းပါ။ ကိုမင်းဘိုသိုက်ရဲ့ကောင်းမွန်သောပိုင်ဆိုင်မှုအားလုံး ထာဝရ ရှင်သန်ပါစေကြောင်း ဆန္ဒရည်မွန်လျက် ...

ခင်မင်လေးစားသော

ရေးချယ်"

သူက အဲဒီစာလေးကို ဖတ်ပြီးသွားသောအခါ ကြည်ကြည်နူးနူး ပြုံးမိသွားသည်။ အင်း ... အိုက်ဒီယာလေးကတော့ တကယ်ပဲ မဆိုးပါ။ ကောင်းမွန်သော ပိုင်ဆိုင်မှုအားလုံး ထာဝရ ရှင်သန်ပါစေတဲ့။ မကောင်းတဲ့အရာတွေတော့ မပါဘူးပေါ့။ အင်း ပေါ့လေ ... လူတစ်ယောက်မှာ အကောင်းရော အဆိုးရော ဒွန်တွဲနေတာဆိုတော့ သူမက ကောင်းတာတွေကိုပဲ ပိုင်ဆိုင်စေချင်တဲ့ သဘောပေါ့ ...

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပန်းအိုးလေးကို သူ့စားပွဲနှင့် မလှမ်းမကမ်းရှိ စာအုပ်စင်လေးတွင် သွား၍တင်လိုက်သည်။ သူထိုင်တဲ့နေရာက လှမ်းကြည့်လိုက်လျှင် တန်းနေ





အောင် မြင်ရသော ရှင်သန်ခြင်း အဓိပ္ပာယ်လေး။ ဒီအပင်လေးဆက်လက်ရှင်သန်အောင် ထိန်းသိမ်းရမယ့် အပိုင်းကတော့ သူ့အပိုင်း ဖြစ်သွားပြီ။ မွေးနေ့လက်ဆောင်ဆိုပြီး ပစ်ထားလို့မရ။ အင်း ... အိုက်ဒီယာကတော့ တကယ်ပဲ မိုက်ပါပေသည်။ သူက စားပွဲမှာ ပြန်ထိုင်နေတုန်းမှာပဲ အခန်းတံခါးခေါက်သံနှင့်အတူ တံခါးပွင့်သွားပြီး သီဟ ဝင်လာသည်။

"ဟတ်ပီးဘတ်ဒေးပါ သူငယ်ချင်းရေ"

"အေးကွာ ... ကျေးဇူးပဲ"

သီဟက သူ့စားပွဲပေါ်က ပါဆယ်ဘူးခွံကိုတွေ့လျှင် ပြုံးစိစိဖြင့် မေးသည်။

"စောစောစီးစီး ဘယ်သူကများ present တွေ ဘာတွေပေးလိုက်တာလဲ"

"အင်း ... ရေးချယ်တဲ့လေ"

"ဟုတ်လား။ ဩော် ... ဒီကောင်မလေး ဒါကြောင့် မင်းမွေးနေ့ကို အသည်းအသန် မေးနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သူ့မွေးနေ့လက်ဆောင်လေးက အစိပ္ပာယ်တော့ရှိတယ်ကွ။ ဟိုမှာလေ … ရှင်သန်ခြင်းကို အဓိက Message ပေးတဲ့ ရွက်လှပင်လေး"

သူ့မေးစေ့နှင့် လှမ်းညွှန်ပြရာသို့ သီဟက ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ သူ့ကို လှမ်းကြည့်လိုက်လျှင် သူက စကားတစ်ခွန်း လှမ်းပြောလိုက်သည်။

"အဲဒီကောင်မလေး ဖုန်းဆက်ရင် မနက်ဖြန် ဆယ်နာရီကို ငါနဲ့တွေ့ဖို့ အပ္ပိုင့်မန့် ပေးလိုက်ပါကွာ"

❤○❤





၁

မနက်တည်းက လန်းဆန်းတက်ကြွသော စိတ်ခံစားချက်တို့ဖြင့် နိုးလာသော ရေးချယ်ကို မသူနှင့် ချောစုတို့ကပါ ကောင်းချီးပေးကြသည်။ အောင်သုခကုမ္ပဏီရဲ့ အဓိကဦးဆောင်သူနှင့် တွေ့ခွင့်ရပြီဟူသော သတင်းကြောင့် အတူနေသော မသူတို့ကပါ ဝမ်းသာကြလေသည်။ ဘာစိတ်ကြောင့်မှတော့ မဟုတ်ပါ။ တွေ့ခွင့်ရဖို့ကို အသည်းအသန် ကြိုးစားထားရတာ ဖြစ်သောကြောင့် အရေးကြီးသော လူတစ်ယောက်နှင့် သွားတွေ့ဖို့ကို သပ်ရပ်လှပအောင် ပြင်ဆင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်သည် ရုံးသွားလျှင် ရိုးရာချည်ထည်လေးတွေကိုပဲ ဝတ်ဆင်လေ့ရှိသည်။ ဘာကြောင့်မှန်းမသိဘဲ အဲဒါမျိုးထင်ထားလျှင် ကိုယ့်ကိုယ်ကိုယ် လုံခြုံသည်ဟုပဲ ခံစားရလေသည်။ ချည်သားရင်ဖုံးလက်တိုလေးများနှင့် ယောလုံချည်၊ ရှမ်းလုံချည်၊ ကချင်လုံချည် စသဖြင့် လိုက်ဖက်အောင် ဝတ်ဆင်တတ်သည်။ မသိလျှင် ဒစ်ဂျစ်တယ်ကောက် ကောက်ထားသည်ဟု ထင်ရသော Wave ပြေပြေလေးတွေနှင့် ဆံနွယ်ကို ဆံပင်ကလိတာ ဝါသနာပါသော မသူက အမျိုးစုံ လျှောက်လုပ်ပေးတတ်သည်။

အခုက,ကတော့ ရေးချယ်နှင့် အင်မတန်လိုက်ဖက်သည့် ကျစ်ဆံမြီးနောက်တွဲဆံထုံးကို ထုံးပေးဖြစ်တာ များသည်။ ကျစ်ဆံမြီးဆံထုံးလေးဟာ ရုပ်ကိုရင့်မသွားစေတဲ့အပြင် Fancy Style လေးတောင် ဖြစ်သွားစေသည်။ ရေးချယ်သည် ဒီနေ့လည်း Fancy ကျစ်ဆံမြီးဆံထုံးလေးထုံးကာ ချစ်စဖွယ်ကောင်းသော နားဆွဲလေး ဆွဲလိုက်သည်။ ကြက်သွေးရောင် ပိုးပျော့ရင်ဖုံးလေးကို ကြက်သွေးနီကွက်ဖော့ များများပါဝင်သော ကချင်လုံချည်





အနက်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးသောအခါ တက်ကြွမှုအပြည့်ဖြင့် ရုံးသို့ထွက်လာခဲ့သည်။

ရုံးရောက်၍ စာရွက်စာတမ်းတွေ အသင့်ပြင်ပြီး လိုအပ်တာတွေအားလုံးယူကာ အောက်သို့ ပြန်ဆင်းလာသော ရေးချယ်ကို သတင်းတစ်ခုက စောင့်ကြိုသည်။

"ရေးချယ်ရေ ... ဒီနေ့တော့ အခြေအနေ မကောင်းဘူးဟေ့။ ကားက တစ်နေကုန်ကောင်းမှာ မဟုတ်ဘူး။ ကိုယ့်ကားကိုယ်စီးပြီးတော့သာ သွားပေတော့"

"ဟာ ... ဦးမော်ကြီးရာ။ သေပါပြီဗျာ"

ရေးချယ်က နည်းနည်းတော့ စိတ်ပျက်သွားရပေမယ့် ချက်ချင်းပဲ သတိထားကာ စိတ်ကိုရွှင်လန်းအောင် ထားလိုက်သည်။ တကယ်ဆို ကိုယ်ကလည်း လှလှပပ ကြွကြွရွရွလေးမှာ ရုံးကားလေးနဲ့ စတိုင်လ်ရှိရှိ သွားချင်တာပေါ့နော်။ ခုတော့ ...။

"ရပါတယ်လေ။ တော်သေးတာပေါ့။ လမ်းရောက်မှမပျက်တာ။ အိုခေ ... လစ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း အကောင်းမြင်ဝါဒီသမား ရေးချယ်သည် အိတ်ကိုလွယ်ကာ ဖိုင်ကိုပိုက်ပြီးနောက် ရှုံ့နှင့်မလှမ်းမကမ်းရှိ ဘတ်စ်ကားဂိတ်သို့ လျှောက်လာခဲ့သည်။ မကြာခင်ရောက်လာသော အထူးကားတစ်စီးပေါ်သို့တက်ကာ တစ်မှတ်တိုင်ရောက်တော့ ခုံရ၏။ အဲဒီနောက် နာရီတကြည့်ကြည့်ဖြင့် ကားစီးလာခဲ့သည်မှာ ကိုးနာရီခွဲဖို့ ငါးမိနစ်သာ လိုတော့သည်။ အင်း ... ဆယ်နာရီမှာ ချိန်းထားတာပဲ။

မီကောင်းပါရဲ့ဟု တွေးနေတုန်းမှာပင် ကားက ရေးချယ် ဆင်းရမည့်မှတ်တိုင်သို့ ရောက်လာသည်။ အောင်သုခ ကုမ္ပဏီက ရန်ကင်းရှိ လမ်းသွယ်ထဲမှာမို့ အထဲသို့ လမ်းလျှောက်ဝင်ရဦးမည်။ ရေးချယ်သည် ခပ်သွက်သွက်ပဲ လမ်းလျှောက်လာခဲ့သည်။ တော်သေးရဲ့ ... ဆယ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာပဲ ကုမ္ပဏီသို့ ရောက်လေ၏။

ရီဆပ်ရှင်ကို အကြောင်းကြားပြီး သိပ်မကြာခင်မှာပဲ ရေးချယ်ကို အခန်းတစ်ခုရှေ့သို့ ခေါ်ဆောင်သွားသည်။ ရှပ်အင်္ကျီအဖြူနှင့် လောင်းပန်အနက် ဝတ်ဆင်ထားသော ရေးချယ်





တို့အရွယ် ကောင်လေးတစ်ယောက်က ရှေ့ကဦးဆောင်ခေါ်ကာ အခန်းတံခါးကို ခေါက်သည်။ ပြီးတော့ တံခါးကို ဖျတ်ခနဲလှည့်ဖွင့်ကာ ...

"ဆရာ ... Golden Land အကျိုးဆောင်ကုမ္ပဏီက အမျိုးသမီး ရောက်လာပါပြီ"

"အေး ... အေး"

စားပွဲမှ မတ်တတ်ထရပ်လိုက်သော လူတစ်ယောက်ကိုမြင်လျှင် ရေးချယ်ရဲ့ရင်ထဲ၌ ဟာယ်ခနဲ ဖြစ်သွားသည်။ ဒီ ... ဒီအစ်ကိုကို မြင်ဖူးတယ်။ စဉ်းစားစမ်း။ ဘယ်မှာမြင်ဖူးတာလဲ၊ ဪ ... တစ်ခါက ငါနဲ့ ကားတိုးမိတော့မလိုဖြစ်တဲ့ အစ်ကိုပဲ။ ကားရပ်ပြီး ဂရုတစိုက် ဆင်းမေးခဲ့တာကြောင့် ရေးချယ်က မှတ်မိနေခြင်းဖြစ်သည်။

မတ်တတ်ထရပ်လိုက်တာနှင့် တစ်ကိုယ်လုံး ကိုယ်ရောင်ကိုယ်ဝါတွေ ထွန်းလင်းသွားသလို လင်းချင်းတောက်ပနေသော မင်းဘိုသိုက်ကို ရေးချယ်က ယောင်ပြီးငေးကြည့်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြာရောင် ဖစ်တင်ရှပ်ကို လက်ခေါက်ဝတ်ထားကာ စတိုင်လ်ပန်အနက်ဖြင့် ကြော့မော့စမတ်ကျနေသော မင်းဘိုသိုက်ကို မျက်တောင်မခတ်တမ်း ငေးကြည့်နေမိတာမို့ နှုတ်ဆက်ဖို့တောင် သတိမရချေ။ မင်းဘိုသိုက်ကသာ လည်ချောင်းတစ်ချက်ရှင်းရင်း အဟမ်း အဟမ်းလုပ်မှ မတ်တတ်မေ့နေသော ရေးချယ်မှာ အသက်ဝင်လာသည်။

"မင်္ဂလာပါ"

မင်းဘိုသိုက်က စတင်နှုတ်ဆက်လျှင် ရေးချယ်သည် ကိုယ့်ခေါင်းကိုယ် ပိတ်ထုပစ်ချင်အောင် စိတ်တိုသွားသည်။ ကြည့်စမ်း ... ငါ ဘာလို့ ယောင်အ,နေရတာလဲ။ သူဌေးကတောင်စပြီး စကားပြောရတဲ့အဖြစ်။

တောက် ... စိတ်တိုဖို့ ကောင်းလိုက်တာ။

သူဌေးက ရေးချယ်ရှိရာသို့ လျှောက်လာလျှင် ဘာကြောင့်မှန်းမသိဘဲ လက်ဖျားတွေ အေးစက်လာတာကို ကိုယ့်ကိုယ်ကိုယ် သတိပြုမိလိုက်လေသည်။





"ဟုတ် ... ဟုတ်ကဲ့ သူဌေး။ မင်္ဂလာပါရှင့် ... ကျွန်မက Golden Land အာမခံကုမ္ပဏီက နတ်ရေးချယ်ပါ"

"ကောင်းပါပြီ။ ထိုင်ပါ နတ်ရေးချယ်"

သူဌေးက ဧည့်သည်တွေ တွေ့ဆုံဖို့ ပြုလုပ်ထားသော ဆိုဖာစားပွဲဝိုင်းတစ်ခုကို ညွှန်ပြသည်။ ရေးချယ်ရဲ့အနားမှ ဖြတ်သွားသော သူဌေးရဲ့ကိုယ်သင်းရနံ့မှာ လတ်ဆတ်ရှိန်းမြနေသည်။

အင်းလေ ... တကယ့်ကမ္ဘာကျော်ရေမွှေး အကောင်းစားတွေကို သုံးတယ် ဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့။

"မွေးနေ့လက်ဆောင် ပို့ပေးတဲ့အတွက် သင့်ခ်ယူနော် နတ်ရေးချယ်"

အဲဒီအကြောင်း ပြောလိုက်လျှင် ရေးချယ်က မျက်နှာပူသွားသည်။ အဲဒီတုန်းကတော့ စိတ်ထဲရှိရာ လုပ်မိလုပ်ရာ လုပ်လိုက်တာပါပဲ။ သူဌေးကိုလည်း ဒီလောက် ချောမောခန့်ညားပြီး ကြည့်ကောင်းလိမ့်မယ်လို့ မထင်မိဘူးလေ။ ခုကျတော့မှ ကတုန်ကယင်နှင့် ဘာတွေဖြစ်မှန်းမသိ ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ရပါတယ်၊ ဟိုဟာလေ ရေးချယ်လို့ပဲ ခေါ်ပါ ရှင့်"

"အင်း ... ဒါဆို မင်းလည်း ကိုယ့်ကို သူဌေးလို့မခေါ်ပါနဲ့။ တစ်မျိုးပဲကွာ နားထဲမှာ သိပ်အဆင်မပြေဘူး"

"ရှင် ... ဟုတ်ကဲ့။ ဒါဆိုလည်း ကိုမင်းဘိုသိုက်လို့ပဲ ခေါ်ရမလား"

"အင်း ... As u like ပါ။ အဆင်ပြေသလိုပေါ့။ ရပါတယ်။ ကဲ ... ပြောပါဦး။ မင်းရဲ့လာရင်းကိစ္စကို ကိုယ်နဲ့တွေ့ဖို့ မင်း အကြိမ်ကြိမ် ကြိုးစားခဲ့ရမှာပဲ။ စိတ်မပျက်ဘူးလား"

"မပျက်ပါဘူး အစ်ကိုရဲ့။ အဲဒါ ရေးချယ်တို့ အလုပ်ရဲ့ထုံးစံပါပဲ ...

နောက်ဆုံးတော့လည်း ရေးချယ် ကြိုးစားမှုတွေ အရာထင်လာတာပဲလေ ... ဟင်း ဟင်း"

စကားပြောမိတာနဲ့ သွက်လက်မှုအရှိန်ကို မထိန်းနိုင်သော ရေးချယ်က ရယ်သံတွေပါ ပါလာသည်။ သူက ဟုတ်





ပါပြီဟူသော အပြုံးဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်တော့မှ ရေးချယ်က နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ အပြုံးကို သိမ်းရသည်။ အင်း ... ကိုဘိုသိုက်ဟာ တစ်နေကုန်ကို ထိုင်ငေးချင်စရာကောင်းအောင် ကြည့်ကောင်းတာပါလားနော်။ ဘယ်လိုပြောရမလဲ။ သူ့ပုံစံက မွန်ရည် အထက်တန်းကျပြီး နွေးထွေးပျူငှာသော အပြုံးတွေရှိသည်။

ဘယ်လိုစိတ်နဲ့မှ ပြစ်မှားခြင်းမဟုတ်ဘဲ ဒီအစ်ကို့ကို သဘောတကျ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဖြစ်နေမိတော့တာပါ။

"ဟုတ်ကဲ့။ ရေးချယ် ... လာခဲ့တာလေ၊ အစ်ကိုရဲ့စက်ရုံတွေကို မီးအာမခံထားဖို့အတွက် လာကမ်းလှမ်းတာပါ။ အဲဒီအကြောင်းလေးတွေကိုလည်း သေချာရှင်းပြချင်လို့ အစ်ကိုနဲ့ အပွိုင့်မင့်ကိုလည်း ချိတ်နေတာပါ"

"အင်း ... (သူက ဗေဒါရိုးဆိုဖာဆက်တီတွင် သက်သောင့်သက်သာ မှီထိုင်ရင်းမှ ဆက်ပြောသည်)

အဲဒါက ကိုယ်သိသလောက်တော့ အာမခံထားတယ်ဆိုတာ မြန်မာ့အာမခံရုံးမှာပဲ လုပ်ရတာ မဟုတ်ဘူးလား။

www.burmeseclassic.com



ကိုယ်တို့ရုံးက ကိုယ့်ဟာကိုယ်လုပ်လည်း ရတာပဲမဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်။ ကိုယ့်ဘာသာကိုယ် လုပ်လို့လည်းရပါတယ်။ ဒါပေမဲ့ ရေးချယ်တို့ကုမ္ပဏီကို Agent ခန့်လိုက်လို့ရှိရင် ရေးချယ်တို့အနေနဲ့ ရာဖြတ်ခတို့၊ ဓာတ်ပုံဖိုးတို့ကို ရေးချယ်တို့ရုံးဘက်ကပဲ ကျခံပေးပါတယ် ...

အစ်ကိုတို့ဘက်က ကျခံစရာ မလိုပါဘူး။ နောက်ပြီးတော့ အာမခံရုံးနဲ့ဆိုင်တဲ့ စာရွက်စာတန်းကိစ္စတွေကိုလည်း ရေးချယ်တို့က လုပ်ပေးပါတယ်။ Premiun သွင်းဖို့ ချလံကျလာပြီဆိုမှ အစ်ကိုတို့ဘက်က ငွေသွင်းပေးရုံပါပဲ ...

အဓိက,ကတော့ အစ်ကိုရယ်။ အစ်ကိုတို့အနေနဲ့ အာမခံထားတဲ့ကိစ္စအတွက် အချိန်ကုန်ခံစရာ မလိုတော့ဘူးပေါ့။ ရေးချယ်တို့ကပဲ မြန်မာ့အာမခံရုံးနဲ့ အစ်ကိုတို့ကုမ္ပဏီကြားမှာ ဝန်ဆောင်မှုပေးတာပါ အစ်ကို။ အစ်ကို့ဝန်ထမ်းတွေကလည်း အာမခံလုပ်ငန်းအတွက် အချိန်မပေးရတော့





ဘခြားကုမ္ပဏီတိုးတက်ဖို့ကိစ္စတွေအတွက် အချိန်ပိုပေးနိုင်တာပေါ့ အစ်ကို"

ရေးချယ်ရဲ့စကားအရှည်ကြီး ဆုံးသွားလျှင် သူက အသာယာပြုံးသည်။ အဲဒီအပြုံးတွင် ရေးချယ်တစ်ယောက် ဒလိမ့်ခေါက်ကွေး ကိုးရိုးကားရားချိတ်ပြီးပါသွားသည်။ အင်း ... ဘယ်လိုပဲနေနေ ကြည့်ကောင်းနေတော့တာပါပဲလား ကိုမင်းဘိုသိုက်ရယ်။

သူက ရေးချယ်ကို ကလေးတစ်ယောက်နှယ် အလိုလိုက်သော အပြုံးမျိုးဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်ပါပြီ။ အာမခံထားမယ် ဆိုရင်ရော ဘယ်လိုနှုန်းတွေနဲ့ ပေးဆောင်ရတာလဲ"

"ဟုတ်ကဲ့။ ဥပမာပြောရရင် အစ်ကို့ရဲ့စက်ရုံက သိန်းတစ်ထောင်တန်တယ်ဆိုရင် Premiun တစ်နှစ်လုံးအတွက် ရှစ်သိန်းသွင်းရပါမယ်။ 0.8% ပေးဆောင်ရမှာပေါ့ အစ်ကိုရယ်။ တခြားအပိုအကာအကွယ်အနေနဲ့ ရေကြီးရေလျှံအတွက်ဆိုရင် 0.1% ၊ လေမုန်တိုင်းအတွက်ဆိုရင် 0.2%၊ မြေငလျင်အတွက်ဆိုရင် 0.1% ထပ်တိုးပေးဆောင်ရမှာပါ...



www.burmeseclassic.com

www.burmeseclassic.com



ဒါက ပထမနှစ်အတွက်ပါပဲ။ ဒုတိယနှစ်ထပ်ထား မယ်ဆိုရင် 20% လျှော့ပြီး ပေးဆောင်ရမှာပါရှင်၊ အစ်ကို သေချာလေ့လာလို့ရအောင် ရေးချယ် guation ထားခဲ့ပါ မယ်။ အစ်ကို ထားဖြစ်မယ်ဆိုရင် ဆက်သွယ်လို့ရအောင် ရေးချယ်ရဲ့ card လေးလည်း ထားခဲ့ပါမယ် ...

ခုလို မအားတဲ့ကြားထဲက ရေးချယ်ကို အချိန်ပေး တာ ကျေးဇူးတင်ပါတယ် အစ်ကို"

"ကောင်းပါပြီ။ ကော်ဖီ သောက်လိုက်ပါဦး"

"ဟုတ်ကဲ့ရှင့်"

သောက်ဆိုတာနှင့် ဘာမှမစဉ်းစားဘဲ သောက်လိုက် သော ကော်ဖီသည် လျှာကျက်အောင် ပူစေမှန်း ပါးစပ်ထဲရောက် တော့မှပဲ သိကော့သည်။

"အား"ခနဲ အော်လိုက်သောအခါ သူက မျက်ခုံး ပင့်ပြီး ရယ်ဟဟ်နှင့် ကြည့်ကာ ...

"ဘာလဲ ... ကော်ဖီက အရမ်းပူနေလား။ ဆောရီး ... ကိုယ်ကလည်း သတိမပေးမိဘူး"





"ဟို ... ရပါတယ်။ ရေးချယ်ကလည်း သတိမထားဘဲ သောက်လိုက်မိတော့"

သူက ဟုတ်ပါပြီ ဟူသော အပြုံးမျိုးဖြင့် ရယ်ချင် စွာ စိုက်ကြည့်နေဟန်တူသည်။ သိပ်ကို တောက်ပနွေးထွေးသော မျက်ဝန်းများသည် အကြင်နာကြီးလှသော ကောင်းကင်ကြီးတစ်ခု နှယ် စီးမိုးကျယ်ပြန့်ထားလေသည်။

"အိုခေရဲ့လား။ ကိုယ် ဘာကူညီပေးရဦးမလဲ"

ရေးချယ်က ဂရုတစိုက်နှင့် မေးမြန်းနေသော မျက် ဝန်းတွေကိုကြည့်ကာ နွေးထွေးမှုတစ်ခု ဖြတ်စီးသွားသည်။ လူ တစ်ဖက်သားကို ပြောပုံ ဆိုပုံ အလေးထားပုံတို့ဟာ တကယ်ကို ရင်သပ်ရှုမောစရာပါပဲ။ မတွေ့ခင်ကတော့ တွေ့ဖို့အကြိမ်ကြိမ် ကြိုးစားနေရတာမို့ ကြီးကြီးကျယ်ကျယ်များ ဖြစ်မလားဟု စိုးရိမ် ခဲ့ရသမျှ အခုတော့ ရေးချယ်မှာ ပင်လယ်ထဲ၌ လှိုင်းစီးရသလို ဖြစ်နေသည်။

"ရ ... ရပါတယ် အစ်ကို။ ဒါဆိုရင် ရေးချယ်ကို ခွင့်ပြု ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ။ ကိုယ် ဒီရက်ပိုင်းထဲပဲ အကြောင်းပြန်ပါမယ်"

"ဟုတ်ကဲ့ အစ်ကို။ ကျေးဇူးတင်ပါတယ်ရှင်"

ရေးချယ်က သွေးရူးတမ်းရူးဖြင့် ထိုင်ရာမှ ထလိုက်လျှင် ရှည်သောအရပ်က စားပွဲနှင့် ဒူးခေါင်းက တိုက်မိကာ ကော်ဖီပန်းကန်က အောက်သို့ပြုတ်ကျပြီး ကွဲသွားသည်။ အားနာရက်စွဲ့စိတ်က ရင်ထဲမှာ လှိုက်တက်လာပြီးနောက် ရေးချယ်က ကော်ဖီပန်းကန်ကို ကပျာကယာကောက်မိလျှင် ဖန်ကွဲစတစ်ခုက လက်မကို ရှပ်ခနဲ ပြတ်ရှသွားသည်။

"အား … ကျွတ် … ကျွတ်"

"ဟာ … သွားမကောက်နဲ့လေ။ အာ … နေ … နေ … ပြန်ထိုင် … ပြန်ထိုင် … ကိုယ် လုပ်ပေးမယ်"

"ရပါတယ် … ဟို … အပြင်ရောက်မှ ပလာစတာဝယ်ကပ်လိုက်ပါ့မယ်၊ ဆောရီးပါ အစ်ကိုရယ်၊ ရေးချယ် နမော်နမဲ့နိုင်လို့ ဖြစ်ရတာပါ။ တောင်းပန်ပါတယ်နော်"





"နဲ့ဗားမိုင်။ စိတ်ကို အေးအေးဆေးဆေးထားပါ ရေးချယ်။ ဒဏ်ရာကို တစ်ခုခုလုပ်မှ ဖြစ်မှာပေါ့။ အိုခေ … ခဏလေး ထိုင်နေ၊ ကိုယ် ဆေးထည့်ပေးမယ်"

သူ့ရဲ့ တည်ငြိမ်ကြင်နာသော အသံအဆုံးမှာ ရေးချယ် တစ်ယောက် ငြိမ်ကျသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းလိုက်တာ မပြောပါနဲ့တော့။ တကယ်ကိုပါပဲနော်။

ဒီနေ့အဖို့ ရေးချယ်တစ်ယောက် ဘာဖြစ်နေမှန်းကို မသိပါချေ၊ ဒါကြောင့် စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားကာ အသက်ကိုဝဝရှိုက်ရှူလိုက်သည်။ သူက ဆေးသေတ္တာငယ်လေးတစ်ခုကို ယူဆောင်လာကာ ရေးချယ်ရဲ့ဘေးမှာ ဝင်ထိုင်လိုက်လျှင် ရေးချယ် တစ်ကိုယ်လုံး ပူနွေးတုန်ယင်သွားလေသည်။

သူ့ဆီက သင်းဖျော့ဖျော့ရနေသော မွှေးရနံ့တစ်ခုက ရေးချယ်ရဲ့မငြိမ်သက်သော သည်းခြေကို တစ်ခဏတော့ ဝပ်သွားစေသည်။ သူက ဆေးသေတ္တာထဲမှ အရက်ပျံပုလင်းကို ထုတ်ယူလိုက်လျှင် ရေးချယ် တစ်ယောက် တွန့်သွားသည်။

"အဲ … အဲ … ဒါက"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပိုးသတ်ရမယ်လေ နှတ်ရေးချယ်။ မဟုတ်ရင် မေးနိုင်ပိုး ဝင်မှာပေါ့"

"အစ်ကိုတို့ခွက်မှာ မေးနိုင်ပိုးတော့ မပါလောက်ပါဘူး"

ရေးချယ်ရဲ့အတွန့်တက်စကားကြောင့် သူက ဟက်ခနဲရယ်ကာ ရေးချယ်ကို အညိုရောင်မျက်လုံးများဖြင့် နွေးထွေးစွာ စိုက်ကြည့်လာသည်။ ဒါအကြည့်များသည် ရေးချယ်ကိုတစ်ခါတည်းပဲ ပြုစားလိုက်သလို ရင်ထဲမှာ လှံစို့နှင့်ထိုးသွင်းလိုက်သည့်အလား စူးနင့်ပြီး ကျန်သွားသည်။

"ဒေါက်တာ့စကားကို နားထောင်နော်"

ရေးချယ်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဘာမှ မပြောတော့ပါ။ သူက အရက်ပုလင်းကို ဖွင့်လိုက်ပြီးနောက် အနည်းငယ်ဆွတ်ကာ ရေးချယ်ရဲ့ဒဏ်ရာကို အုပ်လိုက်သည်။ အားခနဲ အော်ပစ်လိုက်ချင်သော်လည်း မကောင်းတတ်၍ အံကြိတ်ခံနေရသည်။ အေးခနဲဖြစ်သွားသော ခံစားမှုနှင့်အတူ သူ လေမှုတ်ပေးနေတယ်ဟု သိလိုက်ရသောအခါ လွင့်ခနဲ ဖြစ်သွားလေသည်။





သူက ဖွဖွလေး လေမှုတ်နေပုံကို ရေးချယ်က တစိမ့်စိမ့်ကြည့်ရင်းမှ ရင်ထဲမှာ တစ်စုံတစ်ခု တိုးဝင်လာတာကို သိလိုက်ရသည်။ အို ... ဘုရားရေ ... အဲဒါက ဘာများဖြစ်မလဲ။

သူက ဒဏ်ရာကို ဟန်ဆာပလပ် ပလာစတာလေး ကပ်ပေးသည်။ သိပ်ကြီးကျယ်သော ဒဏ်ရာမဟုတ်သော်ငြားလည်း ကြင်နာစွာနှင့် ဂရုတစိုက်လုပ်ပေးလိုက်ပုံသည် ရေးချယ်ရဲ့နှလုံးသားမှာ စွဲထင်သွားသည်။ မဖြစ်သင့်ပါဘူးကွယ် ... ရေးချယ်လို မိန်းကလေးတစ်ယောက်နဲ့ သိပ်ကိုအလှမ်းကွာဝေးတဲ့အနေအထားပါ။

"အိုခေ ... ရပြီ။ ငြိမ်ငြိမ်လေး နေပေးတဲ့အတွက် သင့်ခ်ယူ"

"ဟုတ် ... ရေးချယ်ကို ခွင့်ပြုပါဦး"

တိုးတိတ်သော ရေးချယ်ရဲ့အသံကို သူက ခေါင်းတစ်ချက် ဆတ်ပြသည်။ သူ့အခန်းတံခါးကို ဆွဲဖွင့်နေတုန်းမှာပဲ ကပ်ငြိပါလာသော အသံတစ်ခုက ရေးချယ်ကို ရူးသွပ်သွားစေလေ၏။

"ဂရုစိုက်သွားနော်"



www.burmeseclassic.com

www.burmeseclassic.com



၆

မျက်လုံးဖွင့်ဖွင့်ချင်း၊ အိပ်ရာနိုးနိုးချင်း သူ့အကြည့်တွေ ရောက်သွားသောနေရာမှာ ခုတင်ဘေး၊ ပြတင်းပေါက်နားက စာအုပ်စင်လေး၏ အပေါ်ဆုံးတွင် တင်ထားသော ရွှက်လှပင်ငယ် ပန်းအိုးလေးရှိရာသို့ ဖြစ်သည်။ ဒီအပင်လေးကို ပထမတော့ ရုံးမှာပဲထားဖို့ စိတ်ကူးသော်လည်း အိမ်မှာထားတာက ပို၍နွေးထွေးသည်ဟု စဉ်းစားမိသောကြောင့် ယူလာခဲ့ခြင်းဖြစ်သည်။

နံနက်ခင်းမှာ နေခြည်သစ်ရဲ့သွန်းလောင်းမှုနှင့် လန်းဆန်းနုမျစ်နေသော အပင်ငယ်လေးကို မြင်ရသည်မှာ အတော်ပဲ စိတ်ချမ်းမြေ့ဖို့ ကောင်းလေ၏။ အပင်လေးနဲ့အတူ တစ်ပါတည်း





တွဲမြင်ရတာက ရေးချယ် ဟူသော အမည်ဆန်းဆန်းနှင့် ကောင်မလေးတစ်ယောက်ကို ဖြစ်သည်။ ဝင်းညက်နေသော အသားအရောင်နှင့်အတူ ခပ်ထွားထွား ကိုယ်လုံးကိုယ်ပေါက်ကို မြန်မာဝတ်စုံလေးတွေ ဝတ်ထားသောအခါ မျက်လုံးထဲမှာ အတော့်ကို Attrection ရှိစေသည်။ ပြီးတော့ ဘာဆံပင်ပုံစံမှန်း နားမလည်သည့် ဆံထုံးလား၊ ဘာလားမသိသော ဆင်ယင်ထုံးဖွဲ့မှုမျိုးက သူ့မျက်လုံးထဲတွင် တစ်မျိုးတစ်ဘာသာ အမြင်ဆန်းစေလေသည်။

မျက်လုံးဝိုင်းဝိုင်းလေးများ၊ ကလေးဟန် မပျောက်သေးသော အမှတ်တမဲ့ အပြုအမူလေးများ၊ လှုပ်ရှားလိုက်တိုင်းမှာ လှုပ်ခတ်သွားသော နားဆွဲလေး စသဖြင့် ရေးချယ် ဆိုသော ကောင်မလေးတစ်ယောက်ရဲ့ ပုံရိပ်တွေက သူ့မျက်လုံးထဲမှာ စွဲထင်နေသည်။ သူ့ဘဝမှာ တကယ့် မိုက်ပေ့ဆိုတဲ့ မိန်းမတွေနဲ့ တွေ့ဖူးတာပဲ။ လက်ရှိမှာလည်း တွဲနေတဲ့ မဥ္ဇူဟာ အလှခေါင်ပကေးတစ်ယောက်ပဲလေ။ ဒါပေမဲ့ ဒီကောင်မလေးကိုတော့ ဘယ်လိုဓာတ်ပြုသွားလဲတော့ သူကိုယ်တိုင်လည်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သိအောင်လည်း စဉ်းစားမည် မဟုတ်ပါ။ ဒါမျိုးဆိုတာ သူ့တစ်သက်မှာ မကြုံဖူးခဲ့ပေမယ့် သိပ်ကြီးတော့လည်း အံ့အားတသင့် ဖြစ်မနေဘဲ ဒီခံစားချက်ပေါ်မှာပဲ သူက သူ့ကိုယ်သူ အသိအမှတ်ပြုပေးလိုက်တာဖြစ်သည်။ ဖြစ်တတ်တဲ့သဘောပဲလေ။ သေချာတာကတော့ ရေးချယ်ဆိုသည့် ကောင်မလေးကို သူ စိတ်ဝင်စားသွားပြီ ဆိုတာပဲဖြစ်သည်။

ဒါကြောင့် ရုံးကို ရောက်ရောက်ချင်းပဲ သူက သူမ ရှိနေမည့် အာမခံကုမ္ပဏီသို့ ဖုန်းခေါ်လိုက်သည်။ တစ်ဆင့်ခေါ်ဆို ရတာမို့ သူမ ဖုန်းလာမကိုင်သေးခင် အချိန်မှာ စောင့်စားနေရသည့် ခံစားမှုသည် သူ့အတွက်တော့ အသစ်ပဲဖြစ်တော့သည်။ စောင့်ရတဲ့အခိုက်အတန့်လေးဟာ သူ့ကို ရသတစ်မျိုး ပေးစွမ်းသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်။ ရေးချယ် ပြောနေပါတယ်"

"ကိုယ် မင်းဘိုသိုက်ပါ ရေးချယ်"

တစ်ဖက်မှ ခဏလောက်တော့ တိတ်ဆိတ်သွားဟန်တူသည်။ သူ ဒီလောက်မြန်မြန်ကြီး ဆက်လိမ့်မည်ဟု မျှော်လင့်မထားတာကြောင့်လည်း ဖြစ်နိုင်သည်။





"ဟုတ် ... အစ်ကို။ ပြောပါရှင့်"

"အင်း ... ကိုယ့်စက်ရုံနဲ့ကုမ္ပဏီကို အာမခံထားဖို့ ဆုံးဖြတ်ပြီးပြီဆိုတဲ့အကြောင်း လှမ်းအသိပေးတာပါ။ အဲဒါ ကိုယ်တို့ဘက်က ဘာတွေလုပ်ပေးရမလဲ"

"ဟယ် ... တကယ်ကြီးပေါ့နော် အစ်ကို။ ဝမ်းသာလိုက်တာ အဲ ... ဟုတ်ကဲ့ အဲဒါဆိုရင်လေ ရေးချယ်တို့ဘက်က ရာဖြတ်ခေါ်တာတို့၊ အာမခံရုံးကလူတွေခေါ်ပြီး survey လာစစ်ဖို့ စီစဉ်လိုက်ပါ့မယ်။ survcly စစ်ဖြစ်တဲ့နေ့ကို ရေးချယ် ဖုန်းပြန်ဆက်မယ်နော်"

"အိုခေ ... ဒါဆိုရင် ကိုယ့်ဆီ တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်လေး ယူထားပါ။ (xxx)တဲ့"

"အို ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကျေးဇူးပါပဲ အစ်ကို"

သူမက သူ့ဖုန်းနံပါတ်ကို ရသည့်အခါ ဝမ်းသာအားရပဲ ဖြစ်သွားသည်။ သူ့စိတ်ကို ခံစားမှုတစ်မျိုး ပေးစွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါဆိုရင် အားလုံး ရယ်ဒီဆို ကိုယ့်ကိုဆက်သွယ်ပေါ့။ ဘိုင့် ဘိုင်"

"ဟုတ်ကဲ့ ... အစ်ကို။ နောက်မှ တွေ့မယ်နော်"

သူက အသာယာပြုံးကာ ဖုန်းချပစ်လိုက်သည်။ အဲဒီအချိန်မှာပဲ သူ့ရဲ့လက်ကိုင်ဖုန်းက တီးလုံးသံတစ်မျိုးနှင့်လာလျှင် ရှုရှု့ဆီကဖုန်းဆိုတာ သိလိုက်၏။ ရှုရှုက ဒီမနက်ပဲ လေယာဉ်ဖြင့် မန္တလေးသို့ ထွက်ခွာသွားတာဖြစ်သည်။

"အင်း ... ရှု။ ရောက်ပြီလား"

"ရောက်ပြီ။ အခု ဟိုတယ်ကနေ ဆက်နေတာ"

"အင်း ... အားလုံး အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်။ မန္တလေးမှာ အေးတယ် သိလား"

"အင်း ... အေးမှာပေါ့။ အညာက နွေမှာလည်း အရမ်းပူသလို ဆောင်းတွင်းကျတော့လည်း အရမ်းအေးတယ်။ ပုဂံမှာလည်း အေးမှာပဲ။ နွေးနွေးထွေးထွေးဝတ်နော် ရှု"

"အင်းပါ ဘိုရဲ့။ ဘာမှာဦးမလဲ ဘာဝယ်ခဲ့ရမလဲ"





"ဘာမှ မမှာလဲ ရှုက စိတ်ကူးတည့်ရာ ဝယ်လာမှာပဲ မဟုတ်လား။ အဆင်ပြေသလိုပေါ့ ရှုရာ"

"အင်းပါ ... ဒါဆိုလည်း ရှု နားလိုက်ဦးမယ်။ နောက်မှ ဆက်မယ်လေ"

"အိုကေ ... ရှု။ ဘိုင့် ဘိုင်"

"ဘိုင်"

ရှုရှု ဖုန်းချလို့သွားလျှင် သူက ဘာရယ်မဟုတ် ဖုန်းလေးကို စိုက်ကြည့်မိသွားသည်။ ဒီဟန်းဆက်လေးကို သူ့မွေးနေ့မှာ ရှုက လက်ဆောင်ပေးခဲ့တာ မဟုတ်လား။ သူနဲ့အမြဲတမ်း ထိတွေ့နေရသော ပစ္စည်းအဖြစ် အမှတ်တရရှိစေရန်ရည်ရွယ်ပြီး ပေးခဲ့တာဖြစ်သည်။ ဒါပေမဲ့ သူ့အတွက်တော့ ထူးခြားသော ခံစားချက်မျိုး တိတိပပ ရှိမနေခဲ့ပါ။

ဒါပေမဲ့ တစ်စုံတစ်ယောက်က လက်ဆောင်ပေးတဲ့ သစ်ပင်ငယ်လေးကိုတော့ ဘာကြောင့် အရိပ်တကြည့်ကြည့်နဲ့ တန်ဖိုးထားနေတတ်သလဲတော့ ရှင်းပြစရာ လိုမည်မထင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းတာနဲ့ အပင်လေးကို စပရေးဘူးနဲ့ ရေလောင်းမြေသြဇာခဲလေး နည်းနည်းထည့် စသဖြင့် ဂရုတစိုက် လုပ်ပေးနေတတ်တာဖြစ်သည်။ ဒီအပင်လေးဟာ သူ့အတွက် အောင်မြင်ရှင်သန်ခြင်း နမိတ်ပဲလေ။

❤○❤





## ၇

အင်း ... အရှင်မွေးတော့ နေ့ချင်းကြီး ဆိုသလိုပဲ ပြောရတော့မည်။ အောင်သုခကုမ္ပဏီကို အာမခံရအောင် လိုက်နိုင်သော ရေးချယ်မှာ ရုံးတွင် ချက်ချင်းလက်ငင်းပဲ ဘဝပြောင်းကာ စတားဖြစ်သွားသည်။ သူ့ငွေးကလည်း ချိုးကျူးစကားဆိုကာ အရင်လို မျက်နှာမျိုး မဟုတ်တော့ပေ။ အားလုံးက မိုက်လှချည်လားဟု comment ပေးနေချိန်ဝယ် ရေးချယ်ကတော့ ပျော်တာက သပ်သပ်၊ အပျော်ထက် ထူးခြားလေးနက်သော ခံစားချက်တို့ရှိနေတာက သပ်သပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခံစားချက်တို့ကိုလည်း ရေးချယ်က ဖုံးကွယ်ထားဖို့ စိတ်ကူးမရှိချေ။ နဂိုတည်းက လျှို့လျှို့ဝှက်ဝှက် မနေတတ်သူမို့ မသူတို့ ချောစုတို့က မေးလာသောအခါ အားတက်သရောကြီးကို ပြောပြမိလေသည်။

“ဟဲ့ ... အဲဒါဆိုရင် အဲဒီ သူဌေးဆိုတာက အသက်ကြီးကြီး အာဂျဲရှီးမဟုတ်ဘူးပေါ့နော်”

“အန်း ... ဘယ်ကလာ ဟုတ်ရမှာလဲ မသူကလည်း။ သုံးဆယ်တောင် ပြည့်သေးတာ မဟုတ်ဘူး။ ဒါပေမဲ့ လုပ်ငန်းကြီးကို ဦးဆောင်နေတဲ့သူဆိုတော့ တည်တည်ငြိမ်ငြိမ်တော့ ရှိတယ် ...

လူကြီး အထာကြီးလည်း မဟုတ်ဘဲ ဘယ်လိုပြောရမလဲ ? အရမ်းမိုက်တယ် အစ်မကြီးရယ် ... ဟိ ဟိ”

အရည်ပျော်ကျမတတ် ဖြစ်နေသော ရေးချယ်ရဲ့ ပုံပန်းသဏ္ဌာန်ကိုကြည့်ကာ မသူနဲ့ ချောစုက မျက်စောင်းထိုးကြသည်။ မျက်စောင်းသာ ထိုးသော်လည်း လက်တွေကတော့





ရေးချယ် ဝယ်လာသော အကင်တံတွေဆီမှာ မရပ်သိမ်းနိုင် ဖြစ်နေသည်။ ဝက်ဆာတေးတစ်ချောင်းကို ကောက်ကိုင်လိုက်၊ အချဉ်ပန်းကန်မှာ တို့လိုက်ဖြင့် ပြောလို့လည်းကောင်း စားလို့လည်းကောင်း။

“ဟင်း ... ကြည်လည်းလုပ်ဦး။ တော်ကြာ အချစ်နှင့်သူ၏ ကိုကို ဖြစ်နေဦးမယ်”

“အမယ်လေး ... ချောစုရယ်။ သူ့လို ထိပ်ခေါင်တင်သူဌေးက ငါ့လို သာမာန်မိန်းကလေးတစ်ယောက်ကို စိတ်ကူးထဲတောင် ထည့်ပါ့မလားဟဲ့ ...

အဆင့်အတန်း မခွဲခြားဘဲ welcome ဖြစ်တဲ့စိတ်ထားလေးကို ကြိုက်တာ။ ပြီးတော့ သူ့ရုပ် သူ့ဟန် အို... ခေါင်းစကနေ ခြေဖျားအထိ ဘယ်နေရာမှ ပြောဖွယ်မရှိ... ခိ ... ခိ ...

အရမ်းမိုက်တာပဲ မသူရယ်။ သိလား ... မင်းသားတွေတောင် သူလောက် မချောဘူး”



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ။ အရှိန်က ထိပ်ဆုံးရောက်နေပြီ"

"ဟင့်အင်း ... ဒါက အစပဲ ရှိသေးတာ။ ရေးချယ်လေ သူ့ကို အရမ်းသဘောကျတာပဲ သိလား။ သူ့ပုံစံက ဘယ်နေရာကကြည့်ကြည့် smart ဖြစ်နေတယ်။ အရမ်းမိုက်တယ်။ အဓိက,ကတော့ သူ့မျက်ခုံးနဲ့ မျက်လုံးတွေ။ မျက်ခုံးတွေက ယောက်ျားပီသပြီး မျက်လုံးတွေက အညိုရောင်အရည်တွေလဲ့ပြီး နွေးထွေးနေတာပဲ ...

အီး ... ပြောရင်းနဲ့ ပြန်မြင်ယောင်လာပြီ။ ဟီး ... ဟီး ... ကြိုက်လိုက်တာ မသူရယ် ... တကယ်ပဲ"

"ဟယ် ... ဟယ် ... ဒီကောင်မလေး ဘာဖြစ်လို့ဒီလောက်တောင် သည်းနေရတာလဲ။ အလုပ်ရလာလို့ ဝမ်းသာတာကတော်တော်၊ သူဌေးက ပလတ်စတာကပ်ပေးလိုက်လို့ ဝမ်းသာတာက များနေပြီ"

"ဟီး ... ဟီး ... ဟုတ်ပါဘူး။ မသူရဲ့ ... သူ့ကို ကြိုက်တယ်ဆိုတာ ဘယ်လိုပြောရမလဲ ရုပ်ရှင်မင်းသားတစ်ယောက်ကို ကြိုက်သလိုမျိုးပါ မသူရယ် ...





ဘဝချင်းက အရမ်းကွာနေတာပဲ။ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိသိရက်နဲ့ အလွတ်ကြိုက်နေတာပါ"

"အမယ်လေးဟယ် ... အလွတ်ကြိုက်တယ်ပဲ ဖြစ်ရသေးတယ်။ ဟင်း ... ငါတော့ မြင်ယောင်နေတယ်"

"ဘာမြင်ယောင်နေတာလဲ အိုညီးရဲ့"

အခုမှပဲ အကင်တံကို ကိုင်နိုင်သော ရေးချယ်က ရုံးပတီသီးကင်တစ်ဖတ်ကို အချဉ်ရည်နှင့်တို့ပြီး ပါးစပ်ထဲထိုးသွင်းရင်းမှ ပြန်မေးမိသည်။

"ဇော်ဝင်းထွဋ်သီချင်းလို ဖြစ်မှာလေ"

"ဘာသီချင်းလဲ အိုညီးရဲ့။ ရှင်းရှင်းပြော မီးတို့ခေတ်က ဆိုတေးတို့၊ ဉာဏ်လင်းအောင်တို့ခေတ်၊ ဇော်ဝင်းထွဋ်သီချင်းတွေ မသိတော့ဘူး"

"အောင်မယ်လေးဟဲ့ ... ဖြစ်ရတယ်။ ဇော်ဝင်းထွဋ်သီချင်းလေ၊ ရှေ့ဆက်ရန် စဉ်းစားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခ်ိ ... အိုညီးက စဉ်းစားနိုင်းနေတာလား။ စဉ်းစားပါဘူး။ ရေးချယ် ပြောပြီးပါပကော အိုညီးရယ်။ ရေးချယ် သူ့ကို သဘောမကျဘူး မဟုတ်ဘူး၊ ကျတယ်။ မကြိုက်ဘူး မဟုတ်ဘူး ကြိုက်တယ် ...

ဒါပေမဲ့ အဲဒါဟာ မြင်နေရုံလေးပဲ သိလား။ မြင်နေရရင် ကျေနပ်နေတာ တိတ်တခိုးပဲလေ။ ဟာ ... အဲဒီ ခံစားချက်က အရမ်းမိုက်တာနော်။ မရနိုင်မှန်း သိသိကြီးနဲ့ ချစ်တာ။ ခ်ိ ... ခ်ိ"

"ရေးချယ်ရယ် ... နင်နဲ့တော့ ငါ ရူးတော့မှာပဲ။ မရနိုင်မှန်း သိသိကြီးနဲ့ ချစ်တယ်လည်း ပြောသေးတယ်။ တခ်ိခ်ိ တဟိဟိ ဖြစ်နေတယ်။ လေတယ် ...

ငါနဲ့ စိတ်နဲ့ လေတယ် ... တကယ်"

"ဟာ ... အဲဒါ ဘယ်လောက်မိုက်လဲ မယ်ချောစုရဲ့။ တစ်ဖတ်သတ်ချစ်ကြီး ကြေကွဲပူဆွေးနေတယ်ဆိုတာ အိုင်တီခေတ်ကြီးထဲမှာ မရှိတော့ဘူးနော် ...





ပြေးပြေးလွှားလွှား လှုပ်ရှားမှုများထဲက နှလုံးသားလေးပါကွယ်။ ဟဲ ... ဟဲ"

"တော်ပြီ ... ဒီ အပေါမနဲ့တော့ ဆက်မပြောနဲ့တော့။ ကြာရင် ငါတို့ပါ ရူးမယ်။ နင်ကျွေးတာစားပြီး ငြိမ်ငြိမ်လေး နေပေးတာပဲ ကောင်းမယ်"

"အင်း ... မသူတို့ကိုလေ သူ့ပုံစံကို တစ်ခါလောက်တော့ပြချင်သား သိလား ...

အံမာလေး ... သူတို့ပါ ကြွေသွားမှာ မြင်ယောင်သေးတယ် ... ဟင်း"

"ကြွေရင် ပြန်ကောက်ထားမယ်ဟေ့။ တို့ကတော့ သူများလို တိတ်တခိုးတွေ ဘာတွေ နားမလည်ဘူး။ အလကားလူကွယ်ရာမှာ မျက်ရည်ကျနေမှာ"

အဲဒီစကားကိုတော့ ရေးချယ်က တဟားဟားနှင့် အော်ရယ်ရင်း အထူးတလည် ထပ်မဖြေရှင်းနေတော့ပါ။ ရေးချယ်ရဲ့မျက်ရည်ဆိုတာ ငိုမှကျတာမဟုတ်ဘဲ ရယ်နေလျှင်လည်း ကျ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲဆိုတာ သူတို့မှ မသိကြတာပဲလေ။ ရေးချယ်ကတော့ တိတ်တခိုးဆိုတာမှ တကယ့်ကို တိတ်တခိုးလေးပါပဲ။

မြတ်နိုးမိသည်မှအပ ဆိုတာမျိုးပါပဲ အစ်ကိုဘိုသိုက်ရယ်။

❤○❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





✕ ● ✕

မင်းဘိုသိုက်သည် သူ့ကိုယ်သူတော့ အမြဲတစေ သပ်ရပ်အောင် ဝတ်စားဆင်ယင်တတ်သူ ဖြစ်ပါသည်။ အသက် အရွယ်ကြောင့် မဟုတ်ဘဲ ကိုရီးယားဖက်ရှင် ဆိုတာကိုတော့ ကြိုက်ကို မကြိုက်တတ်သူမို့ ဘရန်းဒက်တွေနဲ့သာ ရှင်းရှင်းလင်း လင်းနှင့် ခပ်မိုက်မိုက် ဝတ်တတ်သူဖြစ်သည်။ အမြဲတမ်းလည်း Smart ဖြစ်နေမှန်း သိပါလျက်နှင့် ဒီနေ့တော့ ဘာကြောင့်ပိုပြီး ကြည့်ကောင်းနေချင်လဲတော့ မပြောတတ်တော့ပါ။

မိုးပြာနုခံပေါ်မှာ ကွမ်းရိုးစင်းလေးတွေ ပါဝင်သော ဖစ်တင်ရှပ်အင်္ကျီကို သူ့ထုံးစံအတိုင်း လက်ခေါက်ဝတ်ကာ ကာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖစ်တင်ဘောင်းဘီရှည်ကို ဝတ်ဆင်ပြီး ရုံးသို့ထွက်လာခဲ့သည်။ သို့သော် လမ်းမှာပဲ စိတ်ကူးပြောင်းသွားပြီးနောက် သီဟထံသို့ ဖုန်းခေါ်လိုက်သည်။

"သီဟ ... ဒီနေ့ ငါ နေ့ခင်းလောက်မှ ရုံးရောက်မယ် ထင်တယ်။ စက်ရုံကိုပဲ သွားနေပြီ။ တစ်ခုခုထူးရင် ဖုန်းဆက်လိုက်လေ"

"ဟင် ... မင်းက ဘာကိစ္စ စက်ရုံကို သွားနေတာလဲ"

"ဒီနေ့ အာမခံကုမ္ပဏီက survey လာစစ်မယ်လေကွာ။ အဲဒါ ငါ သွားကြည့်မလို့"

သီဟထံမှ အံ့သြတကြီး အသံထွက်လာသည်။

"ဟင် ... သူတို့ survey ဆင်းမှာနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ။ ဟိုမှာ မန်နေဂျာရော စက်ရုံမှူးရော ရှိနေတာပဲ"

"အင်း ... ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ငါ့စိတ်ထဲမှာ သွားချင်တဲ့စိတ် ဖြစ်နေလို့ပေါ့ကွာ။ ဟုတ်ပြီလား"

"………"





သီဟတစ်ယောက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူက နှုတ်ဆက်စကားဆိုကာ ဖုန်းချလိုက်သည်။

"အိုခေလေ သီဟ၊ နောက်မှတွေ့မယ်"

အဲဒီနောက် သူ့ကားကို စက်ရုံရှိရာ လမ်းကြောင်းသို့ ပြောင်းယူပြီးနောက် မောင်းလာခဲ့သည်။ ရေးချယ်တို့ ရောက်လာမှာ ဆယ့်တစ်နာရီမို့ သူကတော့ ကြိုတင်ပြီး စောစောရောက်နေလိမ့်မည်။ စက်ရုံသို့ သူ ရောက်သွားတာလည်း ကောင်းပါသည်။ ဆပ်ပရိုက်သဘောမျိုးဆိုတော့ ဝန်ထမ်းတွေ ဘာလုပ်နေတယ်ဆိုတာလဲ သိရမည်။ သူလည်း စက်ရုံသို့ မရောက်တာ နှစ်လလောက်ရှိခဲ့ပြီဖြစ်သည်။

သူ ရောက်သွားသောအခါ ဂိတ်စောင့်က မျက်လုံးပြူးကာ ကမန်းကတန်း ဦးညွှတ်နှုတ်ဆက်သော်လည်း သူက လက်အသာကာပြပြီး အထဲသို့ သူ့ဟာသူ မောင်းဝင်လာခဲ့သည်။ မန်နေဂျာရဲ့ရုံးခန်းရှိရာသို့ အရောက်မှာတော့ မန်နေဂျာက ပျာပျာသလဲ ထွက်လာကာ ကြိုဆိုသည်။ သူက စက်ရုံရဲ့အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းပြီးနောက် လိုအပ်တာတွေ ကြည့်နေတုန်းမှာပဲ မန်နေဂျာ ထံသို့ ဂိတ်ဝမှ ဖုန်းဝင်လာသည်။

"အာမခံကုမ္ပဏီက ရောက်နေပါတယ်။ အကြောင်းကြားတာပါ ဆရာ"

"ကောင်းပြီ လွှတ်လိုက်ပါ"

မန်နေဂျာရဲ့ ပြန်ဖြေသံအဆုံးတွင် သူက ဆက်တီတွင် ထိုင်နေသော်လည်း စိတ်ထဲမှာ နည်းနည်းတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူ ရှိနေလိမ့်မည်ဟု ရေးချယ် တစ်ယောက် ထင်ထားမည် မဟုတ်ပါ။

သူ့ကို မြင်သွားလျှင် ဘယ်လိုဖြစ်သွားမလဲ။ ရေးချယ်ကိုရော ဘယ်လိုပုံစံမျိုးနဲ့ မြင်ရမလဲ။ သူ့နှလုံးသားဆီမှ လည်ပတ်သံတိုးတိုးလေးကို ကြားလာရသည်။

သိပ်မကြာခင်မှာပဲ ရုံးခန်းရှေ့သို့ ကားတစ်စီးထိုးရပ်သံ ကြားရပြီးနောက် အသံတွေနှင့်အတူ ဝင်လာသံကြားရသည်။ မန်နေဂျာနှင့်အတူ ဝင်လာသူက ရေးချယ်ပါပေ။ သူမနှင့်အတူ





အဖော်မိန်းကလေးတစ်ယောက်လည်း ပါပေမယ့် ထွားထွားမြင့်မြင့် ကောင်မလေးဖြစ်သော ရေးချယ်မှာ အများကြားထဲတွင် ထင်းထွက်နေသည်။ သူမရဲ့မူပိုင် Hair style လား မပြောတတ်သော ကျစ်ဆံမြီးယှက်သိုင်း နောက်တွဲဆံထုံးလေးမှာ နားဆွဲလေးက လှုပ်တုပ်တုပ်နှင့် ရှိနေသည်။

မြန်မာ့ရိုးရာချည်ထည် ချယ်ရီရောင်ဝတ်စုံဖြင့် အလှတစ်မျိုးဆန်သော ရေးချယ်သည် သူ့ကိုမြင်သောအခါ မျက်လုံးတွေ ဝိုင်းသွားသည်။ အဲဒီ မျက်လုံးလေးတွေပါပဲ။ သူ့စိတ်ထဲ၊ သူ့ရင်ထဲ၊ သူ့ရဲ့မအိပ်စက်ခင် ညများစွာတိုင်း ရောက်လာတတ်သော မျက်လုံးဝိုင်းလေးတွေကိုမြင်တိုင်း သူငယ်ငယ်တည်းက နှစ်သက်စွဲလမ်းခဲ့သော စည်သူလွင်ရဲ့ မျက်ဝန်းသီချင်းကိုသွားပြီး သတိရမိသည်။

ဘာမှမဆွဲဆောင်လည်း ချစ်ဖို့ကောင်းစေတဲ့ မျက်ဝန်းလေးတွေပါပဲ။

"ဟယ် ... အစ်ကိုလည်း ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စက်ရုံကို လာကြည့်ရင်းနဲ့လေ။ ကဲ ... အဲဒါဆိုရင် လိုအပ်တာတွေ လိုက်ပြပေးမယ်လေ။ သွားကြစို့"

သူက ပြောလိုက်လျှင် ရေးချယ်က ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ ဘေးနားမကျတကျမှ လိုက်ပါလာသည်။ ရေးချယ်သည် ဒီနေ့အဖို့ သူ့ကိုတွေ့ရလိမ့်မည်ဟု မထင်ထားခဲ့ပေ။ ရေးချယ်တို့ survey ဆင်းလာသည့် အတွေ့အကြုံအရဆိုလျှင် ဘယ်ကုမ္ပဏီပိုင်ရှင်ကမှလဲ လိုက်မရှင်းပြတတ်ချေ။ စက်ရုံမှူးတို့၊ မန်နေဂျာတို့လောက်သာ ပြောပြကြပြီး ဘယ်ပိုင်ရှင်ကမှ အခုလိုမျိုး ပြောမပြဘူးပါ။

ရေးချယ်သည် ကိုယ့်ကို အုပ်မိုးနေသော အရပ်ကြီးရဲ့ဘေးမှာ လိုက်ပါလာရင်း နွေးထွေးလုံခြုံသလို ခံစားရသည်။ ကြည့်ပါဦး ... ဘယ်ဟာကဘာ ဘယ်ဟာကတော့ဖြင့် ဘယ်လို၊ ရှင်းလင်းပြောပြနေသည်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် ကြည့်ကောင်းလွန်းလှသည်။ ဒီလိုယောကျ်ားမျိုးကို အားကိုးမှီခိုရတဲ့ မိန်းကလေးဟာ ဘယ်လောက်တောင်များ ကံကောင်းလိုက်မလဲနော်။





ဘေးတိုက်မကျတကျ မြင်နေရသော စမတ်ကျကျလူတစ်ယောက်ကို ငေးရင်းမှ သူက ရေးချယ်ကို ငဲ့အကြည့်တွင် လန့်ဖျပ်ပြီး လူက ခြေခေါက်လဲသွားသည်။ ရုတ်တရက်မို့ ဘယ်လိုမှ မထိန်းနိုင်ဘဲ ဖင်ထိုင်လျက်သား လဲကျလေသည်။ အားလုံးရှေ့မှာမို့ ရှက်လိုက်သည့်ဖြစ်ခြင်းမှာ လဲတောင်သေချင်သည်။ သို့သော် ရေးချယ် လုံးဝထင်မထားသူက ရေးချယ်ကို ကမန်းကတန်းပဲထူသည်။

"ရေးချယ် ... ဖြစ်ရဲ့လား။ ဘယ်နာသွားသေးလဲ"

"ဖြစ် ... ဖြစ်ပါတယ်။ အီး ... နာပါဘူး ... အဟင်း။ ဟို ... ရေးချယ်ကလေ လူကသာကြီးတာ ခြေထောက်သိပ်မခိုင်ဘူး။ အဲ့ ... အဲဒါကြောင့် မကြာခဏ ခြေခေါက်လဲလေ့ရှိတယ် ... ဟီး ဟီး။"

မျက်နှာလေးနီရဲစွာနှင့် ဖြေရှင်းနေသော ရေးချယ်ကို တစ်ခဏမျှ စိုက်ကြည့်မိပြီးသည့် အဆုံးမှာတော့ သူ့ရင်ထဲမှာ ဘာဖြစ်သွားပြီ ဆိုတာကို သူ့ကိုယ်သူ သိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရရဲ့လား ရေးချယ်၊ တော်တော်နာသွားလား"

သူမရဲ့သူငယ်ချင်းကပါ မေးမြန်းသည်။ ရေးချယ်က အိုကေပါဟူသော အပြုံးလေးစွက်ရင်း ...

"ရပါတယ်။ မနာပါဘူး။ အစ်ကို ဆက်လုပ်ပါ ရတယ်၊ အားလုံးကိုပဲ အားနာလိုက်တာ ... ဟင်း ဟင်း"

သူမက အားလုံးကို ဝေ့ဝဲကြည့်ကာ တောင်းပန်စကားဆိုရင်း ထော့နဲ့ ထော့နဲ့ လမ်းလျှောက်သည်။ ကြည့်ရတာ မသက်သာပုံမို့ သူက သက်ပြင်းတစ်ချက် ရှိုက်မိကာ တီးတိုးပြောမိသည်။

"ခဏနေရင် တော်တော်နာလာမယ် ရေးချယ်။ ရုံးခန်းမှာ စောင့်ပါ။ ဆေးပူလိမ်းမှ ဖြစ်မယ်"

"အို ... ရပါတယ် အစ်ကို။ ဟို ... ရေးချယ် ..."

"ကိုယ့်စကားကို နားထောင်ပါ ရေးချယ်"

သူ့ရဲ့ တိုးတိတ်တိကျသော စကားသံအဆုံးမှာ ရေးချယ်တစ်ယောက် နှုတ်ပိတ်သွားရတော့သည်။ သူ ကြည့်တဲ့





အကြည့်တွေက ဇော်ပိုင် ဆိုထားသလို နူးညံ့တဲ့အမိန့်အလားပဲ ဖြစ်သည်။ အဲဒီ အညိုရောင်မျက်လုံးတွေရဲ့ လွှမ်းမိုးမှုအောက်က ရေးချယ် ဘယ်လိုမှ မထွက်နိုင်ပါ။

"သူက ဖြစ်တယ် မဟုတ်လားဟင်"

"အင်း ... ဖြစ်ပါတယ် ရေးချယ်ရဲ့။ နင့်ခြေထောက်က ရောင်လာဦးမယ်။ နားလိုက်ပါ"

"ကိုဝင်းကျော်ခေါင်ရေ ... ဝန်ထမ်းတစ်ယောက်နဲ့ သူ့ဆီကို ဒဏ်ကြေလိမ်းဆေးပဲဖြစ်ဖြစ် ဆေးပူတစ်ခုလောက် ပို့နိုင်းလိုက်ပါဗျာ၊ ရေးချယ် ... ဆေးလိမ်းထားလိုက်နော်"

သူ့အကြည့်၊ သူ့စကားသံတို့ကို ရေးချယ် တစ်ယောက် ဘာမှပြန်မပြောနိုင်ခဲ့ပေ။ မင်းဘိုသိုက်ကတော့ ကျန်တဲ့ ကောင်မလေးကို လိုအပ်တာတွေ လိုက်လံပြသပေးပြီးနောက် ရုံးခန်းရှိရာသို့ ပြန်ရောက်လာခဲ့သည်။ ဆက်တီတစ်ခုမှာ ကျုံ့ကျုံ့လေးထိုင်နေသော ရေးချယ်ကို မြင်ရသောအခါ ဘာရယ်မဟုတ်ဘဲ သနားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့ရောက်လာတိုင်း ကတုန်ကယင်နဲ့ နမော်နမဲ့ ဖြစ်တတ်သူလေး။ သူ့ရှေ့မှာ အနေရခက်နေတယ် မလုံမလဲ ဖြစ်နေတယ်ဆိုတာ သိရ၍ အဲဒါကလည်း သူ့ကို တစ်မျိုးတစ်မည် ရင်ခုန်ဆန်းသစ်စေလေသည်။ မိန်းကလေးတစ်ယောက်ရဲ့အနေခက် ပုံစံလေးဟာ ဒီလောက်တောင်ပဲ ချစ်ဖို့ကောင်းနေတတ်သလား ကွာ။

"သက်သာလား ရေးချယ်"

"ဟုတ် ... ဆေးလိမ်းထားတယ်။ သက်သာပါတယ်။ ဟင်း ... ဟင်း ... ဒီနေ့မှ ရေးချယ်ကလည်း ဖိနပ်အမြင့် စီးလာမိတာကိုး။ စီးနေမကျတော့ အဲလိုပဲ"

သူက အသာပြုံးလိုက်ကာ ရေးချယ်ကို စေ့စေ့ကြည့်လိုက်လျှင် ကလေးမက ဟဲခနဲရယ်ပြပြီး ရှေ့မှာချပေးထားသော ကော်ဖီကို ကောက်မော့သည်။ သူက မသိမသာဖြင့် ခေါင်းယမ်းမိပါသည်။ မင်း ကိုယ့်ကို တစ်ချိန်လုံးပဲ ငေးကြည့်နေခဲ့တာ မဟုတ်ဘူးလား ရေးချယ်ရယ်။ အမှတ်တမဲ့ဆုံမိတဲ့ အကြည့်နှစ်ခု ကြားမှာ ခြေခေါက်လဲခဲ့တာ မဟုတ်ဘူးလား။





"ဘာတွေလိုအပ်တာများ ရှိဦးမလဲ"

သူက စက်ရုံကိစ္စနှင့် ပတ်သက်ပြီး မေးလိုက်လျှင် ရေးချယ်နဲ့ အဖော်ပါလာသော ကောင်မလေးက ဝင်ဖြေသည်။

"ရပါတယ်ရှင့်။ အားလုံး အဆင်ပြေပါတယ်"

"အိုခေ ... အဆင်မပြေတာရှိရင် ပြောပေါ့"

"ဟုတ် ... အစ်ကိုလည်း ရုံးပြန်သွားရဦးမယ် ထင်တယ်။ ရေးချယ်တို့လည်း သွားတော့မယ်လေ။ ကျေးဇူးတင်ပါတယ် အစ်ကိုဘိုသိုက်"

ရေးချယ်က သူ့ကို ခပ်စိုက်စိုက်လေး ကြည့်ပြီး ပြောလိုက်သောအခါ သူက ပြုံးပြရင်း ခေါင်းတစ်ချက် ဆတ်လိုက်သည်။ ပြီးတော့ ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ရင်း ...

"အိုခေ ... ဒါဆို နောက်မှတွေ့ကြတာပေါ့"

"ဟုတ် ... ခွင့်ပြုပါဦး"

"ခွင့်ပြုပါဦးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



သူကံ နှစ်ယောက်စလုံးကို လက်တစ်ချက်ပြပြီး ခေါင်းညိတ်ပြလိုက်သည်။ သူမတို့နှစ်ယောက် ထွက်ခွာသွားလျှင် သူလည်း မန်နေဂျာကို မှာစရာရှိတာမှာပြီးနောက် စက်ရုံမှပြန်ထွက်လာခဲ့သည်။ ကားမောင်းလာရင်းမှ ကျေနပ်ပြည့်စုံမှုတစ်ခုကို ခံစားလာရသော ခံစားမှုမျိုးဟာ လုပ်ငန်းတွေ အောင်မြင်တုန်းက ခံစားချက်မျိုးနဲ့လည်း မတူပါ။ အို ... ဘာနဲ့မှကို မတူချေ။

ဖင်ထိုင်လျက်သား လဲကျသွားတုန်းက ပုံစံကို ပြန်မြင်ယောင်မိလျှင် သူက အသံထွက်အောင် ဟက်ခနဲ ရယ်မောမိသည်။ ဒီလို သဘောတကျ မရယ်ဖြစ်ခဲ့တာ ဘယ်လောက်တောင်ကြာခဲ့ပြီလဲ။ အား ... စိတ်တွေပေါ့ပါးနေလိုက်တာများ အင်နာဗွန်စီတောင် သောက်စရာ မလိုတော့အောင်ပါပဲလား။

❤ ○ ❤





၆

ရှူးတယ်လို့ပဲ ပြောချင်ပြောကြပါတော့။ ဒါမှမဟုတ်လည်း မတန်မရာကို မှန်းသည်ဟုပဲဆိုဆို ရေးချယ်ကတော့အပြုံးတစ်ချက်နဲ့ပဲ အသက်ဆက်မည်ဟူသော လူစားမျိုးဖြစ်သည်။ အပြုံးလေး ... မြတ်နိုးရင်ခုန်ဖို့ကောင်းတဲ့ အဲဒီအပြုံးလေးကို အာရုံထဲက လုံးဝဖျောက်မရတော့ချေ။ ထိုအပြုံးလေးကို မြင်ယောင်ပြီး ဘယ်နေရာမှာပဲဖြစ်ဖြစ် တက်ကြွသွားတတ်သည်။ ဒီနေ့ကတော့ အထူးတလည် တက်ကြွသည့်နေ့ဖြစ်သည်။ အာမခံထားမည့်ပစ္စည်းစာရင်းတွေကိုလုပ်ပြီး ကိုမင်းဘိုသိုက်ထံ ဖုန်းဆက်ရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးဖုန်းကိုဆက်ရင် ကောင်းမလား၊ သူ့ထံ တိုက်ရိုက်ဆက်သွယ်လို့ရသောဖုန်းကို ဆက်ရင်ကောင်းမလား၊ ဝေခွဲနေပြီးနောက် ရေးချယ်ရဲ့လက်တွေက အလိုလိုပဲ သူ့ရဲ့လက်ကိုင်ဖုန်းကို နှိပ်ပြီးသား ဖြစ်သွားလေသည်။ ဖုန်းက ချက်ချင်းဆိုသလိုပဲ ဝင်သွားပြီး အဲဒီအခိုက်အတန့်လေး၌ ရေးချယ်ရဲ့သည်းအူများက တဆတ်ဆတ် တုန်နေကြသည်ဟု ထင်သည်။

"ဟယ်လို"

တယ်လီဖုန်းထူးသံက ပကတိကြည်လင်စွာ ထွက်လာသည်။ မာတာလည်းမဟုတ် ပျော့တာလည်းမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော အသံလေးကို ရေးချယ် ရင်ခုန်လိုက်တာ။

"ဟယ်လို ... ပြောပါ"

"အစ်ကိုသိုက် ရေးချယ်ပါ"

"ဩော် ... ရေးချယ်၊ ပြောလေ"





"စက်ပစ္စည်းစာရင်းတွေ detail ရပါပြီ အစ်ကို။ အမျိုးပေါင်း(၅၀)ပါ။ ဝယ်တုန်းက rate တွေလည်း ရပါပြီ။ အခု စာရိုက်နေတယ်လေ။ အဲဒါ ခဏနေရင် အစ်ကို့ဆီ Fax နဲ့ လှမ်းပို့ပေးမယ်လို့ ပြောပြတာပါ"

"အိုခေ ... အလုပ်တွေ တော်တော်ရှုပ်နေတယ် ထင်တယ် ဟုတ်လား ရေးချယ်"

သူ့အသံက ပေါ့ပေါ့ပါးပါးဖြင့် တရင်းတနှီးဆန်လှျင် ရေးချယ်ရင်ထဲ၌ တရားလွန် ချမ်းမြေ့သွားရသည်။

"အင်း ... ရှုပ်တယ်လည်း မဟုတ်ပါဘူး အစ်ကိုရယ်။ အဲလိုရှုပ်ချင်လို့ကို တမင်ကြိုးစားပမ်းစား လိုက်ထားရတာလေ"

"အင်းပေါ့ ...။ အိုခေလေ ... ဒါဆို ပို့လိုက်။ ကြည့်ပြီးမှ ဆက်ပြောကြတာပေါ့"

"ဟုတ်ကဲ့ အစ်ကို၊ ဒါဆို ဖုန်းချလိုက်မယ်နော်"

"အင်း ... ခဏလေး ရေးချယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖျတ်ခနဲတားလိုက်လျှင် ရေးချယ်က ဘာပြော မလို့ပါလိမ့်ဟု နားစွင့်မိသည်။

"ခြေထောက် သက်သာလားလို့ မေးမလို့ပါ"

"ဟုတ် … သက်သာပါတယ်။ တော်သေးတယ် ဖြစ်ဖြစ်ချင်း ဆေးလိမ်းလိုက်လို့ အိုခေသွားတယ်"

"အင်း … ဂရုစိုက်မှပေါ့။ အိုကေ … ဆီးယူ"

"ဟုတ်ကဲ့"

ရေးချယ်က ဖုန်းမချနိုင်သေးဘဲ ဖုန်းခွက်ကြီးကို ရင်ဘတ်မှာကပ်ကာ နွေးထွေးရှိန်းမြစွာ ပြုံးနေမိသေးသည်။ ရေးချယ်ကို အဲဒီလိုမေးတာလေးဟာ ရိုးရိုးသာမန်ဂရုစိုက်မှု ဆိုပေမယ့် ပြောမပြတတ်အောင်တော့ ကြည်နူးရသေးသည်။ အဲဒီကြည်နူးမှုနှင့်အတူ ပစ္စည်းစာရင်းတွေကို Fax ဖြင့် ဘယ်လိုပို့မိလဲတော့မပြောတတ်ချေ။

ခဏနေတော့ သူ့ဆီက ဖုန်းပြန်ဝင်လာသည်။





"ဟုတ် အစ်ကို။ အဆင်ပြေရဲ့လားဟင်၊ အားလုံးမှန်တယ် မဟုတ်လား"

"စာရင်းက အဆင်ပြေပါတယ်။ သုညတွေ ပိုနေတာပဲ ခက်တာ"

"ရှင် … တ … တကယ်လား အစ်ကို"

ရေးချယ်က ချက်ချင်းပဲ ခေါင်းမွေးတွေ ထောင်သွားသလို ခံစားရသည်။ ဘုရားရေ … ဒါကို သူ့ဌေးသာသိရင် ရေးချယ်ကို သတ်တော့မည်။ ပြီးတော့ တခြားလုပ်ငန်းရှင်တစ်ယောက်ဆိုလည်း ရေးချယ် ကောင်းကောင်းပြဿနာတက်ပြီဖြစ်သည်။

"ကိုယ် အီးမေးလ်နဲ့ ပြန်ပို့ပေးလိုက်မယ်လေ။ ကြည့် … ကြည့်ပေါ့"

"အဲ … ဆောရီး။ ဆောရီးပါ အစ်ကိုရယ်။ ရေးချယ် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်လို့ ရတိုင်းလား ရေးချယ်။ ဒါ ပေါ့သေးသေး ကိစ္စမှ မဟုတ်တာ။ မင်းသူဌေးကို ပြောရလိမ့်မယ်။ ဒီလောက်ညံ့တဲ့ဝန်ထမ်းတွေကို အလုပ်ခန့်ထားရသလား ဆိုပြီးတော့လေ"

"ရှင်"

သူက ပုံမှန်လေသံနဲ့ ပြောနေသောကြောင့် အတည်ပြောနေတာလား၊ နောက်နေတာလား ဆိုတာ ဘယ်လိုမှ ခွဲခြားမသိနိုင်ချေ။ ရေးချယ်သိတာတော့ ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေမိတာပဲ ဖြစ်တော့သည်။ ငါ တော်တော်အသုံးမကျတဲ့ မိန်းမပါလားနော်။ တကယ်ကို သေသင့်နေပြီပဲ။ ဒီလောက်အရေးကြီးတဲ့ကိစ္စကိုတောင်မှ တလွဲဖြစ်အောင်ကို လုပ်သေးတယ်။ တောက် ...။

"ဟို ... ရေးချယ်၊ တောင်းပန်ပါတယ် အစ်ကိုရယ်"

"ဒီလို လွယ်လွယ်တောင်းပန်ရုံနဲ့တော့ ဘယ်ရမလဲ"

"ရှင်"

"မင်း ကိုယ့်ကို ကော်ဖီတိုက်ရင် ခွင့်လွှတ်ပေးမယ်။ ဘယ်လိုလဲ"





အဲဒီစကားကြောင့် ရေးချယ် နှလုံးသားထဲ၌ အေးခနဲပဲ ဖြစ်သွားသည်။ ဒီလိုကိစ္စမျိုးတွေ ရှိသတဲ့လား။ ဒါ ... ဒါဟာ ...။ ရေးချယ်ရဲ့လက်ဖျားတွေ ချက်ချင်းပဲ အေးစက်လာကာ နှလုံးသားတစ်ခုလုံး ပူနွေးတုန်ယင်လာသည်ဟု ထင်မိလေသည်။

"အ ... အစ်ကို ... တကယ်ပြောနေတာလား"

"sure !"

"ဟို ... ဘယ် ... ဘယ်တော့လဲဟင်"

"ရွေးချယ် ... အဆင်ပြေမယ့်အချိန်နဲ့ နေရာပေါ့"

-ကြည့်စမ်း ...။ တကယ်ကို ပြောနေတာပဲ။ မယုံမရှိကြပါနဲ့နော်။ အောင်သုခရဲ့ Leader man မင်းဘိုသိုက် ကိုယ်တိုင် ရေးချယ်ကို ကော်ဖီလိုက်တိုက်ဖို့ ပြောနေတာပါ။ စန္ဒီမြင့်လွင်ဆိုထားသလို SHOCK အကြီးကြီးပါရှင်။

"ဟင် ? ရေးချယ်။ Can u do it ?"

အို ... သူ ပြောသွားတဲ့ အင်္ဂလိပ်လေယူလေသိမ်းကလည်း နားထောင်လို့ ကောင်းလိုက်တာ။ ရေးချယ်တို့လို ငါးပိသံတွေနဲ့ တခြားဆီပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ...။ ဟိုလေ ... လာမယ့်ဆန်ဒေးဆို ရေးချယ် အားပါပြီ။ အစ်ကိုသာ အားမယ့်အချိန်လေးနဲ့ ပြီးတော့ အစ်ကိုသောက်နေကြ ဆိုင်ကိုပဲ ရွေးလိုက်ပါ"

"အမြင့်ကြိုက်လား ရေးချယ်"

"ရှင် ... ဘာအမြင့်ကို ပြောတာလဲ။ ကော်ဖီဆိုင်နာမည် အမြင့်တဲ့လား"

ရေးချယ်ရဲ့စကားကြောင့် သူက အူလှိုက်သည်းလှိုက် ရယ်မောလေသည်။ ရေးချယ်ကတော့ ဘာမှန်းမသိဘဲ အူကြောင် ကြောင်ဖြင့် ခေါင်းကုတ်နေရသည်။ ဒါပေမဲ့လည်း ကြည်နူးလှိုက် ဖြာ ပီတိကမ္ဘာထဲ ရောက်နေတာကတော့ဖြင့် သေချာပါသည်။

"ကိုယ်မေးတာက နေရာမြင့်မြင့်တွေကို ပြောတာ။ တချို့က အမြင့်ကြောက်တယ်တို့ ဘာတို့ ရှိတယ်လေ။ ရေးချယ်ကရော အမြင့်ကြောက်လား ကြိုက်လား အဲဒါကိုမေးတာ"

"အာ ... ရေးချယ်က အမြင့်အရမ်းကြိုက်တာ။ အမြင့်ကြီးကနေ အားလုံးကိုစီးမိုးပြီး ကြည့်ရတာကို အကြိုက်ဆုံးပဲ ...





သိတယ်မှလား ကိုယ်က ဘာမှမဟုတ်တော့ အဲဒီအချိန်လေးပဲ အမြင့်ကကြည့်ရတာလေ ... ဟင်း ... ဟင်း"

ရေးချယ်ရဲ့စကားအဆုံးတွင် တစ်ဖက်က အသံတိတ်သွားသလိုရှိ၏။ သက်ပြင်းချလိုက်တာလား ရှိုက်လိုက်တာလား မပြောတတ်သော အသံတစ်ခုကို မသဲမကွဲ ကြားလိုက်ရပြီးနောက် ...

"အိုခေလေ ... ဒါဆို ကိုယ့်ကို ဆာကူရာတာဝါက ကော်ဖီဆိုင်မှာ ကော်ဖီတိုက်ပေါ့။ ကော်ဖီသောက်လို့ ကောင်းမယ့်အချိန် နေ့လယ်ခင်း နှစ်နာရီလောက်ဆို အဆင်ပြေတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

"ဒါဆို ကိုယ် စောင့်နေလိုက်မယ်။ သင့်ခ်ယူ ရေးချယ်။ ဒါပဲနော်"

သူ ဖုန်းချသွားပြီးနောက်ထိ ရေးချယ် ဖုန်းမချရသေးချေ။ ဖုန်းခွက်ကိုကိုင်ပြီးနောက် ရင်တွေတဒိတ်ဒိတ်ခုန်ပြီးနောက် ကျန်ရစ်ခဲ့သည်။ ရေးချယ်တို့ ဘာတွေဖြစ်နေတာပါလိမ့်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



Date လုပ်တဲ့သဘောပဲ။ သူနဲ့ ရေးချယ်ဟာ ဒီလောက်ထိပတ်သက်စရာလိုတဲ့ အနေအထားမှ မဟုတ်တာ။

ဒါပေမဲ့ တနင်္ဂနွေနေ့ နေ့လယ်နှစ်နာရီမှာတော့ ဆာကူရာတာဝါအထပ်နှစ်ဆယ်မှာ သူနဲ့အတူ ကော်ဖီသောက်ဖို့ ချိန်းလိုက်မိပြီ။

အရင်ကတွေ့ခွင့်ရဖို့တောင် အခါတစ်ရာမက ဖုန်းဆက် ခဲ့ရသူတစ်ယောက်နှင့် ခုတော့လည်း ကော်ဖီအတူသောက်ရင်း၊ စကားစမြည်ပြောရင်း ရှိနေတော့မှာပါလား။

ဒါဟာ အိပ်မက်တစ်ခု မဟုတ်ဘူးဆိုရင် ရေးချယ် ဘာဆက်လုပ်ရမလဲ။ သေချာတာကတော့ အဲဒီနေ့အတွက် ရင်ခုန်စိတ်လှုပ်ရှားနေသည် ဆိုတာက ပြောစရာမလိုသောအချက်ပဲ ဖြစ်လိမ့်မည်။

❤ ○ ❤





၁၀

ယောက်ျားလေးတစ်ယောက်ဖို့ အပြင်သွားဖို့ အဝတ်အစား မရွေးချယ်ရဘူးဟု မထင်ပါနဲ့၊ အထူးသဖြင့် ဘိုသိုက်တစ်ယောက် Super Sunday အတွက် အဝတ်အစားကို စိတ်ဝင်တစား ရွေးချယ်နေမိသည်။ ခါတိုင်းကရုပ်နှင့် လောင်းပန်ကိုသာ ဝတ်ဆင်တတ်ခဲ့သေသူသည် ဒီနေ့တော့ V shape တီရှပ်လက်ရှည် အနက်ရောင်အကျႌကို လက်ပင့်တင်ထားပြီး ဂျင်း(န်)တစ်ထည်ဖြင့် ဝတ်ဆင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကို ခါတိုင်းပတ်နေကျထက် လှငယ်ဆန်သော Sport type ပုံစံကိုပတ်ကာ သူ သုံးနေကျ Cool water ရေမွှေး ဆွတ်ပြီးနောက် အပြင်ထွက်ဖို့ ရယ်ဒီဖြစ်ပြီ။ နှစ်နာရီချိန်းထားတာမို့ အခုချိန် သူ အိမ်ကထွက်လျှင် ဆယ့်ငါးမိနစ်လောက်တော့ ကြိုရောက်နေမှာဖြစ်သည်။ သူက အရေးကြီးသော ဆက်သွယ်ရေး တစ်ခုဖြစ်သည့်ဖုန်းကို မမေ့လျော့စွာ ဘောင်းဘီအိတ်ကပ်ထဲထည့် တုန်းမှာပဲ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။

Ring Tone ခွဲခြားသုံးတတ်သူမို့ ထိုတီးလုံးသံလေးဟာ ဇူဇူ့ဆီကဆိုတာ သိလိုက်ရပါသည်။ ဇူဇူသည် ဒီမနက်ဆယ်နာရီက ရန်ကုန်သို့ ပြန်ရောက်လာပြီဟု သူ့ကို Message ပို့ထားသည်။ အခု ဖုန်းဆက်လာခဲ့ပြီ။

"အင်း ... ဇူ"

"ဘို ... ဘာလုပ်နေလဲဟင်"

"ကိုယ်လား ... အခုပဲ အပြင်သွားတော့မလို့"





"ဟင် ... ဟုတ်လား။ ဇူက ခုပဲ အပြင်မှာ တစ်ခုခုသွားစားမလားလို့၊ ဘို့ကို ချိန်းမလို့။ ဘိုက အပွိုင့်မန့်ရသွားပြီပေါ့ ...

ဘယ်သူနဲ့ ချိန်းထားတာလဲ"

"အင်း ... မိတ်ဆွေတစ်ယောက်ပါ။ ကော်ဖီလေး ဘာလေးသောက်ပြီး စကားစမြည် ပြောမလားလို့"

"ဪ ... အင်းပေါ့။ ချိန်းပြီးသား ဆိုရင်တော့ ဘယ်တတ်နိုင်မလဲ။ ဇူက ဂန်ပေါင်က မင်းလမ်းဆိုင်မှာ ရနိုင်မုန့်တီသုပ် သွားစားချင်နေတာ ...

အင်း ... ဘိုကလည်း အဲဒါတွေ မကြိုက်တတ်တော့ အတော်ပါပဲ။ ဘုတ်ဘုတ်နဲ့ပဲ သွားလိုက်တော့မယ်"

"အိုခေ ... ဒါဆို ညမှ ကိုယ်ဖုန်းဆက်လိုက်မယ်၊ ဘိုင့်ဘိုင် ဇူ"

"ဘိုင့်"



www.burmeseclassic.com

www.burmeseclassic.com



ဇူက ကြည်ကြည်သာသာပဲ ဖုန်းချသွားလျှင် သူက ပခုံးတစ်ချက်တွန့်ရင်း ထွက်လာခဲ့သည်။ ဇူဇူသည် အဲဒီလိုတွေတော့ သူ့ကို ထွေလီကာလီ လိုက်မစစ်တတ်ပါ။ မစစ်ဆို သူကလည်း မိန်းကလေးကိစ္စက ဘာမှမရှိအောင် ရှင်းလင်းသူမို့လည်းဖြစ်သည်။ ပြီးတော့ ဇူဟာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသော မိန်းကလေး တစ်ယောက်လည်း ဖြစ်သေးသည်။ သူမလို ဖူးဥနုရွှအောင် စမတ်ကျကျလှသော အထက်တန်းလွှာ အသိုင်းဝန်းက မွေးဖွားလာ သော မိန်းကလေးတစ်ယောက်ကို ကျော်လွန်ပြီး တခြားဘယ် မိန်းကလေးကမှ သူ့စိတ်အာရုံထဲသို့ ရောက်လာမည်မဟုတ်ဟု လည်း ထင်ထားပုံရလေသည်။

သူက ကားမောင်းရင်းမှ ဇူ့အကြောင်းကို ခေါင်းထဲ မှထုတ်ကာ သီချင်းလုမ်းဖွင့်ရင်း ဆာကူရာတာဝါသို့ မောင်းလာ ခဲ့သည်။ အပေါ်ထပ်သို့ရောက်ပြီး နှစ်နာရီထိုးအပြီး ငါးမိနစ်မှာ ပဲ ရေးချယ် ရောက်လို့လာလေသည်။ သူ တစ်ခါမှ မမြင်ဖူးသော





ရှပ်အင်္ကျီဖြူလွလွလေးနှင့် ဂျင်း(န်)ပန်အပြာကို ဝတ်ဆင်ထားသော ရေးချယ်သည် ပခုံးကျော်ရုံဝဲနေသော Step ဆံပင်အထပ်ထပ်လေး များကို ဒီအတိုင်းချထားကာ အိတ်တစ်လုံးကို စလွယ်သိုင်းလွယ် ပြီး Free style ဖြင့် ရောက်လာခြင်းဖြစ်သည်။

အခုမှ ရေချိုးလာသလို လန်းဆန်းလတ်ဆတ်နေ သော ရေးချယ်ရဲ့ပုံစံလေးကို သူက တစ်ခဏမျှ ငေးစိုက်သွားရ သည်။

"အစ်ကို ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး"

"ဘာမှာထားလဲ အစ်ကို"

"မမှာရသေးဘူး။ ရေးချယ်ကို စောင့်နေတာလေ"

"ဩော် ... မှာထားရောပေါ့။ ရတယ် ... ရေးချယ်က အမေရိကန်နို့ပဲ သောက်တာ"

"အိုခေ ... အမေရိကန်နို နှစ်ခွက်ပဲ ယူခဲ့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက အနားမှာ အသင့်လာရပ်နေသော ဝိတ်တာကို လှည့်ပြောပြီးလျှင် ရေးချယ်ကို တစ်ချက်ပြုံးကြည့်မိသည်။ ပလတ်တီနမ်နားကွင်းထူထူလေး ဝတ်ဆင်လာသော ရေးချယ်သည် ကြည့်ရတာတော့ နားဆွဲနားကပ်လေးများကို အင်မတန်နှစ်ခြိုက်သူပဲ ဖြစ်ပါမည်။

"ရေးချယ်ကို ကြည့်ရတာ စတိုင်လ်ပြောင်းထားတယ်နော်"

"ဟုတ် ... ရေးချယ်က ရုံးတက်ရင်သာ မြန်မာဝတ်စုံဝတ်ဖြစ်တာပါ။ အပြင်မှာတော့ free style ပဲ ဝတ်တတ်တယ်"

"အင်း ... ဘယ်လိုပဲဝတ်ဝတ် ကြည့်ကောင်းပါတယ်"

သူက နွေးထွေးစွာ စိုက်ကြည့်ရင်း ပြောလိုက်လျှင် ရေးချယ်က ချစ်စဖွယ်ကောင်းစွာပြုံးသည်။ ဒီကလေးမဟာ ပြုံးလိုက်ရင် သိပ်လှတာပဲ။ နှုတ်ခမ်းထူထူလေးတွေနဲ့ ပြုံးတာဟာ ဘယ်လိုကြည့်လို့ကောင်းမှန်း မသိပါ။ သိပ်အချောလှကြီးလည်း မဟုတ်ပါဘဲနှင့် (ပြောရရင် ရှုရှု့လောက်တောင် မချောပါဘဲနှင့်) ဘယ်နေရာက ကြည့်ကောင်းနေတတ်လဲတော့ မသိပါချေ။





"ရေးချယ် ... ကိုယ့်ကို မိတ်ဆွေတစ်ယောက်အဖြစ်သတ်မှတ်လား"

"ဟက် ... အစ်ကိုက ဟာသတွေ သိပ်ပြောတာပဲ"

ရေးချယ်က နို့နဲ့ကော်ဖီ၊ သကြားကို အချိုးတကျ စပ်ဖျော်နေရင်းမှ သူ့ကို မျက်လုံးလေးဝင့်ကာ ပြောလိုက်ပုံသည် ရင်ခွင်တစ်ခုလုံးအား နွေးထွေးရှိန်းမြသွားစေသည်။ ကြည့်စမ်း... အသိနဲ့ သတိတဲ့။ ဒီလို နွေးထွေးရှိန်းမြနေတဲ့ ခံစားချက်မျိုး ဖီလင်မျိုးကို ဘယ်တုန်းကမှ သူ မခံစားဖူးပါ။

"ဘာလို့လဲ ရေးချယ်ရဲ့"

"အစ်ကို့ကို ဒီမှာတောင်ချိန်းပြီး ကော်ဖီတိုက်နေတဲ့ဟာပဲ။ မိတ်ဆွေလို့ သတ်မှတ်လားဆိုတော့ နောက်နေသလိုပဲပေါ့"

"အင်း ... အဲလိုဆိုလိုတာ မဟုတ်ပါဘူး။ ကိုယ့်ကိုတကယ်ခင်တဲ့ မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ရင် ရေးချယ်ရဲ့ Profile လေး ပြောပြပါလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ရေးချယ်က နယ်ကပါ။ ဖာတိကာ မုံရွာကပေါ့။ မိဘတွေလည်း အဲဒီမှာပဲ။ မိဘတွေက ရိုးရိုးကုန်သည်တွေပါပဲ။ ရေးချယ်က နယ်မှာမနေချင်တာနဲ့ ရန်ကုန်မှာသင်တန်းလာတက်ရင်း အလုပ်‚လုပ်ဖြစ်သွားတယ် ဆိုပါတော့ …

ရေးချယ်တို့က မိန်းကလေးသုံးယောက် စုနေကြတာပေါ့။ မသူရဲ့တိုက်ခန်းမှာ မသူရယ်၊ ချောစုရယ်၊ ရေးချယ်ရယ်ပေါ့။ အားလုံး ဝန်ထမ်းတွေပါပဲ။ အင်း … ရေးချယ်ရဲ့အကြောင်းက ဒါလောက်ပါပဲ။ သိပ်စိတ်ဝင်စားစရာမရှိပါဘူး"

သိပ်ရှိတာပေါ့ မိန်းကလေးရယ်။ မင်းကို ရင်ခုန်ပတ်သက်မိမှတော့ မင်း ဘာအစားအစာ ကြိုက်တာလဲ ဆိုတာကလည်း ကိုယ့်အတွက် စိတ်ဝင်စားစရာ တစ်ခုပေါ့။

"ကိုယ့်အကြောင်းရော ဘာသိချင်လဲ ရေးချယ်"

သူမက သူ့ကို မျက်လုံးဝိုင်းကြီးများနှင့် မော့ကြည့်ရင်းမှ အသာအယာ ပြုံးပြသည်။ ပြီးတော့ ခေါင်းယမ်းပြပါသည်။





"စိတ်ဝင်စားစရာ မရှိဘူးပေါ့၊ ဟုတ်လား"

"အဲလိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ရေးချယ်ရဲ့စိတ်ထဲမှာလေ အစ်ကို့အကြောင်းကို ဘာမှ ထွေထွေထူးထူးသိချင်တာမျိုး မရှိဘူး"

"အင်း … ထားပါလေ။ ရေးချယ်ကို ညဘက်တွေ ဘာတွေ ကိုယ် ဖုန်းဆက်လို့ ရမလား"

"ရှင် ! "

ကော်ဖီကို သောက်တော့မည့်ဟန်ပြင်ပြီးမှ အံ့ဩသွားပုံဖြင့် ရေးချယ်က သူ့ကိုကြည့်သည်။ သူက ဆုံးဖြတ်ချက်ကျပြီးသောပုံစံဖြင့် ရေးချယ်ကို ခေါင်းတစ်ချက်ဆတ်ရင်း ထပ်မေးလိုက်သည်။

"ဟုတ်တယ် … ရေးချယ်။ ကိုယ် ဖုန်းဆက်ချင်တယ်"

"ဟို … ရေးချယ်မှာ ဖုန်းမရှိပါဘူး"

"အင်း … ဒါဖြင့်ရင် တခြားသူငယ်ချင်းတွေဆီမှာရော"



www.burmeseclassic.com

www.burmeseclassic.com



“အဲ ... ဟို ... အိမ်မှာ ဖုန်းရှိတယ်လေ။ မသူမှာလည်း ဟန်းဒ်ဖုန်းရှိပါတယ်”

“ဟား ဟား ... အိမ်မှာဖုန်းရှိရင် ပြီးရောပေါ့ ရေးချယ်ရဲ့။ ကြိုးဖုန်းမဟုတ်လား”

“ဟုတ်”

“အိုခေ ... ကိုယ့်ကို နံပါတ်ပြော”

သူက ရေးချယ် ရွတ်ပြသော ဖုန်းနံပါတ်ကို သူ့ဖုန်းထဲတွင် မှတ်ထားလိုက်သည်။

“ညဆိုရင် ရေးချယ် ဘယ်အချိန်မှ အိပ်တတ်လဲ”

“ပုံမှန်တော့ မရှိပါဘူး။ ရေးချယ်တို့က ကိုရီးယားသရဲတွေဆိုတော့ တစ်ခါတလေ ညဥ့်နက်တဲ့အထိလည်း ကြည့်ချင် ကြည့်နေတာ”

“အိုခေ ... ဒါဆိုရင် ကိုယ် မအိပ်ခင် ဆက်လိုက်မယ်လေ။ ဆယ်နာရီလောက်ဆို ဖြစ်တယ် မဟုတ်လား”

“ဟုတ် ... ရပါတယ်”





“အင်း ... ဒါဆိုရင် ရေးချယ် ဘယ်သွားစရာရှိသေးလဲ။ ကိုယ် လိုက်ပို့ပေးမယ်”

“ဟို ... မရှိပါဘူး”

“ဒါဆို အိမ်ပဲပြန်မှာပေါ့။ အိုခေ ... လိုက်လို့ပေးမယ်နော်”

“ဟို ... ရပါတယ် အစ်ကိုရဲ့။ အစ်ကို သွားစရာရှိတာ သွားပါ။ ရေးချယ် ကိုယ့်ဟာကိုယ်ပဲ ပြန်ပါ့မယ်”

“ဘယ်ဟုတ်ပါ့မလဲ ရေးချယ်ရယ်။ ကိုယ့်ကို အဲလိုသူစိမ်း မဆန်ပါနဲ့။ ကိုယ် လိုက်ပို့ပေးမယ် ဟုတ်ပြီလား”

“ဟို ... ရေးချယ်က ချက်ချင်းမပြန်သေးဘူး။ ပန်းဆိုးတန်းမှာ စာအုပ်လေး ဘာလေး လျှောက်ကြည့် မွှေပြီး အရွေလေး ဘာလေး ဝယ်ပြီးမှ ပြန်မှာ ...

အဲဒါကြောင့်”

“လမ်းဘေးမှာ ဝက်သားတုတ်ထိုးလေးရော ထိုင်မစားချင်ဘူးလား”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလုပ်ဖို့ ဆန္ဒရှိရင်တောင် ကိုယ်က ရေးချယ်နဲ့အတူ လိုက်ပေးဖို့ စိတ်ကူးရှိပြီးသားမို့ပါ။ ကဲ ... ဘယ်လိုလဲ ရေးချယ်။ အိုခေလား"

သူ့စကားအဆုံးတွင် ရေးချယ်က နှုတ်ခမ်းလေး ခပ်ဟဟပွင့်ကာ တစ်ခဏမျှ စိုက်ကြည့်နေပြီးနောက် နှုတ်ခမ်းထဲမှ လေထွက်ရုံ ဟားခနဲ တစ်ချက်မြည်တမ်းသည်။ သူ့ကိုတော့ မနိုင်တော့ဘူး ဟူသော ပုံစံမျိုးမို့ သူက သဘောတကျ ပြုံးရသေးသည်။ အဲဒီနောက်မှာတော့ အဲဒီ ... အဲဒီ နောက်မှာတော့ ...။

သူဟာ ရေးချယ် သွားရာ ပန်းဆိုးတန်းက စာအုပ်ဆိုင်လေးများသို့လည်း အတူပါခဲ့သည်။ လမ်းဘေးမှာ DVD ခွေတွေ ရွေးတော့လည်း သူပါ စိတ်ဝင်တစား ဝင်ရွေးခဲ့သေးသည်။ သူဖတ်ဖို့ ရေးချယ် ညွှန်လေသော စာအုပ်တစ်အုပ်ကိုလည်း ဝယ်ဖြစ်ခဲ့သည်။ လှသူရှင်းသော မြို့လယ်ကောင်၏ အားလပ်ရက် မြင်ကွင်းကို နှစ်ယောက်သား အတူခံစားဖြစ်ခဲ့ကြသည်။





ထူးခြားမှုအနေနဲ့ကတော့ သူ့စိတ်တွေ ပေါ့ပါးလန်းဆန်းနေလွန်းတာပဲဖြစ်သည်။ အလုပ်ထဲမှာ တည်ငြိမ်သော၊ ရင့်ကျက်သော၊ အမှားအမှန် ခွဲခြားရမည်ကို သိသောစိတ်နဲ့သာ နေထိုင်ခဲ့ရသမျှ ဒီကောင်မလေးနှင့် တွေ့နေစဉ်အချိန်မှာတော့ ဘာကိုမှ စဉ်းစားတွေးတောနေစရာမလို။

လွတ်လပ်ပေါ့ပါးခြင်း၊ အကြည်ဓာတ်ရှိခြင်းတို့ဟာ ကူးစက်တတ်သည့်သဘောကို ဆောင်သည်။ ရေးချယ်ကို အိမ်အထိ လိုက်ပို့ပေးရင်း သူတို့နှစ်ယောက်ကြားထဲတွင် ကြိုးလေးတစ်ချောင်းက စတင်နှောင်ဖွဲ့မိပြီဆိုတာကို သူတို့ကိုယ်တိုင်လည်း မျက်ဝန်းများဖြင့် အသိပေးဖြစ်ခဲ့ကြသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



၁၁

"ဘုရားရေ ...။ ဒါဆို သူက ဘာလဲ။ ဒါ နင့်ကိုစိတ်ဝင်စားတဲ့သဘောမျိုး မဟုတ်ဘူးလား ရေးချယ်။ ဟင် ? ... အဲဒါ ဘာသဘောလဲ၊ နင် ဘယ်လိုထင်လဲ"

ရေးချယ်လည်း ဘာမှမပြောတတ်တော့ပါပေ။ ဧည့်ခန်းထောင့်မှာ ကြိမ်စင်လေးတစ်ခုနှင့် တင်ထားသော တယ်လီဖုန်းအနက်လေးကို စိုက်ကြည့်ရင်း ရင်ထဲမှာ လှပ်လှပ်ဖြစ်နေသည်။ ဒီဖုန်းလေးဟာ ညဆယ်နာရီမှာ မြည်လာလိမ့်မည်။ ဆက်မည့်သူက အောင်သုခရဲ့ဦးဆောင်သူ မင်းဘိုသိုက်။ ရေးချယ်နဲ့ယှဉ်လျှင် အစစအရာရာ အပြတ်အသတ် ကွာခြားသူတစ်ယောက်ဖြစ်သည်။





ညဆယ်နာရီမှာ ဆက်မည့်ဖုန်းသည် အာမခံကိစ္စတော့ မဖြစ်တန်ရာပေ။

"အင်း ... ငါမပြောဘူးလား။ ရှေ့ဆက်ရန် ဇာတ်လမ်းရှိတယ်လို့"

မသူရဲ့စကားကို ချောစုက အံ့သြတကြီးဟန်ဖြင့် ကြည့်သည်။

"ဟယ် ... အိုညီးက အကြားအမြင် ရနေတာလားဟင်။ ဘာလို့ အဲလိုကြိုသိနေရတာလဲ"

"ရေးချယ်ရဲ့ပုံစံလေးက စိတ်ဝင်စားစရာ ကောင်းတာကိုးဟဲ့"

"ဟား ဟား ... မသူရယ်။ အချင်းချင်းတွေ လာမြှောက်နေပြန်ပြီ"

ရေးချယ်က မနက်ဖြန် ရုံးထမင်းချိုင့်ထည့်ဖို့အတွက် မနက်ကျရင် အဆင်သင့်ကြော်နိုင်အောင် ပဲပင်ပေါက်လေးတွေ အညှာခြွေရင်းမှ စိတ်ပျက်လက်ပျက်ရယ်ပြီး ပြောမိသည်။ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကျရင် ဝက်သားနဲ့ ပဲပင်ပေါက်ကြော်မည်။ အညာလက်ရာတစ်မျိုး ဖြစ်သော ခရမ်းချဉ်သီးထောင်းမည်။ ရေးချယ်တို့ သုံးယောက်မှာ တစ်ယောက်တစ်လှည့်စီ ချက်ရေးပြုတ်ရေး တာဝန်ယူကြသူများ ဖြစ်သည်။

"မြောက်နေတာ မဟုတ်ဘူး ရေးချယ်။ ငါက ကြုံလို့ပြော ပြတာ။ နင်က ငေးနေအောင် လှတဲ့သူမျိုးတော့ မဟုတ်ဘူး ဒါပေမဲ့ ဖျတ်ခနဲ ဖျတ်ခနဲမှာ အရမ်းကြည့်ကောင်းတဲ့အ တစ်ခု ပေါ်,ပေါ်လာတတ်တယ် ...

အဲဒီကို သတိထားမိပြီး ဂရုတစိုက်နဲ့ တစိမ့်စိမ့် စောင့်ကြည့်ရင် နင်က အရမ်း Attrection ရှိတာပေါ် လိမ့်မယ် ...

အဲဒါကို မင်းဘိုသိုက် ဆိုတဲ့လူက သတိထားမိသွား ပုံပဲဟ"

ချောစုက ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေသော်လည် ရေးချယ်ကတော့ တစ်နေရာရာကိုသို့ ကြည့်နေရင်း ရင်ထဲမှာပြော





ဆန်နေမိသည်။ သူ့ကို ကိုယ်က သဘောကျခဲ့သည် ဆိုတော့လည်း ဒီလိုအခြေအနေထိတော့ မမျှော်လင့်ခဲ့တာ အမှန်ပါပေ။ ဘယ်လိုမှ ကို ဆက်စပ်လို့မရတဲ့ အနေအထားပါပဲ မဟုတ်လား။

"နင် ဘယ်လိုဆုံးဖြတ်မှာလဲ ရေးချယ်။ ဒီပုံစံအတိုင်းဆို သူက ရှေ့တိုးလာမယ်နဲ့ တူတယ်"

ခါတိုင်းဆို တဟိဟိ တခွိခွိနှင့် ပြန်လည်နောက် ပြောင်မည့်သူဖြစ်သော ရေးချယ်သည် ဒီတစ်ခါတော့ ဘာမှမပြော နိုင်ဘဲ ငြိမ်သက်တိတ်ဆိတ်နေမိသည်။ မျက်လုံးထဲတွင် သူ့ရဲ့ နွေးထွေးကြင်နာသော အကြည့်တွေ၊ ချွဲမက်ဖွယ်ကောင်းသော အပြုံးတွေကို မြင်ယောင်ရင်း ဒါတွေဟာ just for fun လားဟု ဝေခွဲသုံးသပ်နေမိသည်။

ရေးချယ် တွေးမိသလိုပင် မသူကလည်း တွေးမိပုံ ပေါ်သည်။

"သူ့ကြည့်ရတာ ဟို ... အပျော်သဘောမျိုးနဲ့များ ဖြစ်နေ မလား ရေးချယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပုံစံတော့ မရှိဘူး မသူ။ သူ့ကြည့်ရတာ တွေ့က တည်းက တည်တည်ငြိမ်ငြိမ်ပဲ။ ဟို ... အပျော်အပြက်လုပ် တတ်တဲ့သူမျိုးတော့ မဟုတ်ဘူး"

"တည်တည်ငြိမ်ငြိမ်နဲ့ကို ကြွေနေတာပေါ့"

မသူရဲ့စကားကို ရေးချယ်နဲ့ ချောစုက တဟားဟား ရယ်မိကြသည်။ ရေးချယ်သည် ရယ်နေရင်းမှ နာရီကိုတစ်ချက် ကြည့်မိသည်။ ရှစ်နာရီထိုးပြီးပြီ။ ရေးချယ်တို့ သုံးယောက်လုံး ကြိုက်သော ကိုရီးယားကားလာတော့မည် ဖြစ်သော်လည်း ရေးချယ် မှာ စိတ်မဝင်စားနိုင်ဘဲ တယ်လီဖုန်းထဲသာ စိတ်ရောက်နေမိသည်။ ရေးချယ် စိတ်ထဲမှာ ယုံကိုယုံကြည်နေတယ် အစ်ကိုဘိုသိုက်ရယ်။

ရေးချယ်အပေါ် ပြုမူဆက်ဆံတာတွေ အားလုံးက စိတ်ရင်းအမှန်နဲ့ ဆိုတာကိုလေ။

"ရေးချယ် ... နင် ကျေနပ်နေတယ် မဟုတ်လား။ ဖြေ စမ်း"

"အာ ... မသူကလည်း"





"ဘာ ... မသူကလည်းလဲ။ ရုပ်ကြီးကိုက မအီမလည်နဲ့ သာယာကျေနပ်နေတဲ့ရုပ်၊ ဒါပေမဲ့ ငါ တစ်ခုတော့သတိ ပေးချင်တယ် ရေးချယ်။ နင့်သူဌေးက တည်ဖျည်ကြည် ကြည်ရှိပြီး နင့်ကို တကယ်မြတ်နိုးတာပဲထားဦး။ သူတို့က အရမ်းမြင့်မားတဲ့ အသိုင်းအဝန်းကနော် ...

တကယ်လို့ သူနဲ့ပတ်သက်မိရင် နောက်ပိုင်းမှာ နင့် အတွက် ရင်ဆိုင်စရာကိစ္စတွေ ပိုများမယ် ထင်တယ်"

"ဟုတ်တယ်။ အဲဒါတစ်ခုတော့ နင် စဉ်းစားနော် ရေးချယ်"

"ရေးချယ် ... သိပ်အများကြီးတော့ မစဉ်းစားချင်ပါဘူး မသူရယ်။ ကြားဖူးတဲ့ စကားလေးတစ်ခုလိုပဲ ခံယူထားတော့။ တစ်ခါမှ မချစ်ဖူးတာထက်စာရင် တစ်ခါလောက်ချစ်ပြီး ဆုံးရှုံးရတာက ပိုကောင်းတယ်တဲ့လေ"

"အောင်မယ်လေးဟဲ့။ အချစ်ဒိုင်တွေ လာစွတ်ပြနေပြန်ပါ ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး … ဟီး။ အဲလိုလည်း မဟုတ်ပါဘူး မသူရယ်။ သူကဖြင့် ရေးချယ်ကို အဲလိုစိတ်တွေ ရှိချင်မှရှိမှာပါ။ ဂျေဒီးနတ်က ဘယ်ဆီနေမှန်း မသိဘူး ဆီးချိုနဲ့တည့်ပါ့မလားဖြစ်နေပြီ"

"အမယ်လေး … စကားပုံတွေ လာထွင်မနေနဲ့။ ကဲ … ကဲ … ငါ့အသည်းလေးလာပြီ။ ဒီအခန်းကို ဒီနားမှာတင်ရပ်ထားမယ်။ နင်တို့ ဖုန်းပြောပြီးမှ ပြန်ဆက်ကြတာပေါ့"

မသူက စကားစ,ကိုဖြတ်ကာ ကိုရီးယားကားထဲသို့ အာရုံပြန်ပို့လိုက်သည်။ ရေးချယ်သည်လည်း ကိုရီးယားကားကြည့်နေရသော်လည်း စိတ်ကတော့ အဲဒီထဲမှာ အပြည့်အဝမရောက်ပါ။ ဒီလိုနှင့် ဆယ်နာရီထိုးခါနီး ရောက်လာလေလေ စိတ်တွေကဂနာမငြိမ် ဖြစ်လာလေလေပင်။ နောက်ဆုံး ညအိပ်ရာဝင်ခါနီး လုပ်နေကျထုံးစံအတိုင်း မျက်နှာသစ်ကာ ဗီတာမင်အီးအလုံးလေးကို ဖောက်လိမ်းနေတုန်းမှာပဲ တယ်လီဖုန်းမြည်သံက ထွက်ပေါ်လို့လာသည်။



ကြားဖူးသမျှ တယ်လီဖုန်းမြည်သံတို့တွင် ဒီအသံသည် ရင်တုန်စရာ အကောင်းဆုံးနှင့် ရင်ခုန်စရာအကောင်းဆုံးအသံပဲ ဖြစ်တော့သည်။ ချောစုက ဖုန်းသွားကိုင်ချိန်ဝယ် ရေးချယ်ရဲ့ ရင်ဘတ်တစ်ခုလုံး တဝုန်းဝုန်းဆောင့်ခုန်လျက် ရှိပေသည်။

"ဟုတ်ကဲ့ … အမိန့်ရှိပါရှင်"

"………"

"ဪ … ဟုတ်ပါတယ်။ ရှိပါတယ် ခဏလေးကိုင်ထားပါနော်"

ချောစုက ဖုန်းခွက်ကို လက်နဲ့အုပ်ကာ ရေးချယ်ကို အကြည့်နှင့် လှမ်းခေါ်သည်။ ရေးချယ်သည် ထိုင်ရာမှထလာပြီးနောက် အသက်တစ်ချက်အောင့်ကာ ဖုန်းထူးလိုက်သည်။

"ဟယ်လို"

"ရေးချယ် … ကိုယ်ပါ"

"ဟုတ် … အစ်ကို။ ပြောလေ"

"ရေးချယ် ဘာလုပ်နေတာလဲ"

"ဗီတာမင်-အီး လိမ်းနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"မီတာမင်-အီး။ ဘယ်ကိုလိမ်းနေတာလဲ"

"ဟိ ... ဟိ ... မျက်နှာပေါ့ အစ်ကိုကလည်း၊ ဘယ်ကို လိမ်းရမှာလဲ"

ဒီတစ်ခါတော့ ရေးချယ်က မအောင့်နိုင်ဘဲ ရယ်မိသည်။ ရယ်လိုက်တော့လည်း စိတ်တွေက ပေါ့ပါးရွှင်လန်းသွားသည်ဟု ထင်ပါသည်။

ရေးချယ် ရယ်သောအခါ သူကလည်း ခပ်တိုးတိုး လိုက်ရယ်သည်။ ကွယ် ... သူ့ရယ်သံဟာ တယောလေးထိုးနေတဲ့အတိုင်းပဲ။ ချွဲအစ်အစ်လေး ထွက်လာတဲ့ရယ်သံမျိုးဖြစ်သည်။ အော်ဂလီဆန်စရာ မကောင်းဘဲ ရင်ခုန်စရာ ကောင်းလှပေသည်၊

"သြော် ... မသိဘူးလေ။ မီတာမင်အီး ဆိုတော့ Night Cream လို့မှ မပြောတာ"

"မဟုတ်ပါဘူး အစ်ကိုရယ်။ အလှဆီတစ်မျိုးပါပဲ။ ဈေးကြီးတဲ့ Night Cream မျိုးတွေ မသုံးနိုင်ပါဘူး"

ပြောပြီးသွားတော့မှပဲ ဒီစကားဟာ သူဌေးတစ်ယောက်ကို လမ်းကြောင်းပေးသောစကားများ ဖြစ်နေမလားဟု





စိုးရိမ်သွားရသည်။ သို့သော် သူကတော့ အဲဒါတွေကို သတိထားမိပုံတောင် မပေါ်ပါ။ ရေးချယ်ကိုသာ စကားဆက်ပြောနေသည်။

"ရေးချယ်က အဲလို အသားရေတွေ ဘာတွေကို ဂရုစိုက်တတ်တယ်ပေါ့"

"ဟင်း ... အစ်ကိုပြောပုံကြီးကလည်း။ ရေးချယ်ပုံက အလှအပကို စိတ်မဝင်စားတဲ့ပုံ ပေါက်နေလို့လား။ ခုခေတ်ထဲမှာ ယောကျ်ားလေးတွေတောင် ဖက်ရှင်ကို ဂရုစိုက်လာကြတာ ..."

အစ်ကိုတောင် ဖက်ရှင်ဦးစားပေးပဲ မဟုတ်ဘူးလား"

"ဟာ ... အဲလိုဖြစ်နေလို့လား။ အဟား ... ဟား"

ရေးချယ်ရဲ့စကားကို သူက တယောသံဖြင့်ရယ်သည်။ ကြည့်စမ်းကွယ်၊ အဲဒီတယောသံလေးတွေဟာ တကယ်ပဲ စိတ်ကို တိမ်းမှိုင်းယစ်မူးစေပါလား။ ဒီအသံလေးတွေကိုသာ မကြာခဏ နားဆင်နေရရင် ရေးချယ်တော့ ခံနိုင်ရည်ရှိတော့မယ် မထင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... သူ့ကိုယ်သူ အသိဆုံးပဲဟာ။ အစ်ကိုက သူဌေးပီပီ အကောင်းစားဝတ်တာလည်း ဝတ်တာပေါ့။ ဒါပေမဲ့ ဖက်ရှင်ကျအောင်လည်း ဝတ်တတ်တယ်လေ"

"အင်း ... ရေးချယ်ကိုတော့ မုန့်ဝယ်ကျွေးရတော့မယ်နဲ့ တူတယ်"

အဲဒီစကားကြောင့် ရေးချယ်ရဲ့ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားသည်။ ဒါ ဘာစကားလဲ။ နောက်တစ်ခါ ထပ်တွေ့ဦးမယ်ဆိုတဲ့ ရေလာမြောင်းပေးစကားလား။ ဖုန်းခွက်ကိုဆုပ်ကိုင်ထားသော လက်တွေမှာ ချွေးလေးတွေ စေးကပ်လာသည်ဟု ထင်မိလေသည်။ ရေးချယ်သည် ဘာမှမပြောမိဘဲ နှုတ်ခမ်းကို အသာကိုက်မိသည်။ ဒီအချိန်မှာသာ ရေးချယ်က "တကယ်လား၊ ဘယ်တော့ကျွေးမှာလဲ၊ ရေးချယ်က အစားပုပ်တယ်နော်"စသဖြင့် ထွေလီကာလီလေးတွေ လျှောက်ပြောလိုက်လျှင် သူ့ဘက်က သေချာပေါက် တုံ့ပြန်လာမည်ဟု သိသော်လည်း ရေးချယ် ဘာကြောင့်နှုတ်ပိတ်နေမိပါသနည်း။





"ဘာစားချင်လဲ ရေးချယ်။ ရေးချယ် ဘယ်လိုအစားအသောက်တွေ ကြိုက်တတ်လဲဟင်"

"ရေးချယ် အကုန်ကြိုက်ပါတယ်"

"အဲလို မပြောနဲ့လေ။ ဖေးဗရိတ်တော့ ရှိရမှာပေါ့"

"ဖေးဗရိတ်တွေက များနေတယ် ... ဟီး ဟီး"

ရေးချယ်ရဲ့စကားကြောင့် အနှားက ဖြတ်သွားသော ချောစုကူ မျက်စောင်းတစ်ချက် လှည့်ထိုးသွားသည်။

"ကောင်းတာပေါ့။ ပြော ... ဖေးဗရိတ်က ဘာတွေလဲ"

"အမ်း ... မုန့်ဟင်းခါးလည်း ကြိုက်တာပဲ။ နန်းကြီးသုပ်လည်း ကြိုက်တာပဲ။ ရှမ်းခေါက်ဆွဲ မြီးရှည်လည်း အလွတ်မခံဘူး။ ကြေးအိုး ဟော့ပေါ့ ဘဲကင် ရခိုင်မုန့်တီ အစုံကြိုက်တယ် ...

ဘိုစာတွေက လွဲလို့ပေါ့"

"အင်း ... ပေါက်ပြီ။ ဒါဆိုရင် တစ်လှည့်စီ စားလို့ရတာပေါ့။ ကိုယ်က ကောက်ညှင်းပေါင်းနဲ့ အကြော်လည်း ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ရေးချယ်လည်း ကြိုက်တယ်။ ရေမုန့်လည်း ကြိုက်တယ်။ နောက် မုန့်လင်မယားလေ အဲဒါလည်း ကြိုက်တယ်"

"အင်း ... ငါးကင်၊ မာလာဟင်း၊ မြေအိုးမြီးရှည်"

"ဟာ ... ဟုတ်တယ် ... ဟုတ်တယ်၊ BBQ လည်းကြိုက်တယ်။ ဒံပေါက်၊ နတ်သုဒ္ဒါ"

"ဝက်သားကောက်ညှင်း၊ ဝက်သားပေါင်း၊ စမူဆာ၊ အီကြာကွေး"

"ဟား ဟား ... မမြင်ရင် မစားဘူးလေ"

ရေးချယ်တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လုနေသည့်အလား ဟိုဟာရွတ်လိုက် ဒီဟာရွတ်လိုက်ဖြင့် ရယ်မောပျော်ရွှင်ခဲ့ကြသည်။ ဘယ်လိုပင် တင်းထား တင်းထား (သူ့ရှေ့ရောက်ရင် မပြောပါနှင့်) သူ့အသံလေးကြားရင်ကို လူက တဟိုဟိုဟို တနွဲ့နွဲ့ မြူးဖျူးသွားသည်မှာလည်း တစ်စုံတစ်ရာရဲ့ တန်ခိုးစွမ်းအင်ပဲ ဖြစ်ပေလိမ့်မည်။

❤ ○ ❤





## ၁၂

သူ အိပ်ရာကနိုးလာလျှင် မလုပ်မဖြစ်အရာက ဂမုန်းပင်ငယ်လေးကို ရေဖျန်း ဆေးထည့်ပေးတာဖြစ်ပြီး ညက ရခဲ့သော အားအင်တွေဖြင့် လန်းဆတ်လတ်ဆတ်နေခဲ့ရတာဖြစ်သည်။ လေ,လေးတချွန်ချွန် သီချင်းလေးတညည်းညည်းဖြင့် တက်ကြွသွက်လက်ဟန်အပြည့် ဖြစ်နေသော သူ့ကို မေမေက ဘောင် သတိထားမိကာ မေးလာသည်။

"ငါ့သားလေးက ခုတလော သိပ်ကိုတက်ကြွလန်းဆန်းနေပါလားကွယ်။ ဘာတွေများ အဆင်ပြေနေပါလိမ့်။ ပျော်စရာဆိုရင် ဝေမျှကောင်းပါတယ် သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မေမေ။ သိသာနေလို့လား"

သူက Breakfast ဝိုင်းမှာ ဝင်ထိုင်ရင်း မေးလိုက်လျှင် သူ့အမေက ဝင်ဖြေသည်။

"မွေးထားတဲ့ အမေကို မပြောနဲ့ဟေ့။ မင်းနဲ့ သိပ်မျက်နှာချင်းမဆိုင်ဖြစ်တဲ့ ငါတောင် သိတယ်။ ဘာတွေအိုကေနေလဲကွ"

"ပုံမှန်ပါပဲ ဖေဖေ။ အလုပ်တွေလည်း အဆင်ပြေပါတယ်"

"အေးလေ ... ပုံမှန်ဆိုရင် ခါတိုင်းလည်း ပုံမှန်လိုပဲနေပေါ့။ အခုဟာက ဘာလို့ အရမ်းတက်ကြွလန်းဆန်းနေတဲ့ပုံပေါက်နေရတာလဲ"

သူ့အမေက သူစားဖို့အတွက် အိမ်မှာတင် ပြုလုပ်သော နန်းကြီးသုပ်ပန်းကန်ကို ရှေ့သို့ချပေးရင်း မေးသည်။ စားချင်ဖွယ်ရာ ပြင်ဆင်ထားသော မန္တလေးနန်းကြီးသုပ်ကိုကြည့်ရင်း ရေးချယ်ကို သတိရသွားသည်။ သူမလေးက မန္တလေးနန်းကြီးသုပ်စစ်စစ်ကိုမှ ကြိုက်တတ်တာတဲ့။ ရန်ကုန်မှာ စားရသော နန်းကြီးသုပ်တွေဟာ များသောအားဖြင့် စားမကောင်းဘူးတဲ့လေ။





မေမေ့လက်ရာ နန်းကြီးသုပ်ဆိုရင် ရေးချယ် ဘယ်လောက်များ ကြိုက်လိုက်မလဲ။

"ဟဲ့ ... သား။ မစားဘဲနဲ့ ဘာလုပ်နေတာလဲ"

"အင်း ... မဟုတ်ပါဘူး မေမေရ။ အနံ့အရင်ရှူနေတာ"

"တွေ့လား။ ခါတိုင်းက ဒီကလေးတစ်ယောက် ဒီလိုမျိုးနောက်နောက်ပြောင်ပြောင်ပုံစံ မရှိပါဘူး။ အခုမှ အိမ်မြှောင်ဥကိုင်မိသလို တစ်ခုခု ဖြစ်နေတယ် ...

ဘာလဲ သား။ ဇူဇူကြောင့် တော်တော်စိတ်ချမ်းသာစရာတွေများ တွေ့နေလား"

အဲဒီစကားကိုတော့ သူက နန်းကြီးသုပ်ကို တစ်ဇွန်းဝါးရင်း အသာပြုံးမိသည်။ ဇူဇူ ဆိုတာ သူ့ကို (မှတ်မိရသလောက်တော့)စိတ်ချမ်းသာအောင် ပျော်ရွှင်ရယ်မောအောင် မလုပ်ပေးဖူးဘူး ထင်တာပဲ။ သူနဲ့ ဇူဇူတို့ရဲ့ တွေ့ဆုံချိန်များမှာ သမရိုးကျဆန်သည်ဟု ထင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေတောင် နောက်တစ်ပတ်ထဲ မသီတာ(ဇူဇူ့အမေ)နဲ့ တွေ့ဖို့ရှိတယ်။ စိန်ကုန်သည်ဆီမှာ အပွင့်တွေချည်းအသစ်တွေ ရောက်နေလို့တဲ့။ သပ်သပ်သွားဝယ်ထားမယ်။ ဇူဇူ့ ပွဲကျရင် ဆင်ပေးလို့ရအောင်တဲ့"

သူက ဘာမှပြန်မပြောမိဘဲ ဟင်းချိုရည်ကို အသာခပ်သောက်မိသည်။

"ကြည့်ရတာ မေမေတို့က သားတို့ကိစ္စနဲ့ ပတ်သက်ပြီး တစ်ခုခု စီစဉ်စေချင်တဲ့ပုံပဲ။ အင်းလေ ... သူတို့က မိန်းကလေးရှင်ဆိုတော့ စီစဉ်ချင်မှာပဲပေါ့ ...

သားကရော ဘယ်လိုစဉ်းစားထားလဲ"

သူ တစ်ချက်တော့ အသက်အောင့်သွားမိသည်ဟု ထင်သည်။ သူ ဘာစဉ်းစားထားရမှာလဲ။ လောလောဆယ်မှာတော့ ဇူဇူနဲ့ စေ့စပ်ဖို့ရော၊ လက်ထပ်ဖို့ရော ဘာစိတ်ကူးမှ မရှိသေးပါ။ ဇူဇူ့ကြည့်ရတာလည်း အဲဒီလိုဖြစ်ချင်သေးပုံ မပေါ်ချေ။ ပြောရလျှင် ဇူဇူကလည်း လှပမက်မောစရာကောင်းသော သူမကိုယ်သူမ





နမြောတ,သစ္စာနှင့် လွတ်လွတ်လပ်လပ် နေချင်သေးပုံပေါက်ပါသည်။

"သားနဲ့ ဇူဇူက သိပ်မပြောဖြစ်ကြဘူး မေမေ။ ဇူဇူ့ကြည့်ရတာလည်း လွတ်လွတ်လပ်လပ် နေချင်တဲ့ပုံပါပဲ"

"အင်းလေ ... သားတို့ချင်း အဆင်ပြေရင် ပြီးတာပါပဲ။ အဲဒါကို သူ့အမေလည်း သဘောပေါက်ရင် ကောင်းတာပေါ့။ မဟုတ်ရင် မေမေတို့ဘက်က တာဝန်မကျေဘူးဖြစ်နေမယ်"

သူက အဲဒီစကားကိုတော့ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိတော့ဘဲ ခေါင်းတစ်ချက်ပဲ ဆတ်ပြလိုက်သည်။ ပြီးတော့ သူ့အဖေနှင့်အမေ နှစ်ယောက်လုံးကို ပြိုင်တူကြည့်မိကာ ...

"ဖေဖေနဲ့ မေမေကို သား တစ်ခုလောက် မေးချင်တယ်"

သူ့စကားကြောင့် အဖေနဲ့အမေကပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ သူ့အမေကတော့ သူ့ကို ချစ်စဖွယ်မျက်စောင်းလေးတစ်ချက် ကဲကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဒီကလေးကတော့ ဒီတစ်မနက်ခင်းလုံး အထူးအဆန်းတွေပဲ လုပ်နေတယ်"

"ဖေဖေနဲ့ မေမေ တစ်ယောက်နဲ့တစ်ယောက် ရည်းစားဖြစ်ပြီး ချစ်ပြီးမှ ယူခဲ့ကြတာလားဟင်"

"ဟား ဟား ... ငါ့သားကတော့ ဟုတ်နေပြီ။ အင်းပေါ့ကွာ ... ဖေဖေက မင်းမေမေကို ချစ်လွန်းလို့ တစ်နှစ်ကြီးများတောင် ဖွဲ့ရိုရှိုပိုးခဲ့ရတာလေ။ သမီးရည်းစားစစ်စစ်ကြီး တစ်နှစ်ခွဲတိတိ ဖြစ်ပြီးတဲ့နောက်မှာ မင်္ဂလာဆောင်ဖြစ်ခဲ့တယ် ...

ဘာလဲ ... မင်းက တို့ကို လူကြီးတွေပေးစားတယ် ထင်နေလို့လား"

"မဟုတ်ပါဘူး။ ဒီအတိုင်း မေးကြည့်ရုံသက်သက်ပါ။ ဖေဖေနဲ့ မေမေ တစ်ယောက်နဲ့တစ်ယောက် ချစ်ပြီး လက်ထပ်ခဲ့ကြသလား ဆိုတာကိုပဲ သိချင်လို့ပါ"





"အင်း ... မင်းသားတော့ တစ်ခုခု ထူးခြားနေပြီ ထင်ပါတယ်ကွာ။ တစ်သက်လုံး မမေးဖူးတာတွေ မေးလို့ပါလား"

"ဘာတွေဖြစ်နေလဲ သား"

သူ့အမေက သူ့ကို သိချင်စိတ်ပြည့်နေသော မျက်လုံးများဖြင့် မေးလာလျှင် သူက အသာပြုံးကာ ဖြေမိသည်။

"ဘာမှမဖြစ်ပါဘူး မေမေ။ တစ်ခုခုထူးရင် သားပြောမှာပေါ့၊ ကဲ ... သား ရုံးသွားဖို့ ပြင်လိုက်ဦးမယ်"

သူက Breakfast ဝိုင်းမှ ထလာခဲ့ပြီးနောက် အိမ်ပေါ်တက်ကာ ရုံးသွားဖို့ ပြင်ဆင်ရင်း အိမ်မှထွက်လာခဲ့သည်။ ရုံးရောက်၍ သူ့ရဲ့ကွန်ပျူတာကို ဖွင့်လိုက်လျှင် အမော်ပြေစရာ အီးမေးလ်တစ်ခုက ရောက်နှင့်လို့နေသည်။ ရေးချယ် ပို့ထားတာပဲ ဖြစ်သည်။ ဘာမှရှည်ရှည်လျားလျားတော့ မဟုတ်ချေ။

သူမ ရုံးရောက်နေပြီဖြစ်ကြောင်း၊ အစ်ကိုဘိုသိုက် တစ်ယောက် စိတ်လက်ရွှင်လန်းစွာဖြင့် အလုပ်တွေလုပ်နိုင်ပါစေကြောင်း ဆုတောင်းပေးထားတာဖြစ်သည်။ အရုပ်လေးတွေပါ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပို့လိုက်သောကြောင့် သူက သဘောတကျနှင့် ပြုံးရသေးသည်။

ရေးချယ်ဟာ သိပ်ချစ်ဖို့ကောင်းသော ကောင်မလေးဆိုတာ ကြာလေသိလာလေလေပါပဲ။ အမြဲတစေ လွှတ်လပ်ပေါ့ပါးသော အပြောအဆို၊ အနေအထိုင်လေးတွေဟာ သူ့ကို ရသတစ်ခုပေးစွမ်းနိုင်တယ် မဟုတ်ပါလား။ ရှိတာလေးနှင့် ရောင့်ရဲတမ်းတိမ်ရင်း ဘဝကို ရိုးရိုးသားသား လျှောက်လှမ်းနေသော မိန်းကလေးတစ်ယောက်ကို သူ ရိုးရိုးလေးပဲ ချစ်သွားမိပြီဖြစ်သည်။ အချစ်ဆိုတာ စေတနာတစ်ခုဟု ခံယူထားသော သူ့အတွက်တော့ ရေးချယ်ရဲ့ဘဝလေးကို ဒီ့ထက်အများကြီး မြင့်မားစေချင်သည့် ဆန္ဒလည်း ရှိလေသည်။

သူ့အတွေးမဆုံးခင်မှာပဲ ဖုန်းမြည်သံ ထွက်ပေါ်လာ၍ သူ့ဖုန်းရဲ့ Display ကို ကြည့်လိုက်လျှင် နွေးခနဲ ဖြစ်သွားသည်။ ကိုယ်တွေးလိုက်တိုင်း သူ ရောက်ရောက်လာတယ်ဆိုတာ ဒါမျိုးပဲ လားမသိ ရေးချယ်ရယ်။





"ဟယ်လို"

"အာဂျဲရှိုး ... ရေးချယ်ပါ"

သူက အဲဒီအခေါ်အဝေါ်ကြောင့် အသာပြုံးမိသည်။ ကိုရီးယားလှိုင်းတွေ ရိုက်ခတ်ခံရသော လူတွေထဲမှာ ဒီကောင်မလေးလည်း ပါတာပဲ။ သူ့ကို အာဂျဲရှိုးလို့ခေါ်ပုံလေးက တကယ်ကို နားထောင်လို့ကောင်းတာတော့ ငြင်းစရာမရှိပါပေ။

"ပြော ... အာဂျဲမ"

"ဟီး ဟီး ... ဘာလဲ အာဂျဲမ ဆိုတာက"

"သိဘူးလေ။ ရေးချယ်က ကိုယ့်ကို အာဂျဲရှိုးဆိုတော့ ကိုယ်က အာဂျဲမလို့ ပြန်ခေါ်တာပေါ့"

"ဟား ... ဟား။ ဟုတ်ပါဘူး။ သိလည်း သိဘဲနဲ့လျှောက်ခေါ်နေတယ်။ ကဲပါ အာဂျဲရှိုးကို ပြောစရာရှိတယ်။ Premiun ကြေး သွင်းရတော့မယ်လေ။ အဲဒါ ရေးချယ် ဘယ်တော့ လာယူရမလဲလို့"

"ဒီနေ့ လာယူလည်း ရတာပဲ။ အိုခေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ရပါတယ်။ ဒါဆို ရေးချယ် နေ့ခင်းဘက် လောက် လာခဲ့မယ်လေ"

"အိုခေ ... ရေးချယ်။ ဘိုင့် ဘိုင်"

"ဟုတ် ... တာ့တာ"

သူမက ကလေးဆန်စွာ နှုတ်ဆက်ပြီး ဖုန်းချသွားလျှင် သူက အခန်းထဲသို့ ရောက်လာသော သီဟာကို ထပ်မံညွှန်ကြားရသည်။

"သီဟ ... ဒီနေ့ ခဏနေရင် ဘဏ်မှာ ပိုက်ဆံထုတ်ရမယ်။ Premiun ကြေး ဒီနေ့ သွင်းရမယ်"

"အင်း ... ငါ လုပ်ထားလိုက်ပါ့မယ်။ မင်းကို တစ်ခုလောက်တော့ မေးချင်"

"ဘာမေးမှာလဲ"

"ဒီအာမခံကိစ္စကို မင်းကိုယ်တိုင်ပဲ လုပ်နေတာတော့ မဟုတ်သေးဘူး တူတယ်"

"ဘာကို မဟုတ်တာလဲ"





"ဒါလောက်က မင်း လုပ်ရမယ့်ကိစ္စမှ မဟုတ်တာ။ ကျော်ကိုကိုနဲ့တောင် ပြီးနေတဲ့ဟာပဲ။ ဟိုကောင်မလေးကရော ဘာကိစ္စ မင်းကိုပဲ ဒါရိုက်ဆက်သွယ်နေရတာလဲ။ အင်းပေါ့လေ ... ဒါကတော့ မင်းကပဲ လမ်းဖွင့်ပေးထားတာကိုး"

"အဲဒါက ဘာပြဿနာရှိနေလို့လဲ"

သူက ခပ်တည်တည်ပဲ ကြည့်ပြီးမေးလိုက်လျှင် သီဟက သူ့ကို တကယ်မသိလို့ မေးနေတာလား ဟူသောပုံစံဖြင့် ပြန်ကြည့်သည်။

"မင်း ဘာတွေလုပ်နေတာလဲ ဘိုသိုက်။ မင်းမှာ ဖူးစာရှိတယ်လေ။ ရေးချယ်က မင်း စိတ်ဝင်စားရမယ့် အနေအထားမျိုး မဟုတ်ပါဘူး"

"သီဟ"

သူက လေးနက်စွာခေါ်လိုက်လျှင် သီဟကလည်း လေးနက်စွာ ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စိတ်ဝင်စားရမယ့် အနေအထားမျိုးဆိုပြီး သတ်မှတ်ထားတာ ရှိလား"

"ဘိုသိုက် ... မင်း အဲလိုမမေးနဲ့လေ။ မင်းဘဝက အရာအားလုံး အစီစဉ်တကျ ရှိနေပြီပဲ။ မင်းအတွက် မဈူတစ်ယောက်လုံး ရှိနေပြီးသား။ မင်းတို့ချည်းလည်း အဆင်ပြေပြီးသား။ မိဘချင်းလည်း အဆင်ပြေပြီးသား ...

အရာရာ ပန်းခင်းလမ်း ဖြစ်နေပြီးသားကို တစ်ခဏတာ စိတ်လှုပ်ရှားမှုတစ်ခုအတွက်နဲ့ ပြောင်းလဲမပစ်ချင်ပါနဲ့ကွာ"

သူက သီဟရဲ့စကားကို သဘောကျလွန်းအားကြီးသောကြောင့် ဟက်ခနဲ ရယ်မိသည်။

"ငါနဲ့ မျိုးမြတ် နှစ်ယောက်လုံး ဒီတစ်သဘောတည်းပဲ။ မင်းရဲ့အဆင်ပြေနေတဲ့ အနေအထားကို လှုပ်လှုပ်ခတ်ခတ် မဖြစ်စေချင်ဘူး ဘိုသိုက်"





"အင်း ... ဒီကိစ္စ ပြောဖို့စောပါသေးတယ်။ ကဲ ... သီဟ၊ ငွေထုပ်ဖို့လုပ်တော့လေ။ နောက်ကျနေမယ်"

သူ့ကို သီဟက ဘာမှထပ်မပြောတော့ဘဲ ထွက်သွားသည်၊ နောက် ငွေထုတ်လာပြီး လာပို့သည်။ ပြီးတော့ စကားတစ်ခွန်း ပြောသည်။

"နှစ်နာရီမှာ စက်မှုလုပ်ငန်းရှင်များ အစည်းအဝေးရှိတယ် ဘိုသိုက်။ မင်း တက်ရလိမ့်မယ်"

သူက သီဟကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။ ရေးချယ်တို့ ရောက်လာမှာကို သိတာမို့ တမင်လုပ်သလား ထင်ရသည်။ ဒီပွဲကိုတက်ဖို့ သူ့လက်ထောက်ကလည်း ဘာမှမပြောခဲ့ပါ။

"ငါလည်း ကြိုမသိရပါလား"

"အစက ငါတက်မလို့ပဲလေ။ ဒါပေမဲ့ လက်မှတ်ထိုးရမယ့်ကိစ္စတွေ ပါတယ်ဆိုတော့ အခုမှ မင်းကို ပြောဖို့ဖြစ်လာတာ ...

ဘာလို့လဲ ... အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်"

"အိုခဲ ... ဒါဆိုရင် မင်း အစည်းအဝေးတက်ဖို့ ပြင်တော့၊ ဒီကိစ္စကို ငါပဲ ဆက်လုပ်လိုက်မယ်"

"ဖြစ်ပါတယ်၊ ပြီးရောလေ"

ရေးချယ်နဲ့ မတွေ့ရတော့ဘူးဆိုတဲ့အသိက တစ်ခုခုကို ဆုံးရှုံးသွားသလို ခံစားသွားရပေမယ့် သူက အဲဒီလောက်ကြီး စာမဖွဲ့ချင်တော့ပါ။ ရေးချယ်နဲ့က ဒီလိုမတွေ့ရလည်း တခြားနည်းနဲ့ တွေ့လို့ရတယ်ဆိုတာ သူတို့မှ မသိတာ။

သီဟရဲ့ကလေးဆန်ဆန်လုပ်ရပ်ကို သူက စိတ်ထဲမှ ကျိတ်ရှက်ကာ အလုပ်ထဲသို့ အာရုံပို့ပစ်လိုက်သည်။ ညကျရင်တော့ ရေးချယ်နဲ့ ဖုန်းပြောစရာ အကြောင်းအရာတစ်ခု တိုးပြန်ပြီပေါ့လေ။

❤○❤





## ၁၃

၁၃

ရုံးဆင်းချိန်ဖြစ်ပေမယ့် ခါတိုင်းလို အရမ်းကြီး တက်တက်ကြွကြွ ဖြစ်မနေဘဲ စိတ်ထဲမှာ တစ်ခုခုလိုနေသလိုလို မပြည့်စုံသလိုလို ခံစားနေရတာကို ရေးချယ် ကိုယ်တိုင်ပဲ သိလေသည်။ သူများတွေ ပြောကြဆိုကြ ရယ်မောကြတာကို အလိုက်သင့် ပြန်ပြောနေပေမယ့်လည်း ကိုယ့်ဟာကိုယ်ကတော့ မပြည့်စုံမှန်း သိသည်။

မနက်ထဲက အောင်သုခကုမ္ပဏီသို့ Premiun ကြေးသွင်းဖို့ကိစ္စနှင့် သွားရမယ်ဆိုတာ ရေးချယ် ကြိုသိခဲ့သည်။ ဒီအတွက် တက်ကြွစွာ အလှတွေ ဆင်ယင်နေတာကို မသူတို့ချောစုတို့ကတောင် စနောက်ခဲ့သည်အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လောကမှ ချုပ်ထားသော ပိုးရင်ဖုံးဆင်စွယ်ရောင်လက်တိုလေးကို ဆင်စွယ်ရောင်ချည်နှိုက်လေးဖြင့် မင်္ဂလာဆောင်သွားမည့်အလား သပ်ရပ်ကြော့မော့အောင် ပြင်ဆင်ထားခဲ့တာဖြစ်သည်။ မသူရဲ့ကျစ်ဆံမြီးအနားသတ် ဆံထုံးသစ်လေး၊ နားဆွဲအသစ်လေးဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း အလှဆုံးဖြစ်နေသည်ဟု သတ်မှတ်ထားခဲ့သော ရေးချယ်ဟာ အစ်ကိုဘိုသိုက်နဲ့တွေ့ရမှာကိုလည်း ရင်တထိတ်ထိတ်ဖြင့် ကျေနပ်ပျော်ရွှင်ခဲ့ရလေသည်။

ဒါပေမဲ့ သူတို့ကုမ္ပဏီကို ရောက်သွားသောအခါ အစ်ကိုဘိုသိုက်ကို မတွေ့ရဘဲ ကိုသီဟကိုသာ တွေ့ရသည်။ ပထမတော့ ဘာရယ်မဟုတ် မေးလိုက်သော်လည်း ကိုသီဟရဲ့အဖြေစကားက ရေးချယ်ရဲ့နှလုံးသားကို နာကျင်သွားစေသည်။

"ဘိုသိုက်ကို ဒီကိစ္စလောက်နဲ့ တွေ့စရာအကြောင်းရှိလို့လား ရေးချယ်ရဲ့။ သူ့မှာ ဒါထက်အရေးပါတဲ့ကိစ္စတွေ အများကြီးရှိတယ်။ တကယ်တော့ ဒီကိစ္စလောက်က ကိုယ်တို့ရုံးက အကြီးတန်းစာရင်းကိုင်လောက်နဲ့တောင် ပြီးပါတယ်"



ရေးချယ်သည် အံ့သြတကြီး ဖြစ်သွားသော်လည်း ဘာမှတော့ ထပ်မပြောဖြစ်ခဲ့တော့ပါ။ ရင်ထဲမှာ ဝမ်းနည်းနာကျင်နေတာကိုပဲ သိပြီးနောက် အလုပ်သဘောအရပဲ ဆက်လုပ်ခဲ့သည်။ ရေးချယ်ဟာ အရိပ်သုံးပါးကြည့်ပြီးမှ အလုပ် လုပ်တတ်သော **Marketing** သမားမို့ ဘယ်စကားက ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက် နားလည်ပြီးသားဖြစ်သည်။

ရေးချယ်ကို ကိုဘိုသိုက်နှင့် လိုတာထက်ပိုမိုခင်မင်နေတာကို သူတို့ မနှစ်မြို့ကြတော့ပါ။ မကြိုက်တော့ပါ။ အမြင်အားဖြင့် ခွဲခြားပစ်လိုက်ကြပြီ ဖြစ်ပါသည်။ အဲဒီကုမ္ပဏီက ပြန်လာပြီးကတည်းက ရေးချယ် မပျော်တော့ချေ။ ဝမ်းနည်းစိတ်တွေသည် ရင်ဘတ်ကြီးနှင့်အပြည့် ဖြစ်နေပြီး ဘာကိုမှ မမြင်နိုင် ဖြစ်လို့နေသည်။ သေချာပါတယ် တစ်စုံတစ်ယောက်ကြောင့် ရင်ထဲမှာ ဆို့နင့်ကြေကွဲပြီး နေတယ်ဆိုရင် ဒါ အချစ်ပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးလေးတစ်ခု သူ့မျက်နှာလေးတစ်ခုကို မျှော်လင့်ထားပြီးမှ မတွေ့ရ မမြင်လိုက်ရခြင်းသည် ရေးချယ်ကို ရေဝေးကြာနယ် နွမ်းရိစေလေ၏။ အဲဒီစိတ်နှင့် ရုံးထဲက ဘယ်လိုထွက်လာခဲ့မှန်းတောင် မသိ။ ဓာတ်လှေခါးဝမှာ တစ်စုံတစ်ယောက်ကို တည့်တည့်ကြီး ဝင်တိုးမိတော့မလို ဖြစ်သွားသည်။

"ဆောရီး"

လူကိုတောင် မော်မကြည့်နိုင်ဘဲ ဆောရီးမိရင်း ရေးချယ်က ရှောင်ကွင်းသွားဖို့ပြင်သည်။

"လူတစ်ယောက်လုံးတောင် မမြင်နိုင်အောင် ဘာတွေများ အတွေးနယ်လွန်နေလဲ မိရေးချယ်ရဲ့"

အဲဒီအခေါ်အဝေါ် အဲဒီလို ငေါ့တော့တော့အပြောကြောင့် ရေးချယ်က ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်လျှင် အံ့သြစရာ လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟင် ... မိုးကောင်း"

"Yap ! ...။ I'm Moe Kaung"



ဟန်ပါပါအိုက်တင်ဖြင့် ပြောနေသော မိုးကောင်းကို ကြည့်ကာ ရေးချယ်က လက်ညှိုးတထိုးထိုးဖြင့် မေးမိသည်။

"နင် ... နင် ... ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ဘာလဲ ... နင့်ရုံးထိ ရောက်လာတာကိုလား။ အဲဒါ အဲဒီလောက် အံ့သြစရာကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ကဲ ... နင် ရုံးဆင်းပြီ မဟုတ်လား။ တစ်ဆိုင်ဆိုင်မှာ ဝါးတီးသွားဆွဲမယ်ကွာ။ ငါ ဗိုက်ဆာနေပြီ။ ဘယ်ဆိုင်ကောင်းလဲ ... နင် ပြော"

ရေးချယ်က မိုးကောင်းကို မျက်စောင်းတစ်ချက်ထိုးမိတော့လို ဖြစ်သွားသည်။ အဲဒီ မိုးကောင်းဟာ အဲလိုပဲ။ အမြဲတမ်း တစ်ဖွတ်ထိုးနိုင်သည်။ ပြီးရင် သူ လုပ်ချင်တာကို ဂူးဂူးဝါးဝါးနဲ့ လုပ်တတ်ကဲ့ လူစားမျိုးဖြစ်သည်။ သူဟာ ရေးချယ်တို့ ဓာတ်မြို့ကဖြစ်ပြီး ရေးချယ်နှင့်လည်း ကျောင်းနေဖက်သူငယ်ချင်း။ ဒါပေမဲ့ ရေးချယ်တို့နဲ့တော့ ဘဝချင်းသိပ်မတူပါ။ မိုးကောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



က ဆီစက် ဆန်စက်၊ ပဲခွဲစက် စတာတွေ၊ ပွဲရုံတွေ ပိုင်ဆိုင်သော သူဌေးများ ဖြစ်နေခြင်းကြောင့်ပင်။

"နင် ဘယ်တုန်းက ရောက်နေတာလဲ"

ရေးချယ်က ထိုနေရာမှ လမ်းစ,လျှောက်ရင်း မေးလိုက်လျှင် မိုးကောင်းက ပခုံးတွန့်ကာ ဖြေသည်။

"လွန်ခဲ့တဲ့ တစ်နာရီလောက်ကပေါ့"

"ဟမ် ? ... တကယ် ! "

"ဟုတ်တယ်လေ။ မုံရွာကနေ မနက်တည်းက ထွက်လာတာ။ လမ်းတွေ ကောင်းနေပြီပဲ။ မရောက်စရာ ဘာအကြောင်းရှိလဲ ...

ရောက်တာနဲ့ အိတ်ချ၊ ရေချိုး၊ ပြီးတော့ နင့်ဆီထွက်လာတာပဲ"

"အင်း ... ဖြစ်ရမယ်။ နင် ရန်ကုန်ကို ဘာလာလုပ်တာလဲ၊ ကိစ္စရှိလို့လား"





မိုးကောင်းက ရေးချယ်ကို စကားတွေများတယ်ဟူသော အကြည့်ဖြင့်ကြည့်ကာ ဘာမှမပြောတော့ချေ။ ရုံးရှေ့မှာက ရပ်ထားသော မိုးကောင်းရဲ့ Mark II ရွှေငါးကားကြီးကို ဖုန်အလိမ်းလိမ်းဖြင့် တွေ့ရသည်။ မိုးကောင်းက ကားသော့ခ်ကို ရီမုဖြင့်လှမ်းဖွင့်ပြီးနောက် ရေးချယ်ကိုလည်း တက်လေ ဟူသော ပုံစံမျိုးဖြင့် ခေါင်းဆတ်ပြသည်။

ရေးချယ်က ခေါင်းကို မသိမသာခါယမ်းရင်း တစ်ဖက်မှ တံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။ ရေးချယ် ထိုင်ပြီးတာနှင့် မိုးကောင်းက ကားကို ဝေါခနဲမောင်းထွက်သည်။ အသားညိုညို အရပ်မြင့်မြင့်နှင့် သာမန်ရုပ်ရည်သာရှိသော်လည်း ငွေကြေးချမ်းသာမှုက လူတစ်ယောက်ကို အရောင်ထွက်စေသည်ဟု ထင်သည်။

"ဘယ်ကိုမောင်းရမလဲ"

"နင်က ဘာစားချင်တာလဲ။ ထမင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ထမင်းတော့ မစားချင်ပါဘူး။ ရန်ကုန်ရောက်

ပြီးမှတော့ ဘာကိစ္စ ထမင်းစားရမှာလဲ"

"ဒါဖြင့် တခြား ဗိုက်ဝတဲ့ Heavy တွေလား"

"အေး"

"အင်း ... အဲဒါဆိုရင် အနီးဆုံး စမ်းချောင်းက YKKO

ကိုပဲ မောင်းလိုက်လေ။ နေဦး ... နင် လမ်းသိပါတယ်နော်"

"စမ်းချောင်းတော့ သွားတတ်ပါတယ်ဟ။ ဟိုရောက်မှ

ပြောပေါ့"

"အင်း ... ပဒုမ္မာကွင်းရောက်ရင် ရပါပြီ"

ညနေဘက် ကားရှုပ်ချိန် ရောက်နေသောကြောင့်

မုံရွာသား မိုးကောင်းထက်မှာ ကားကို ဂရုတစိုက်မောင်းနှင်နေ

သည်။ ရေးချယ်လည်း အနှောင့်အယှက်ဖြစ်မှာစိုးသဖြင့် အာ

ပွဲ့စေမည့်စကားများ မပြောဖြစ်ချေ။ ဆိုင်သို့ရောက်မှသာ စားစရာ

တွေ မှာကြားပြီး စကားပြောရသည်။





"နေစမ်းပါဦး။ နင် ရန်ကုန်ကို ဘာလုပ်ဖို့ ရောက်လာ

တာလဲ"

"နေပါဦး။ အဲဒီကိစ္စက နင့်အတွက် အရမ်းအရေးကြီးနေလို့

လား"

"သေလိုက်ပါလား။ နင်ကရော ဒါလေးမေးဖို့ ဘာဖြစ်နေ

တာလဲ"

"မဟုတ်ပါဘူး။ နင့်ပုံစံက ငါ ရောက်လာတာကို လန့်နေ

တဲ့ပုံစံကြီးလားလို့ပါ"

"အောင်မာ ... ဘာကိစ္စ ငါက လန့်ရမှာလဲ"

"သိဘူးလေ။ ငါက နင့်ကို အနှောင့်အယှက်ပေးမယ်လို့

များ ထင်နေမှန်းမှ မသိတာ"

ရေးချယ်က မိုးကောင်းကို မျက်စောင်းတစ်ချက်

ပိတ်ထိုးမိသည်။ မိုးကောင်းဟာ ကိုးတန်းလောက်တည်းက ရေးချယ်

ကို ကြိုက်ခဲ့တာဖြစ်ပြီး တရားဝင်ချစ်ရေးမဆိုခဲ့ပေမယ့် သူ့အပြု



www.burmeseclassic.com

www.burmeseclassic.com



အမှုတွေ အပြောအဆိုတွေက အသေအလဲ ရျစ်နေတယ်ဆိုတာ နီးစပ်ရာ အသိုင်းဝန်းတစ်ခုလုံး သိခဲ့သည်။ မိုးကောင်းဟာ သူ့ဝသီ သူ့အကျင့်အတိုင်း ဂျစ်တိဂျစ်ကန်နေပေမယ့်လည်း ရေးချယ်ကိုတော့ ဂရုတစိုက်ရှိလွန်းတာ သိသာလေသည်။

"နင် ဘယ်မှာတည်းတာလဲ"

"မြတ်မင်းအောင်ရဲ့အခန်းမှာလေ။ ဂျန်းရှင်းမော်တင်ကွန်ဒို မှာပေါ့"

မြတ်မင်းအောင်ဆိုတာ မိုးကောင်းနဲ့ ညီအစ်ကိုတစ်ဝမ်းကွဲတော်ပြီး ရန်ကုန်မှာ ရေကြောင်းတက္ကသိုလ်လာတက်နေသူ ဖြစ်သည်။ သူတို့တစ်မျိုးလုံး တစ်ဆွေလုံးဟာ သူဌေးတွေချည်းပဲမို့ နေရာအနှံ့၌ တတ်နိုင်သူတွေ ဖြစ်ကြသည်။

"နင် အိုကေတယ် မဟုတ်လား။ ခုမှ သေချာကြည့်မိတယ်။ ဒီဇိုင်းက မဟာဆန်သူဒီဇိုင်းနဲ့။ မသိရင် ကုမ္ပဏီပိုင်ရှင်လိုလို ဘာလိုလိုနဲ့ ဟက် ... ဒါ ရန်ကုန်ဒီဇိုင်းပေါ့"





ရိသလိုလို ပြောနေသော မိုးကောင်းရဲ့စကားကို ရေးချယ်က နှုတ်ခမ်းကို တစ်ချက်မဲ့ပြကာ ဘာမှပြန်မပြောမိပေ။ လာချပေးသွားသော စတော်ဘယ်ရီကို တစ်ငုံ ကောက်ငုံမိသည်။ မိုးကောင်းကတော့ မှာထားတာတွေကို ပယ်ပယ်နယ်နယ်တွယ်နေတော့သည်။ ကြေးအိုးဆီချက်၊ ဝက်ဆာတေး၊ ဂဏန်းလက်မ စသဖြင့် နောက်နေ့ မစားရတော့မလား တရကြမ်း စားနေသည်။

ရေးချယ်ကတော့ ဘာမှစားချင်စိတ်မရှိတာမို့ ဖျော်ရည်တစ်ခွက်သာ သောက်ဖြစ်၏။ အပြန်ကျမှပဲ မသူတို့အတွက် ပါ ကြေးအိုး ဝယ်သွားရင်း အိမ်ရောက်တော့မှပဲ သောက်တော့မည်ဟု စိတ်ကူး၏။

"နင့်အမေက နင့်အတွက် ပိုက်ဆံရယ်၊ နောက် ... နင်ဝမ်းသာမယ့် တစ်ခုပေါ့ဟာ ထည့်ပေးလိုက်တယ်။ နောက် နင့်မိတွေးကလည်း ဆိတ်သားခြောက်ကြော်တို့၊ ငါးပိကြော်တို့ ထည့်ပေးလိုက်သေးတယ် ...

ငါ့ကားထဲမှာ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး။ ဝမ်းသာမယ့် တစ်ခုဆိုတာက ဘာလဲ"

မိုးကောင်းက ချက်ချင်းမဖြေသေးဘဲ ဝက်အူတစ်ဖတ်ကို အချဉ်ရည်ဖြင့် စိတ်ပြေနပြေ တို့နေသေးသည်။ ပြီးတော့မှ ပါးစပ်ကိုဖြဲ ခေါင်းမော့ပြီး ထည့်ပြီးမှ ...

"ဒီခေတ်ကြီးထဲမှာ လူတိုင်းနီးပါး ဟန်းဒ်ဖုန်းကိုင်နေကြတဲ့ ဥစ္စာ။ နင် မကိုင်နိုင်ရင် နင့်အဖေ ဘယ်စိတ်ကောင်းပါ့မလဲဟ။ ဟုတ်တယ်မှုလား"

ရေးချယ်သည် မျက်လုံးပြူးသွားပြီးနောက် အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောမိသည်။

"ဘာ ... ဒါ ... ဒါဆို အဖေက ငါ့ကို ဟန်းဒ်ဖုန်းဝယ်ပေးလိုက်တယ်ပေါ့ ... ဟုတ်လား"

ဒါပေါ့ ဟူသော ပုံစံဖြင့် မိုးကောင်းက အမြင်ကတ်စဖွယ်ကောင်းအောင် မျက်ခုံးပင့် အဖြေပေးလိုက်သော်လည်း မိုးကောင်း၏မျက်နှာသည် တစ်သက်တာတွေ့ဖူးသမျှတို့၌ ကြည့်အကောင်းဆုံး ဖြစ်ခဲ့သည်။





"ဘယ်မှာလဲ ... ဘယ်မှာလဲ ... ပေး"

"ဟ ... ဣန္ဒြေရရ နေစမ်းပါ။ ဘယ်လိုဖြစ်တာလဲ။ ခုနကတော့ ငါလာတာကို အနှောင့်အယှက် ဖြစ်သလိုလို၊ ပြောချင်သလိုလို မပြောချင်သလိုလိုရုပ်က ခုတော့လည်း မျောက်သေကို အသက်သွင်းပေးလိုက်သလိုပါပဲလား"

"သေလိုက် မိုးကောင်း။ နင့်ပါးစပ်ကို ပိတ်ထားပြီး ငါ့ဖုန်းကိုပဲပေး"

"အဟက် ... မိန်းမတွေများ မက်လုံးတွေ နည်းနည်းမှ ပေးလို့မရဘူး"

ရေးချယ်က ဘာမှမပြောတော့ဘဲ ခပ်တင်းတင်းနဲ့ စူးစိုက်ပြီးကြည့်လိုက်လျှင် မိုးကောင်းက ကောင်းပြီ ကောင်းပြီ ဟူသော ပုံစံဖြင့် ခေါင်းညိတ်ကာ လက်ကာပြသည်။

"နင့်အဖေ ပေးလိုက်တာ ဆင်းကတ်ဟ။ ဟန်းဆက်က နင့်စိတ်ကြိုက် ဝယ်ကိုင်လို့ရအောင်တဲ့။ ပိုက်ဆံနဲ့ဆင်းကတ် ထည့်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... နင် မြန်မြန်စားစမ်း"

ပါးစပ်ထဲသို့ ကြေးအိုးပလုတ်ပလောင်း ထိုးသွပ်နေသော မိုးကောင်းက ဘာလဲဟဟူသော ပုံစံဖြင့် မျက်လုံးပြူးကြည့်သည်။ ရေးချယ်က စတော်ဘယ်ရီခွက်ကို လက်စရှင်းမော့သောက်ပြီးနောက် စားပွဲပေါ်သို့ ဒုံးခနဲ ချမိသည်။

"ဘာလဲဟ ... ရေးချယ်ရ"

"ခုပဲ Hand Set သွားဝယ်ရမယ်လေ အစုတ်ပလုတ်ရဲ့။ နင်စားတာကို အဲလောက်ထိ အချိန်ပေးပြီး စောင့်စရာလား"

❤○❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





၁၄

"နည်းနည်း နွေးနွေးထွေးထွေးနေပေါ့ အစ်မရယ်၊ ခုရာသီကလည်း အေးလာတယ် မဟုတ်လား။ ဂရုစိုက်ပေမယ့်လည်း ထ,ဖြစ်ချင် ဖြစ်တာမျိုးလေ"

"ဟုတ်တယ် မူရေ။ အသက်က ကြီးလာပြီဆိုတော့ ကြဲဖန်ပြီးဖြစ်တာပေါ့လေ။ ခုတော့ မူတို့လာလို့ သက်သာသွားပါပြီ။ ဟင်း ဟင်း"

အမေနှစ်ယောက် အပြန်အလှန် ပြောနေကြတာကို နားထောင်ပြီး ဘိုသိုက်နှင့် မဥ္ဇူကာ တစ်ယောက်မျက်နှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်ကာ ပြုံးမိကြသည်။ မဥ္ဇူရဲ့အမေ နေမကောင်းဖြစ်နေတာ တစ်ပတ်လောက်ရှိပြီမို့ သူနဲ့ သူ့အမေနဲ့က မဥ္ဇူတို့အိမ်သို့ သတင်းလာမေးကြတာဖြစ်သည်။ ဒီနေ့ ဘိုသိုက်တစ်ယောက် ပင်ပန်းနေသည်။ အလုပ်ကတော့ များတော့များပေမယ့် အဲဒီလောက်ကြီး ပင်ပန်းစရာတော့ မရှိပေ။ ဒါပေမဲ့လည်း အားအင်တွေကို ဆုတ်ယူထားသလို ခံစားနေရသည်မှာ ဘာကြောင့်ပါနည်း။

ညနေ ရုံးဆင်း၍ အိမ်ရောက်လျှင် အေးအေးဆေးဆေး ဖုန်းဆက်ဦးမည်ဟု စိတ်ကူးထားသော်လည်း မဥ္ဇူတို့အိမ်သို့ သွားဖို့အကြောင်းကိစ္စက ဖန်လာပြန်သည်။ ခဏနား ရေချိုးပြီးတာနှင့် မဥ္ဇူတို့အိမ်သို့ သူ့အမေနှင့် ထွက်လာရတာပဲဖြစ်သည်။

"ထမင်းစားပြီးမှ ပြန်နော် ဘို"

"နေပါစေတော့။ အန်တီလည်း နေကောင်းတာ မဟုတ်ဘဲနဲ့"

"အို ... ဘယ်ဟုတ်မလဲ။ အန်တီလည်း စားပွဲမှာထိုင်ပြီး မြူဖွမ်လေးသောက်မှာပေါ့။ စားသွားပါ ဘာမှတကူးတက





စီစဉ်ရတာလဲ မဟုတ်ပါဘူး။ မူတို့သားအမိ လာမယ်လို့ သမီးကပြောကတည်းက ထမင်းကျွေးမယ်လို့ ဆုံးဖြတ်ပြီးသား ...

စားသွားနော် မူ။ သားရောပဲ"

"အေးပါ မသီတာရယ်။ စားပါ့မယ်"

"ဘို ... ဘာစားချင်လဲ။ ဘာထပ်လုပ်ခိုင်းပေးရမလဲ"

"ရတယ် မူ။ ရှိတာနဲ့ပဲ အဆင်ပြေပါတယ်"

"အိုခေ ... ဒါဆို ခဏနေ စားကြစို့လေ။ မာမီရော စွပ်၊ လုပ်ခိုင်းလိုက်တော့မယ်နော်"

"အေး ... အေး။ သမီးလေး"

တစ်ခဏ စကားဆက်ပြောကြပြီးနောက် ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီဟု လာပြောချိန်တွင် သူတို့က မတ်တတ်ထရပ်လိုက်ကြသည်။ ထိုအချိန်မှာပဲ သူ့အိပ်ကတ်ထဲမှ ဖုန်းမြည်သံထွက်ပေါ်လာသည်။ သူက ဖုန်းကိုထုတ်၍ ကြည့်လိုက်လျှင် သူမသိသော နံပါတ်တစ်ခုမို့ ပထမတော့ မကိုင်တော့ဘူးဟု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးသည်။ သို့သော် ဘယ်လိုအကြောင်းအရာရဲ့ စေ့ဆော်အားလည်းတော့ မပြောတတ်ချေ။ ဘာရယ်မဟုတ် ကိုင်လိုက်ဖို့ ဆုံးဖြတ်ကာ မဋ္ဌူနှင့် အန်တီသီတာ့ဆီကို ခွင့်တောင်းသလိုတစ်ချက်ကြည့်ပြီးနောက် ဖုန်းဖွင့်ပြီး ထူးလိုက်သည်။

"ဟယ်လို"

တစ်ဖက်မှ ရုတ်တရက် စကားသံ ထွက်မလာချေ။ တိတ်ဆိတ်နေတာမျိုးမို့ သူက ထပ်ပြောမိသည်။

"ဟယ်လို ... ပြောပါ"

"ကိုမင်းဘိုသိုက်လား"

ရှုတတလိုလို နာခေါင်သံပဲ ပါနေတာလိုလို မိန်းကလေးအသံကြောင့် သူက ဘယ်သူပါလိမ့်ဟု တွေးမိရသည်။

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ကျွန်မ အသက်အာမခံကုမ္ပဏီကပါ။ ကိုမင်းဘိုသိုက်ရဲ့ အသက်ကိုများ အာမခံထားမလားလို့ လှမ်းမေးတာပါ။ ဒါမှမဟုတ် တခြားတစ်ခုခုဆိုလည်း ရပါတယ်။ ဂျူလီယာ





ရောဘတ်ဆို သူ့အပြုံးကို ဒေါ်လာသန်းနှစ်ရာနဲ့ အာမခံထားပါတယ်ရှင့် ...

နောက်ပြီးတော့ ရီးဟားနားဆိုရင် သူ့ခြေသလုံးပေါ့နော်။ ဂျေလိုဆိုရင် သူ့ရဲ့ဟိုဒင်းပေါ့ ... အဲ ... တင်ပါးပေါ့။ ဟိုဒင်းပြောလို့ တစ်မျိုးထင်နေဦးမယ်။ ကိုမင်းဘိုသိုက်ဆို မျက်ခုံးကို ထားသင့်ပါတယ်ရှင့်၊ အဲဒါလေ"

"တော်ပါတော့ ရေးချယ်ရယ်။ ကိုယ် သိပ်ရယ်လို့ မရဘူးကွ"

သိပ်ရယ်လို့ မရဘူးတယ်သာ ပြောပြီးနောက် သူက တဟားဟားနဲ့ပဲ သဘောတကျ ရယ်မောမိသွားသည်။ ဘယ်လိုဖြစ်တာလဲ မင်းဘိုသိုက်။ တစ်ညနေလုံး ပင်ပန်းနွမ်းရိနေတယ်လို့ ထင်ရတဲ့စိတ်တွေက ခုတော့လည်း နှစ်တစ်ထောင်ဂျင်ဆင်းသောက်လိုက်သလို နုပျိုလန်းဆန်းသွားလို့ပါလား။ ရေးချယ်ရယ်... မင်း မင်းနဲ့ကိုယ်နဲ့ ဘာမှမဟုတ်ကြသေးဘဲနဲ့ ဒီလိုတွေ ခံစားနေရပြီဆိုရင် ဒါဟာ ဘာများဖြစ်ဦးမလဲလို့ မင်း ထင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အာဂျဲရှီးက ရေးချယ်မှန်း သိတယ်ပေါ့"

"ဒီအသံကြီးကို မသိဘဲ နေမလား။ ဘယ်ကဆက်နေတာလဲ ရေးချယ်"

"အေးပေါ့လေ။ ဆင်းရဲတဲ့သူ ဆိုတော့လည်း ဒီလိုပဲ မေးမှာပေါ့။ ရပါတယ်။ ဒါ မဆန်းပါဘူးလေ။ ရေးချယ်အဖေက ဝယ်ပေးလိုက်တာပါ။ ဒီနေ့ပဲ မုံရွာကနေ လူကြုံနဲ့ ရောက်လာတာ"

ရေးချယ်ရဲ့အသံလေးက တကယ့်ကိုပါ သနားစရာ ဖြစ်လို့သွားလျှင် သူက စိတ်မကောင်း ဖြစ်သွားရသည်။

"ဆောရီးပါ ရေးချယ်။ ကိုယ်က အဲဒီသဘောနဲ့မေးတာ မဟုတ်ပါဘူး။ အိုခေလေ ... ကိုယ် ညကျရင် ပြန်ဆက်လိုက်မယ် ရေးချယ်။ အခုက ကိုယ့်အမေနဲ့အတူ အပြင်ကို ရောက်နေလို့"

"ဩော် ... ဟုတ်"

"ညကျမှ တွေ့မယ်နော်၊ ဆီးယူ ရေးချယ်"





ရေးချယ်က ဖုန်းချလို့သွားလျှင် သူက အခုနကနဲ့ မတူသောစိတ်ဖြင့် ထမင်းဝိုင်းဆီသို့ လျှောက်လာခဲ့သည်။ ဇူဇူက သူ့ကို အပြုံးဖြင့် စောင့်ကြိုနေသည်။

"လာ ... ထိုင် ဘို။ ဒီမှာ ဘို့အကြိုက် ဘဲပေါင်းလေ"

"အိုခေ ... သင့်ခ်ယူ ဇူ"

သူက ဘဲပေါင်းကို တစ်ဖဲ့,ဖဲ့ကာ လျှာဖျားထက်သို့ တင်လိုက်လျှင် နူးညံ့ဆိမ့်မွှေးသော အရသာကို ခံစားလိုက်ရသည်။ တစ်လက်စတည်းမှာပဲ သတိရမိလိုက်တာက ရေးချယ်ကိုပဲဖြစ်သည်။ ဒီကောင်မလေးကိုလည်း ဒီလိုအရသာရှိတာလေးတွေ ကျွေးချင်လိုက်တာ။ အစားကောင်း စားရတဲ့အခါမှာ ကိုယ်ချစ်တဲ့ သူတွေကို သတိရတယ်ဆိုတာ အမှန်ပဲဖြစ်တော့သည်။

"စားကောင်းရဲ့လား မူရေ။ ရှိတာလေးနဲ့ပဲ ကျွေးရတာဆိုတော့"

ရှိတာလေးပဲ ဆိုတာတွေသည် ဘဲပေါင်း၊ ပုစွန်ပြောင်းဖူးကြော်၊ ငါးကြင်းအရိုးနုပ်၊ ချဉ်ပေါင်ဟင်းရိုးရှည်၊ မြင်းခွာရွက်သုပ် စတာတွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... အရမ်းကောင်းတယ် မသီတာရေ။ ဒီလောက်လေးပဲ ကောင်းတယ်။ ဟင်းတွေ အရမ်းများသွားရင် ဟုန်သွားမှာ။ ဒါလေးတွေက အစပ်အဟပ်တည့်ပြီး စားလို့ကောင်းတယ်"

"သား ... ဘိုသိုက်။ ထည့်စားလေ ပုစွန်ပြောင်းဖူးလေးစား"

"ဟုတ်ကဲ့ အန်တီ။ စားပါတယ်ခင်ဗျ"

ဇွဇွက သူ့ပန်းကန်ထဲသို့ ပုစွန်ပြောင်းဖူးကြော်ထပ်ထည့်ပေးသည်။ ထမင်းဝိုင်းမှာသာ စားနေခဲ့သော်လည်း သူ့စိတ်တွေက ဖုန်းနံ့ပါတ်အသစ်လေးထဲမှာပဲ ရောက်ရှိလို့နေခဲ့သည်။ တကယ်တမ်းတော့ သူ့စိတ်ကူးထဲတွင် ရေးချယ်ကို ဖုန်းလေးတစ်လုံးလောက် လက်ဆောင်ပေးချင်တဲ့စိတ်ဆန္ဒက အဟုတ်ကိုပဲရှိခဲ့တာပါ။ ဖုန်းတစ်လုံးဆိုတာ သူ့အတွက်က ဘာမှဟုတ်တာမဟုတ်။ မကင်းရာ မကင်းကြောင်း မင်္ဂလာဆောင်တွေ့မှာတောင် ဒီ့ထက်မက လက်ဖွဲ့ပေးရသေးတာပဲလေ။





ကိုယ် သံယောဇဉ်ရှိသော၊ ရင်ခုန်သော မိန်းကလေးတစ်ယောက်ကို လှ့အသုံးဆောင်ပစ္စည်းလေး တစ်ခုလောက်တော့ လက်ဆောင်ပေးချင်သည်။ သူမအတွက်လည်း တကယ်အသုံးဝင်သောပစ္စည်းလည်း ဖြစ်စေချင်သေးသည်။ ဒါကြောင့် သူမမွေးနေ့ကို စောင့်နေခဲ့ရာမှ အခုတော့ အဆင်ပြေသွားခဲ့ပြီ။ ဒါလည်းပဲ တစ်မျိုးကောင်းပါသည်။

သူဟာ အိမ်ပြန်ရောက်ရောက်ချင်းပဲ မိဘနှစ်ပါးကိုနှုတ်ဆက်ကာ အိပ်ခန်းထဲ တစ်ခါတည်း ဝင်လာခဲ့သည်။ ပြီးတော့ ရေးချယ်ရဲ့ဖုန်းလေးသို့ ခေါ်လိုက်ပါသည်။ သိပ်မကြာဘဲ သူမက ဖုန်းဖွင့်ထူးသည်။

"အညားစရော"

"အင်း ... ဒီ ကိုရီးယားရှူးမလေးနဲ့တော့ မလွယ်ဘူး"

"လွယ်ပါတယ်။ ရေးချယ်က ကိုရီးယားပဲရှူးတာ။ ကျန်တာဘာမှမရှူးဘူး။ ကိုရီးယားရှူးက လူကို ဒုက္ခမပေးပါဘူး အာဂျုံရှီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟက် ... ရေးချယ်နဲ့ စကားပြောလိုက်ရင် အဆန်းတွေပဲ ကြားနေရတယ်။ တခြားဟာတွေက ဘာရှူးလို့လဲ"

"ဩော် ... ရှိတာပေါ့။ ကားရှူးတို့၊ ရှော့ပင်ရှူးတို့၊ စိန်ရှူးတို့၊ ငွေရှူးတို့၊ ဘောလုံးရှူး စသဖြင့်ပေါ့။ လူတွေက တစ်မျိုးစီ ရှူးနေကြတာပဲလေ"

"ဟုတ်လား။ ဒါဆိုရင် ကိုယ်က ဘာရှူးထဲမှာပါလဲ"

"အင်း ... အလုပ်ရှူး"

သူမက မဆိုင်းမတွပဲ ဒိုးခနဲ ဒေါက်ခနဲ ပြန်ဖြေလျှင် သူ့မှာ ဟက်ဟက်ပက်ပက် ရယ်မောရသည်။ အင်း ... သေချာပါတယ် ရေးချယ်ရယ်။ မင်းကို တစ်နေ့ထက်တစ်နေ့ ပိုလို့ ချစ်လာတယ် ဆိုတာကိုပေါ့။

"ရေးချယ်... ဒီနေ့ ရုံးကိုလာတာ အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေပါတယ်"





အဲဒီလို ပြန်ဖြေလိုက်သော သူမရဲ့လေသံလေးဟာ သူ ထင်တာမမှားဘူးဆိုလျှင် အားပျော့နေသည်။ အခုနက တက်ကြွသော ပျော်ရွှင်ရယ်မောသောအသံနှင့် ဘာမှမဆိုင်ပေ။ သူ့ရင်ထဲ၌ ကရုဏာအရည်ကြည်များ အိုင်ဖွဲ့သွားသည်။

"ပထမတော့ ကိုယ် ရှိနေဦးမလို့ပဲလေ။ ဒါပေမဲ့ လုပ်ငန်းရှင်များအသင်းမှာ အစည်းအဝေးတက်စရာ ပေါ်လာလို့"

"ရပါတယ် အစ်ကို။ ရေးချယ်တို့ အဆင့်လောက်က အစ်ကိုနဲ့တွေ့ရမယ့် အနေထားမျိုး မဟုတ်ပါဘူး"

"ရေးချယ်ရဲ့စကားက ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး။ ရေးချယ်တို့ Marketing အတွေ့အကြုံအရ ဒါမျိုးကိစ္စလောက်နဲ့ သူဌေးကို မတွေ့ရပါဘူး။ မန်နေဂျာတို့၊ စီမံဌာနမှူးတို့လောက်နဲ့ပဲ ပြီးသွားတာပါ"

အဲဒီစကားက မှန်နေသောကြောင့် သူ ဘာပြောရမှန်းမသိပေ။ ဒါပေမဲ့ ရေးချယ်ကို သတိရနေခဲ့တယ် ဆိုတာတော့ သိစေချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါပေမဲ့ ကိုယ်က ရေးချယ်ကို တွေ့ချင်ရဲ့သား နဲ့ အပြင်ကို ထွက်သွားရတာဆိုတော့ တူတော့ မတူဘူး ပေါ့"

"ရှင်"

"အင်း ... ဟုတ်တယ် ရေးချယ်။ အဲလိုဖြစ်နေတယ်"

"အဲ ... ဒါ ... ဒါကတော့ ..."

ရေးချယ်တစ်ယောက် အ,ထစ်၊ အ,ထစ် ဖြစ်နေပုံ ကို နားထောင်ကာ သူက တစ်ချက်ပြုံးမိသည်။ ကိုယ်ထင်တာ မမှားဘူးဆိုရင် မင်းလည်း သတိရနေမှာပါ ရေးချယ်ရယ်။

"ကိုယ်က ရေးချယ်နဲ့ တွေ့ရပြီဆိုပြီး မျှော်လင့်ထားတာ။ အခု မတွေ့ရဘူးဆိုတော့ ရေးချယ် ကိုယ့်ကို အလျော်ပြန် ပေးရမယ်"

"အန် ... ဘာဆိုင်လို့။ အစ်ကိုက ပျက်ကွက်တာပဲဥစ္စာ"

"ဒါဆို ရေးချယ်က ကိုယ့်ကို မကျေနပ်ဘူးပေါ့"



"အင်း ... မကျေနပ်ဘူး။ အဲ ... ဟုတ်ပါဘူး။ ဘာဆိုင်လို့ မကျေနပ်ရမှာလဲ။ ကျေနပ်တယ် မကျေနပ်ဘူး မရှိပါဘူး"

ကမန်းကတန်း ဖြေရှင်းနေသော ရေးချယ်ရဲ့စကား ကို နားထောင်ကာ သူက အသာတိုးတိုး ရယ်မောနေမိသည်။ ကောင်မလေးရယ် ဘာအကြောင်းပြချက်မှ မရှိဘဲ မင်းကို ဒီအတိုင်း ချစ်မိသွားတယ် ဆိုရင်တော့ ဒါဟာ တို့နှစ်ယောက် အတွက် အကြီးမားဆုံး ရှေးရေးစက်ပဲ ဖြစ်လိမ့်မယ် နတ်ရေးချယ် ချ။ မင်းလေးလည်းပဲ နူးညံ့တဲ့၊ နွေးထွေးတဲ့ အပြုံးလေးတွေနဲ့ ရင်ကိုအေးမြစေခဲ့တာပဲ မဟုတ်လား။ နှစ်ယောက်သားကြားမှာ ပွင့်လင်းနွေးထွေးတဲ့ အချစ်မျိုးဆိုတာ ကမ္ဘာပေါ်မှာ အလင်းလက် ဆုံး အကြောင်းအရာပဲဟု သူ ကြားဖူးထားသည်။

"ကိုယ်ကတော့ မကျေနပ်ဘူး ရေးချယ်။ ကိုယ့်ကို အလျော် ပြန်ပေးပါ"

"ဟင် ... အစ်ကိုကလည်း။ ဘာပေးရမှာလဲ"

"မုန့်ကျွေးဖို့ အခွင့်အရေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ? "

"အင်း ... ရေးချယ်ကို မုန့်ကျွေးဖို့ အခွင့်အရေးကို ပြောတာလေ။ ပေးမယ်ဟုတ်"

"ဘယ်တော့လဲ အစ်ကို"

"အင်း ... ရေးချယ် အဆင်ပြေမယ့် အချိန်ပေါ့"

"ရပါတယ်၊ အစ်ကို အဆင်ပြေမယ့်အချိန်ပဲ ရွေးပါ"

"အင်း ... ရေးချယ် ဘာစားချင်လဲ"

"ရေးချယ်က အကုန်စားတာပဲ အစ်ကိုရယ်။ ဘာစားချင်တယ်ဆိုပြီး ခုချိန်မှာတော့ တောင့်တနေတာမျိုး မရှိဘူးပေါ့"

"အင်း ... ဒါဆိုရင် ဆန်းဒေးမှာ ညနေဘက် မွန်းသောကရီကို သွားမယ်လေ။ ဒေါ်ရေးချယ် ကိုရီးယားစာတွေဆွဲပေါ့။ မကောင်းဘူးလား ...

စားပြီး မိုက်လေးရင် ကန်ပေါင်ပေါ်မှာ လမ်းလျှောက်လို့လည်းရတယ်"

"ဟာ ... ဟုတ်သားပဲ။ ကြည့်စမ်း ... အဲဒီကိုရီးယားအစားအစာကို မေ့နေတာ။ အကြိုက်ဆုံးဟာကို ဘာကြောင့်မေ့နေလဲ မသိပါဘူး ...

အဟီး ... ပြောရင်းနဲ့ ကိုရီးယားမြေအိုး ထမင်းသုပ်လေးတောင် စားချင်လာပြီ။ ကမ်ချီလေးနဲ့ ရောနယ်ပြီး တွယ်လိုက်ရရင် ရှလွတ် ...

ဟိုဟာ ... အာဂျုံရှီးရော ကိုရီးယားစာကြိုက်လားဟင်"

"အင်း ... စားပါတယ်။ ကြိုက်တဲ့ဟာတွေလည်း ကြိုက်ပါတယ်။ ရေးချယ် အခုပြောနေတဲ့ပုံစံကို နားထောင်ပြီး စားချင်စိတ်တောင် ပေါက်လာပြီ"

"အဟင်း ... ကိုရီးယားကားထဲကလို ထမင်းလိပ်တွေလိပ်ပြီး အာဂျုံရှီးဆီကို လာပို့ရမလား"

"အင်း ... ရေးချယ် လုပ်တတ်လို့လား"

"ဟီး ... ဘယ်လုပ်တတ်မှာလဲ။ သဘောပြောပြတာ။ ဘာလဲ ... အာဂျုံရှီးက ကြိုက်လို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်စားပါတယ်၊ ကြိုက်တယ်ပဲ ပြောပါတော့။ ဒါပေမဲ့ ကိုယ် အရမ်းကြိုက်တာ တစ်ခုရှိတယ်"

"ဟုတ်လား ... ဘာလဲဟင်"

"အင်း ... လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း"

"ဟင် ... ဟုတ်လား။ ရေးချယ်လည်း အရမ်းကြိုက်တယ်။ ဟိုလေ ... ရှူးရှဲသုပ်လေးဆို ပိုတောင်ကြိုက်သေး"

"အင်း ... ရေးချယ်က တော်တော်အစားမက်တဲ့ပုံပဲ။ ဒီပုံတိုင်းဆို Body Weight ကို တော်တော်ထိန်းရလိမ့်မယ်"

"ဒီအလုပ် လုပ်နေသရွေ့တော့ ဝ,မှာမပူရဘူး အစ်ကိုရေ။ တစ်နေ့ တစ်နေ့ လမ်းတွေလျှောက်ရတာ မိုင်ပေါင်းကုဋေလေ။ ဒါကြောင့် ကြိုက်သလောက်စား ဒီဘော်ဒီပဲ ... ဟဲ ဟဲ"

"အင်း ... အစားအသောက်ကြိုက်တာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကြည့်တော့စားပေါ့။ ကျန်းမာရေးထိခိုက်မယ့်ဟာတွေ မစားနဲ့။ သန့်သန့်ရှင်းရှင်း ရှိတာတွေစား၊ ဟုတ်ပြီလား"





"သယ် ... အာရုံရှိ"

ဒီကောင်မလေးကိုတော့ သူ တကယ်ပဲ မနိုင်တော့ပေ။ အဲဒီလို ချစ်စရာကောင်းတာလေးတွေ လွတ်လပ်ပေါ့ပါးစွာ နေတတ်တာတွေကပဲ သူ့ကို ဆွဲဆောင်နေသလားတော့ မပြောတတ်ပေ။ ရေးချယ်နဲ့ သူသည် တစ်စ တစ်စ နီးကပ်လို့လာပြီဟု ထင်ပါသည်။

"အင်း ... ရေးချယ် နားချင်နားတော့လေ"

"ဟုတ်"

"ရေးချယ်"

"ရှင်"

"ကိုယ် ညတိုင်းဖုန်းဆက်ရင် အနှောင့်အယှက် ဖြစ်မှာလား"

"အဲ ... မ ... မဖြစ်တော့ မဖြစ်ပါဘူး။ အာ ... အာရုံရှိက ဆက်ပြီး ဘာပြောမှာလဲဟင်"

သူ တိတ်တဆိတ် ပြုံးလိုက်မိသည်ဟု ထင်သည်။ ဒီစကားအတွက် ရေးချယ်အပေါ်မှာ တစ်စုံတစ်ရာ မှတ်ချက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ တကယ်သိချင်သောစိတ်ဖြင့် ရေးချယ်ရဲ့အသံလေးက တုန်ခိုက်နေသည်ဟု ထင်သည်။

"ကိုယ်လား ... ရေးချယ်ရဲ့အသံလေးကို ညတိုင်းကြားချင်လို့ပေါ့"

ရေးချယ့်ဘက်မှ ရုတ်တရက် နှုတ်ဆိတ်သွားသည်။ ဒီလောက်သွက်သော ကောင်မလေးဟာ ဒီလိုနှုတ်ဆိတ်သွားပြီဆိုကတည်းက သူမ ရင်ထဲမှာလည်း "အခံ"တစ်ခုခု ရှိနေပါလိမ့်မည်။

"ဒါပဲနော် အစ်ကို။ ရေးချယ် ဖုန်းချလိုက်တော့မယ်"

"အိုကေ ... Good Night ရေးချယ်"

ရေးချယ်က ဖုန်းချသွားသည်။ သူ့အကြည့်က စာအုပ်စင်ပေါ်ရှိ အပင်ငယ်လေးထံသို့ ရောက်သွားကာ နှလုံးသားတစ်ခုလုံး နူးညံ့နွေးထွေးသွားရသည်။ ရှင်သန်ခြင်းကို အဓိပ္ပာယ်ဆောင်ခဲ့တဲ့ ရေးချယ်ရေ။ ကိုယ့်နှလုံးသားဟာ မင်းကြောင့်တကယ်ပဲ ရှင်သန်လာခဲ့တယ် ဆိုရင်ရော ? ... ? ... ? ။

❤ ◯ ❤





၁၆

"ဘယ်တော့လာခေါ်မလဲကွယ် xxx အလုတွေ ပြင်ထားတယ် xxx ရင်ခုန်လွန်းအားကြီးလွန်းလို့ xxx ခေါင်းညိတ်မိပါတယ်"

ရေးချယ်က သီချင်းလေးတအေးအေးဖြင့် မျက်လုံးကို အိုင်းလိုင်နာဆွဲတုန်းမှာပဲ ချောစုက နောက်ကရောက်လာသည်။

"ခေါ်မှာကတစ်ယောက်၊ ရောက်လာတာကတစ်ယောက်ဖြစ်နေပြီ။ ရှေ့မှာ မိုးကောင်း ရောက်နေတယ်ဟော့"

"ဟမ် ! မိုးကောင်း"



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က အံ့သြသွားရကာ စိတ်လည်းရှုပ်သွားရသည်။ ညနေ လေးနာရီအတိမှာ လာကြို့မယ်လို့ ကိုဘိုသိုက်က ပြောထားခဲ့သည်။ ဒါကြောင့် အေးအေးဆေးဆေး အလှပြင်နေတုန်းမှာပဲ မိုးကောင်းက ရောက်လာပြန်ပြီဆိုတော့။ ရေးချယ် ထင်ထားတာ မမှားကြောင်း ချောစုရဲ့စကားက သက်သေပြလာသည်။

"ငါတို့အတွက် စားဖို့ဆိုပြီး ငါးကင်တစ်ကောင်ရယ်၊ မာလာဟင်းရယ်၊ ဖက်ထုပ်ကြော်တွေရယ် ဝယ်လာတယ်ဟ။ နင်နဲ့ သူနဲ့ကတော့ အပြင်မှာစားမှာတဲ့၊ နင့်ကို မုန့်စားဖို့ လာခေါ်တာတဲ့လေ"

"ကျွတ် … ဒီကောင်ကလည်း ရှုပ်ပြီ။ သူနဲ့ ဘယ်တုန်းက ချိန်းထားလို့လဲ"

"အေးလေ … ငါတောင် ဇဝေဇဝါ ဖြစ်သွားတာ။ နင်က ကိုမင်းဘိုသိုက်နဲ့ သွားမယ့်ဟာကြီးကိုလို့။ ကဲ … မြန်မြန် ထွက်ပြောလိုက်ဦး။ တော်ကြာ တိုက်ဆိုင်နေဦးမယ်"





ရေးချယ်က စိတ်ရှုပ်စွာနဲ့ ထိုင်ရာမှ ထလိုက်သည်။ အပြင်သို့ ထွက်လိုက်သောအခါ ရှိုးစမိုးအပြည့်နှင့် မိုးကောင်းကို တွေ့လိုက်ရသည်။ သူကလည်း ပ်တွေများပြီး ထွက်လာသော ရေးချယ်ကို အံ့သြသလိုကြည့်သည်။ ခေါင်းလျှော်ပြီးစ မွှေးအိ ဖြော်စင်းနေသော ဆံပင်ရှည်တွေကို ဒီအတိုင်းချထားပြီး နို့စိမ်းရောင်ဖစ်တင်တီရှပ်အကျပ်၊ အောက်က ဘောင်းဘီမှာ ခုတလော ဒီဇိုင်းဆန်းနေသည့် ရွှေအိုးစည်ဘောင်းဘီလို မီးခိုးရင့်ရောင်ပွတ်တာမှာ ဒူးအလယ်မှာ ရွှံ့ကြီးပါစည်းထားတာမို့ လွတ်လပ်ပေါ့ပါးသော ငှက်အသွင်ပျံတက်တော့မည့် ရေးချယ် ဖြစ်နေသည်။

"ဟာ … နင် ငါလာခေါ်မှာကို အာရုံတွေ ရနေတယ် ထင်တယ်၊ ကြိုရှိုင်းထားတာပေါ့ … ဟုတ်လား"

"ဟက် … ငါ့ကို လာခေါ်မှာ နင်တစ်ယောက်တည်းပဲ ရှိတယ်များ မှတ်နေလား"

"ဘာရယ် … ဒါဆို နင်က ဘယ်သူနဲ့ ချိန်းထားလို့လဲ"

"နင်သိစရာ မလိုပါဘူး။ ကဲ … ငါ မအားဘူးနော်။ အဲဒါပဲ သိထားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရေးချယ်။ နင်က ဒါမျိုး ဘယ်တုန်းက ဖြစ်သွားရတာလဲ။ မရဘူးဟာ နင် ငါနဲ့ပဲ လိုက်ခဲ့ရမယ်"

"အမိဖွာယ်မရှိတာပဲ မိုးကောင်း။ နင်က ငါ့ကို ဘာမှလဲ ကြိုရှိန်းထားတာလည်း မဟုတ်ဘူး။ နင့်ဘာသာနင် ရောက်ချင်တဲ့အချိန် ရောက်လာပြီး ဖွက်လာမလုပ်နဲ့ ...

ငါ နင်နဲ့ လိုက်နိုင်မှာ မဟုတ်ဘူး"

"ဒါဖြင့်ရင် နင်က ဘယ်သူနဲ့ သွားမှာလဲ။ နင် အခုသွားမှာ ယောက်ျားတစ်ယောက်နဲ့ မဟုတ်လား"

အဲဒီစကားကြောင့် ရေးချယ်နှင့် မိုးကောင်းတို့ အကြည့်နှစ်ခုက စူးစူးရဲရဲ စိုက်ဆုံသွားကြသည်။ မိုးကောင်းက ရေးချယ်ရဲ့မျက်လုံးတွေထဲသို့ အဖြေရှာသလို လိုက်ကြည့်နေသည်။ အဲဒီတစ်ခဏ၌ ကြောက်စရာကောင်းအောင် တိတ်ဆိတ်နေပြီးနောက် မိုးကောင်းက စတင်ကာ ကျွတ်စ်ခနဲ စုတ်သပ်ပြီး အကြည့်လွှဲသွားသည်။ ပြီးတော့ ဖျတ်ခနဲဆိုသလို ပြန်လှည့်ကြည့်လာကာ ...





"ရေးချယ် ... နင် ရည်းစားရနေတာလား ဟုတ်လား"

အဲဒီအပြောကြောင့် ရေးချယ်က ဆောင်းခနဲဒေါသထွက်သွားရသည်။ သူ့မှာ အဲဒီလိုမေးစရာ ဘာအခွင့်အရေးမှ မရှိချေ။ မိုးကောင်းရဲ့ပုံစံသည် သူငယ်ချင်းတစ်ယောက်က သိချင်စိတ်နှင့် မေးသည်ဆိုတာထက် သူ့မျက်နှာပေးနှင့် လေသံက သူနဲ့ပဲ ဘာလိုလိုဖြစ်ထားပြီး သူ့ကွယ်ရာမှာ မဟုတ်တာ လုပ်နေသလားဆိုတဲ့ မေးပုံမျိုးဖြစ်လေသည်။

"နင်စကားတွေက သောင်ကျော်နေပြီ မိုးကောင်း"

"ဘာမှမကျော်ဘူး။ နင် ရည်းစားထားခွင့် မရှိဘူးနော် ရေးချယ်"

"သေလိုက် ... နင် ပြန်တော့ မိုးကောင်း"

"အေးပါ ပြန်မှာပါ။ ဒါပေမဲ့ နင်သိအောင်တော့ ငါတစ်ခု ပြောခဲ့လိုက်မယ်။ ငါ နင့်ဆီက အဖြေစွတ်မတောင်းတာ နင် စိတ်ညစ်မှာစိုးလို့၊ နင် အာရုံနောက်မှာစိုးလို့။ အပျင်းပြေ ရည်းစားစကား ပြောလိုက်တယ်များ ထင်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ ငါ ရန်ကုန်ကို ရောက်လာတယ်ဆိုတာကလည်း နင့်ဆီကို အမိက ရောက်လာခဲ့တာပဲ ရေးချယ်။ နင်ရှိလို့ ရောက်လာတယ်ဆိုတာ မြဲမြဲမှတ်ထားအဲဒါပဲ"

ပြောပြီးတာနှင့် မိုးကောင်းက စူးစူးရဲရဲ တစ်ချက်ကြည့်ကာ ချက်ချင်းပဲ ထထွက်သွားလျှင် ရေးချယ်မှာ ဒေါသထွက်လွန်းသဖြင့် အသားတောင် တဆတ်ဆတ်တုန်ပြီး ကျန်ခဲ့သည်။ မသူက စိတ်ပျက်လက်ပျက်ပုံစံဖြင့် အနားသို့လာထိုင်ကာ...

"ဟင်း ... ဒီကောင်လေး ရောက်လာတည်းက ငါလည်း မျက်ခုံးလှုပ်နေတာ၊ တော်တော်ဆိုးတဲ့ ကောင်လေးပဲ။ ငါတော့ စိတ်ညစ်ပါတယ်"

"အေးဟယ် ... ရေးချယ်။ တစ်ရပ်တည်းသားချင်း ငယ်ငယ်လေးတည်းက သိနေတဲ့လူတွေဆိုလည်း နင်ပဲငဆပြောဆိုရခက်တယ်။ သူကလည်း ဘယ်တော့များမှ ရန်ကုန်က ပြန်ပါ့မလဲ မသိဘူး"





"ပြန်မှာ မဟုတ်ဘူး။ သူ့အိမ်က ပါကိစ္စ ငွေလွှဲငွေပို့ကိစ္စတွေကို ဒီကနေ ဟိုနည်းနည်း ဒီနည်းနည်း လုပ်ပေးနေတာဆိုတော့ အလုပ်ရှိသလို ဖြစ်နေတာ ...

တောက် ... အဲဒီလို တင်တင်စီးစီးတွေ ပြောလို့ကို ရေးချယ်က အရမ်းအမြင်ကတ်တာ"

"အေးလေ ... နင် ပြတ်ပြတ်သားသားတော့ လုပ်မှရမယ်နော် ရေးချယ်"

"ပြတ်သားတယ်။ သူကသာ အပီအပိုင် လာလုပ်နေတာ။ သူ့ကို ဘယ်တုန်းကမှ ရေးချယ် အထာလည်းမပေးဖူးဘူး။ အမြဲတမ်းတောင် ပြောဆိုငေါက်ငမ်းနေတာ၊ ဟင်း ... စိတ်ကုန်တယ် တကယ်ပဲ"

"စိတ်ကုန်ရင် ရည်းစားထားလိုက်။ ဒီနေ့ ကိုမင်းဘိုသိုက်ကများ ဖွင့်ပြောလို့ကတော့ တစ်ခါတည်း အဖြေပြန်ပေးခဲ့သိလား"

"ဟင်း ... ချောစုကတစ်မျိုး။ ဟော ..."



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ် ပြောနေတုန်းမှာပဲ ဖုန်းမှ Message ရောက်ကြောင်း အသံပေးလို့လာလျှင် ရေးချယ်က ကမန်းကတန်း ဖွင့်ကြည့်မိသည်။ ထင်ထားတဲ့အတိုင်း အစ်ကိုဘိုသိုက်ထံမှဖုန်း ဖြစ်ပြီး On the way ဆိုတဲ့ စာတန်းလေးကို တွေ့လိုက်ရလျှင် ရင်တွေဖျတ်ခနဲ ခုန်သွားသည်။

ချက်ချင်းပဲ မိုးကောင်းဆိုသော မှင်စာအစုတ်ပလုတ်က ပြေးထွက်သွားကာ အစ်ကိုဘိုသိုက်ရဲ့ တည်ငြိမ်ခန့်ညားသော ရုပ်သွင်ကို မြင်ယောင်လာပြီးနောက် အခန်းထဲသို့ ပြန်ပြေးဝင်ခဲ့သည်။ နှုတ်ခမ်းနီ မဆိုးရသေးတာမို့ အသားရောင်နှုတ်ခမ်းနီခပ်ရွှဲရွှဲလေး ဆိုးပြီးနောက် မျက်နှာကို တစ်ချက်ဆန်းစစ်လိုက်သည်။ အိုကေ ... မိတ်ကပ်တွေ သိပ်များနေတာကိုလည်း ရေးချယ်က မကြိုက်ပါ။ ရေးချယ်ရဲ့မျက်နှာလေးမှာ နူးညံ့စိုလက်တောက်ပနေသည်မှာ ဈေးကြီးသော Skin Care များရဲ့ စွမ်းဆောင်ချက်ကြောင့် မဟုတ်ပါ။

ရင်ထဲ နှလုံးသားထဲက နူးညံ့သော ရင်ခုန်သံသည် အပျိုရိုင်းလေးတစ်ယောက်ကို ချစ်သွေးကြွယ်ဝ လှပစေပါသည်။



ရေးချယ် အပြင်ပြန်ထွက်လာစဉ်မှာပဲ ဖုန်းမြည်သံလေးက ထွက်ပေါ်လာသည်။

"ငါ့ဘဝရဲ့မိုးအိမ်ရှင်ပါ xxx ငါ့ဘဝရဲ့ အလင်းရောင်လေး၊ ငါ့ဘဝရဲ့တန်ခိုးရှင်ပါ"

အဲဒီ Ring Tone လေးနဲ့ ဖုန်းခေါ်ဆိုသူဟာ ဘယ်သူများဖြစ်နိုင်ဦးမှာတဲ့လဲ။ ရွေးချယ်က ဝမ်းသာအားရဖြင့် ဖုန်းကို ဖွင့်ထူးလိုက်သည်။

"ဟယ်လို"

"ရေးချယ် ... ကိုယ် အောက်မှာ ရောက်နေပြီနော်"

"ဟုတ် ... လာပြီနော်၊ ခဏလေး"

"ရတယ် ... ဖြည်းဖြည်းပဲ ဆင်းခဲ့"

"ဟုတ်"

ရေးချယ်က ဖုန်းကိုပိတ်လိုက်ပြီးနောက် မသူတို့ဘက်ကို တစ်ချက်လှည့်ကြည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ပြီးတော့ အိတ်လေးကို ကောက်လွယ်ကာ နှစ်ယောက်လုံးကို တာ့တာပြလိုက်ရင်း နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တာ့တာ မသူနဲ့ ချောစုရေ၊ ရေးချယ် လစ်ပြီနော်"

"အားတိုင်းလည်း သွားပြဖမနေနဲ့ဦးဟေ့။ သွားတွေအအေးပတ်ပြီး ပြန်လာနေရဦးမယ်"

မသူရဲ့စကားက ရေးချယ်ရဲ့နောက်ကျောဘက်မှာ လွင့်ပျံ့ပြီးကျန်ခဲ့သည်။ ဖြည်းဖြည်းလာခဲ့ ဆိုသော်လည်း ရေးချယ်က လှေကားထစ်တွေကို ခပ်သွက်သွက်လေးပဲ နင်းဖြတ်ပြီးဆင်းလာခဲ့သည်။

အဝတ်အစားနှင့် လိုက်ဖက်အောင် All Star ရှူးဖိနပ်လေး စီးလာတာမို့ ချော်လဲမှာကို မပူရပါ။

တွေ့ပါပြီ။ တိုက်အောက်တွင် ရပ်ထားသော သူ့ရဲ့ကားအဲကောင်းစားကြီးကို။ သူက ကားပေါ်မှာ အခန့်သားထိုင်မနေဘဲ ရေးချယ်ကို ဆင်းပြီးကြိုဆိုနေသည်။ ကြည့်စမ်းပါဦး တစ်လောကလုံးမှာ ဒီယောကျ်ားသာလျှင် ကြည့်အကောင်းဆုံး၊ Smart အဖြစ်ဆုံးဟု သတ်မှတ်ပေးလိုက်ရမလိုပါပဲ။ ထူးခြားတိုက်ဆိုင်စွာဖြင့် သူ ဝတ်ထားသော အကျီအရောင်မှာ ရေးချယ်လိုပင်



နို့စိမ်းနုစ်ရောင် Croditile တံဆိပ် စပို့ရှပ်လက်တိုလေးဖြစ်ကာ ဂျင်း(န်)မှိုတက်အနက်ရောင်ဖြင့် တွဲဖက်ဝတ်ဆင်ထားသောကြောင့် လတ်ဆတ်ရှင်းသန့်နေသည်။

တစ်ယောက်နဲ့တစ်ယောက် ငေးမောသက်ဝင် စိုက်ကြည့်နေကြပြီးမှ ရေးချယ်က ရှက်ရှက်နှင့် ရယ်ချလိုက်သည်။

"အဟီး"

"ရေးချယ် ... တက်လေ"

သူဖွင့်ပေးသော တံခါးပေါက်မှတစ်ဆင့် ရေးချယ်က ကားပေါ်သို့ တက်လိုက်သည်။ ခဏနေတော့ သူက ကားကိုညင်သာစွာ မောင်းထွက်သည်။ ရေးချယ်သည် စင်တီယာတိုင်ကို သက်သောင့်သက်သာ ကိုင်ထားသော သူ့ရဲ့လက်ချောင်းရှည်ရှည်လေးများကို တိတ်တဆိတ် ခိုးကြည့်ကာ အကြင်နာကြီးမယ့်လက်တွေပဲဟု တွေးနေမိသည်။

"ရေးချယ်နဲ့ ကိုယ် စိတ်ချင်းနီးစပ်တယ်လို့ မထင်မိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် စကားသံ ထွက်လာသောအခါ ရေးချယ်မှာ ဆတ်ခနဲတောင် တုန်သွားသည်ဟု ထင်မိသည်။

"ဘာလဲ ... အကျႌအရောင် တူနေတာကို ပြောနေတာလား ဟင်"

"ဒါပေါ့"

"အဟင်း ... တိုက်ဆိုင်တာ နေမှာပါ"

"ဒါဆိုရင် လောင်းမလား"

"ရှင် ... ဘာကိုလဲ"

ရေးချယ်က လှည့်ကြည့်ပြီး မေးလိုက်လျှင် သူ့ရဲ့ နွေးနွေးအရည်လဲ့နေသော မျက်ဝန်းများဖြင့် တန်းခနဲဆုံသည်။ အဲဒီအကြည့်တွေနှင့် ဆုံလိုက်တိုင်း ရင်တွေပေါက်ကွဲမတတ် ခုန်လာတာကလည်း ထိန်းချုပ်မရနိုင်သော အချစ်ရဲ့ဖြစ်စဉ်တစ်ခုပါပဲ။

"ရေးချယ်နဲ့ ကိုယ်နဲ့ စိတ်ချင်းနီး,မနီး လောင်းမယ်လေ။ ဆိုင်ရောက်ရင် ရေးချယ် သောက်ချင်တဲ့ အသီးဖျော်ရည်



တစ်ခုမှာ။ ကိုယ်လည်း မှာမယ်၊ အဲ ... မှာဆိုတာက စာရွက်လေးတစ်ရွက်မှာ ချရေးတာပေါ့ ...

ပြီးရင် တိုက်ကြည့်မယ်။ တူနေရင် စိတ်ချင်းနီးစပ်တယ်လို့ သတ်မှတ်မယ်။ တူနေရင် ကိုယ် နိုင်တယ်၊ နိုင်ရင် ရေးချယ်ကို အမှတ်တရလက်ဆောင်တစ်ခု ပေးမယ်၊ ရေးချယ် နိုင်ရင်လည်း ကိုယ့်ကို ပေးရမယ်။ ဘယ်လိုလဲ"

သိပ်ကို ရင်ခုန်စိတ်လှုပ်ရှားဖို့ကောင်းသော စကားလေးပါပဲ။ ရေးချယ်သည် စကားပြန်မပြောနိုင်ဘဲ နူးညံ့သောအပြုံးတစ်ပွင့်နဲ့သာ ခေါင်းညိတ်ပြနိုင်သည်။ သူက "အိုခေ" ဟု တိုးတိုးရေရွတ်လိုက်သံသည် ရေးချယ်၏ နှလုံးသားထဲထိ စိမ့်ဖြာသွားသည်။ သားတိုက်နိုးပြီး ငေးမောနေရသော သွင်ပြင်သည် ဘယ်လိုအားကိုး မြတ်နိုးချင်စရာ ကောင်းမှန်းကို မသိပါ။

ယောကျ်ားတစ်ယောက်ကို အားကိုးချစ်ခင်တဲ့စိတ်သည် မိန်းမတစ်ယောက်အတွက် ဘယ်လောက်ချိုမြိန်ပီတိဖြစ်စေမလဲဆိုတာ ခံစားဖူးသူ အဲဒီမိန်းမကိုယ်တိုင်ပဲ သိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်လမ်းရှိ **Moon Bakery** ကိုရီးယားဆိုင်လေးသို့ ရောက်သွားသောအခါ သူက ရေးချယ်ကို ပြုံးစစဖြင့် စိုက်ကြည့်သည်။ ကဲ ... အလောင်းအစား စ,တော့မယ်နော် ဆိုတဲ့သဘော မျိုးမို့ ရေးချယ်က သဘောတကျနှင့် ချစ်စနိုးရင်ခုန်ဖြစ်သွားရသည်။ သူက အနားမှာလာရပ်သော ဝိတ်တာကို ခေါင်းတစ်ချက်ဆတ်ပြပြီးနောက် ရေးချယ်ဘက်သို့ တစ်ချက်လှည့်ကာ ...

"စားစရာတစ်ခုခုမှာလေ ရေးချယ်။ ဖျော်ရည်က နောက်မှပေါ့"

ဟုတ်တယ်မလား ဟူသော ပုံစံဖြင့် သူက မျက်ခုံး တစ်ချက် ဆတ်ပြလျှင် ရေးချယ်သည် အဲဒီအပြုအမူလေးကို အဆုံးမရှိ ချစ်မြတ်နိုးသွားရလေသည်။ ချစ်ထားတာ ... ချစ်ထားတာ၊ ဒီလူကြီးကို ဘာနဲ့မှ မတူအောင် ချစ်ထားတာနော်။

"ဘာစားမလဲ အာဂျီးမ။ စဉ်းစားလေဗျာ"

ကြည့်ဦး ... ချစ်ဖို့ကောင်းလိုက်တာကွယ်။ အဲဒီ အာဂျီးမ(အဒေါ်ကြီး)ဆိုတဲ့ အခေါ်အဝေါ်လေးကို သူ ဘယ်ကများ သိလာတာပါလိမ့်။





"ဒီ ... အာဂျီးရှီးက အာဂျီးမ ဆိုတာကို သိတယ်ပေါ့"

"သိတာပေါ့၊ ကိုယ့်အမေကလည်း ကိုရီးယားစီးရီးစ်တွေ ခရေစီလေ။ ကဲ ... ကဲ မှာလိုက်ဦး ရေးချယ်"

ရေးချယ်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကိုရီးယားမြေအိုးထမင်းသုပ်ကို မှာလိုက်သည်။ သူကတော့ ပဲကြာဆံသုပ် မှာသည်။ ဝိတ်တာလေး အနားမှထွက်သွားလျှင် သူက တစ်သျှူးတစ်ရွက်ကိုယူပြီး နှစ်ထပ်ခေါက်ပြီးနောက် ရေးချယ်ကို လှမ်းပေးသည်။

"ကဲ ... ရေးချယ် သောက်ချင်တဲ့ အသီးဖျော်ရည် တစ်ခုခု ကိုရေး"

သူက နောက်တစ်ရွက်ကို ထပ်ခေါက်ကာ "ကိုယ် လည်း ရေးပြီနော်"ဟု ပြောသည်။ ရေးချယ်သည် ဘောပင်ကို ကိုင်ထားရင်း မျက်လုံးကိုထောင့်ကပ်ကာ ဘာရေးရမလဲဟု စဉ်းစား မိသည်။ သူ့ကိုကြည့်လိုက်တော့ ဘာကိုမှ သိပ်ထွေထွေထူးထူး စဉ်းစားနေပုံ မပေါ်ပေ။ ဆုံးဖြတ်ထားပြီးသား တစ်ခုကို ဖျတ်ခနဲ ကောက်ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က သူ့ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်နေတာမြင်လျှင် ရေးချယ်ကို အသာပြုံးကြည့်သည်။ အဲဒီအပြုံးမှာ ကလေးတစ်ယောက်ကို ချစ်စဖွယ်ပြုံးကြည့်သော အပြုံးမျိုးဖြစ်သည်။

"ရေးလေ ... စဉ်းစားလို့ မရဘူးလား"

"အာဂျဲရှီး ရေးပြီးပြီလား"

"အင်းလေ ... ကဲ ... ရေးပါ။ ဘာကြောက်နေတာလဲ၊ အဲလောက် တိုက်ဆိုင်မယ် ထင်လို့လား"

"မဟုတ်ပါဘူး။ အိုခေ ... ရေးပြီ"

ရေးချယ်က စိတ်ထဲမှာ တကယ်ပဲ သောက်ချင်စိတ်ဖြစ်လာသော အသီးဖျော်ရည်တစ်ခုကို ကောက်ရေးလိုက်သည်။ အင်းလေ ... ဘာကြောက်စရာလိုလဲနော်။ စိတ်ချင်းက ဒီလောက်တူမှာမို့လို့လား။ တိုက်ဆိုင်မှာ မို့လို့လား။ ရေးချယ်က ရေးပြီးတာနှင့် အစ်ကိုဘိုသိုက်ကို မော့ကြည့်လိုက်သည်။ သူကလည်း ရေးချယ်ကို ပြုံးကြည့်နေသည်။ တစ်ယောက်နှင့် တစ်ယောက် အပြုံးချင်းဖလှယ်ရင်း ရင်ထဲမှာ ဘာရှိနေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်လိုက်ရသလိုပင်။





အဲဒီလို လေပြည်တွေ တိုက်နေချိန်မှာလည်း မုန်တိုင်းဆိုတာ ရောက်လာတတ်ကြောင်းလည်း သိရသေးသည်။ အဲဒီအချိန်မှာ ရေးချယ် လုံးဝမမျှော်လင့်သော တစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ရေးချယ် ... လက်စသတ်တော့ နင်က ဒီလိုကိုး"

အဲဒီအသံနဲ့အတူ ဘေးကိုလာရပ်သူက မိုးကောင်းပဲဖြစ်လေသည်။ ရေးချယ်သည် မိုးကောင်းတစ်ယောက် ဒီလိုရောက်လာမယ်ဟု မထင်ထားသဖြင့် အကြီးအကျယ် အံ့သြနေကာ ပါးစပ်အဟောင်းသား ပွင့်နေရသည်။

"နင် ... နင် ..."

"အင်းလေ ... ငါပဲလေ။ ဘာဖြစ်နေတာလဲ"

အံမာ ... သူကတောင် လူကိုပြန်ဟောက်ချင်တဲ့ပုံစံနဲ့ပါလား။ ဘာလာကြောင်နေတာလဲ ဆိုတဲ့ ပုံစံမျိုးနဲ့။ ရေးချယ်သည် မိုးကောင်းကိုကြည့်ကာ ဒေါသတွေ တလိမ့်ပြီးတစ်လိမ့် ထွက်လာသည်။ အခုနက ကြည်နူးသာယာခဲ့သော အချိန်လေးများမှာ ချက်ချင်းပဲ အငွေ့ပျံပျောက်ဆုံးသွားသည်ဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေးချယ် သူငယ်ချင်းနဲ့တူတယ်။ ထိုင်လေ"

ကိုဘိုသိုက်က ခေါ်လိုက်တာနှင့် မိုးကောင်းက ခပ်တည်တည်ပဲ ခုံတစ်လုံးမှာ ဝင်ထိုင်သည်။ ရေးချယ်သည် အဲဒီမြင်ကွင်းကိုကြည့်ကာ ဒေါသသွေးတွေက ငယ်ထိပ်ထိ ဆောင့်တက်လာသလား မှတ်ရသည်။

"တစ်ခုခုသုံးဆောင်လေ ညီလေး"

ရေးချယ်က အောက်နှုတ်ခမ်းသားကို အသာကိုက်ပြီး ကိုက်ကာ မျက်နှာကို တစ်ဖက်သို့ မသိမသာ လွှဲပစ်မိသည်။ မိုးကောင်းကို နပ်နပ်စင်းပစ်ချင်နေသည်မှာ အသည်းထဲကယား ထွက်နေလေသည်။

"နေပါစေ ... ရေးချယ်က ကျွန်တော်နဲ့အတူ စားရမှာကို ကြည်ဖြူမှာ မဟုတ်ပါဘူး။ အိုခေ ... ဘရာသာ (သင်းက အမြင်ကတ်ဖွယ်ကောင်းအောင်ပင် လက်တစ်ဖက်ကို ရှေ့သို့ ဟန်ပါပါ ဆန့်တန်းထုတ်ကာ) ကျွန်တော်က မိုးကောင်းပါ၊ ရေးချယ်နဲ့ တစ်မြို့တည်းသားချင်း ငယ်သူငယ်ချင်း ဆိုပါတော့"





သူက ခေါင်းတစ်ချက်ဆတ်ပြပြီးနောက် မိုးကောင်း ကမ်းပေးသောလက်ကို ဆွဲကိုင်နှုတ်ဆက်လိုက်လျှင် ရေးချယ် ရင်ထဲ၌ ဖျင်းခနဲ ဖြစ်သွားသည်။

"တွေ့ရတာ ဝမ်းသာပါတယ်။ ကိုယ် ရေးချယ်ရဲ့မိတ်ဆွေပါ။ မင်းဘိုသိုက်လို့ ခေါ်တယ်"

"အင်း ... ကျွန်တော်ကတော့ တွေ့ရတာ ဝမ်းအသာကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ..."

"မိုးကောင်း"

မိုးကောင်းနဲ့ စကားမဆုံးသေးဘဲ ရေးချယ်က ဖြတ်အော်လိုက်လျှင် မိုးကောင်းက ရေးချယ်ကို မအံ့ဩသောမျက်လုံးများဖြင့် ဘာလဲဟ ဟူသော အထာသုံးကာ လာကြည့်သည်။ အစ်ကို ကိုဘိုသိုက်ကတော့ ရေးချယ်ကို အနည်းငယ်အံ့ဩသော မျက်လုံးများဖြင့် ကြည့်နေသည်။

"နင် ... သွားတော့"

"ဟ ... ဘာဖြစ်တာလဲ။ နင် ငါ့ကို နင်စရာအကြောင်း မရှိဘူးနော် ရေးချယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်။ နင်က အေးအေးဆေးဆေးနေဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာတာမှ မဟုတ်တာ။ ခနဲ့ဖို့ ရွဲ့ဖို့ ရိုဖို့ ထေ့ဖို့ ရောက်လာတာ မဟုတ်လား"

"ဟာက် ... ပုဒ်မကြီးတွေ လျှောက်တပ်နေတာပဲ။ ဒါပေမဲ့ တစ်ခုရှိတာက နင်က အမြင်စောင်းနေတဲ့သူ ဆိုရင်တော့ ငါ ပြောတာကိုတွေကိုလည်း အစောင်းပဲ မြင်နေတော့မှာပေါ့"

"မိုးကောင်း ... ! နင်နဲ့ငါ ပြဿနာမတက်ချင်ဘူး"

ရေးချယ်ရဲ့အေးစိမ့်တိုးသက်သောအသံကို မိုးကောင်းက အနည်းငယ် ဖြုံသွားဟန်ဖြင့် ပခုံးတွန့်ပြသည်။ ပြီးတော့ ... ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ကာ ...

"အိုခေလေ ... နင်နဲ့ ငါ နောက်မှတွေ့ကြတာပေါ့ ... ဘိုင့် ...။ ဪ ... ဒီက လူကြီးမင်းလည်း ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"





"လိုအပ်ရင် ထပ်တွေ့ကြတာပေါ့ဗျာ"

အဲဒီစကားကြောင့် ရေးချယ်ရော ကိုဘိုသိုက်ပါ ဆတ်ခနဲ ဖြစ်သွားရှိန်ဝယ် မိုးကောင်းက မဲ့ပြုံးတစ်ချက်ဖြင့် ရှာခနဲလှည့်ထွက်သွားတော့သည်။ ရေးချယ်သည် အံကိုတင်းတင်းကြိတ်ရင်း ဒေါသတွေ အစုလိုက် အပြုံလိုက်ထွက်ကာ ကျန်ရစ်ခဲ့သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ရေးချယ်ရဲ့လက်ပေါ်သို့ နူးညံ့သော လက်တစ်စုံက ကျရောက်လို့လာလျှင် ရေးချယ်က အံ့ဩစွာ မော့ကြည့်မိသည်။

"စိတ်လျှော့ပါ ရေးချယ်"

တည်ငြိမ်နွေးထွေးသော မျက်ဝန်း၊ နူးညံ့သောအပြုံးများဖြင့် သူ့မျက်နှာပေါ်တွင် ဒေါသဟူ၍ မြူတစ်မှုန်မျှပင် မတွေ့ရပါ။ ဒီလောက် စိတ်တိုစရာ ဒေါသထွက်စရာလူကို ဘာကြောင့် ဒေါသမထွက် စိတ်မဆိုးရတာပါလိမ့်။

"အနှောင့်အယှက်ဆိုတာ ရှိမှာပဲလေ။ ကိုယ်တို့ရဲ့ သာယာတဲ့အခြေအနေလေးတွေကို ဒီလိုပဲ အပျက်အစီးခံမလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ချက်ချင်းပဲ မေ့ပစ်လိုက်ပြီး သူ မလာခင်ကလို ပြန်ဖန်တီးမလား …

ရေးချယ် ပေါ်မှာပဲ မူတည်နေတယ်”

ရေးချယ်က စိတ်လျှော့လိုက်ကာ သက်ပြင်းကို ဆောင့်ခနဲ ချမိသည်။ ပြီးတော့ ခေါင်းကို ဖြည်းလေးစွာခါယမ်းမိပါသည်။ နင် ရောက်လာတာ ငါ့အတွက်တော့ ကြီးစွာသော အနှောင့်အယှက်ပဲ။

“ဘယ်လိုလဲ ရေးချယ်”

“ဆောရီး …၊ ဘာပဲဖြစ်ဖြစ် ရေးချယ် တောင်းပန်ပါတယ်”

“တောင်းပန်စရာ မလိုပါဘူး။ ရေးချယ်မှာ ဘာအပြစ်မှ ရှိတာမှ မဟုတ်တာ။ ရေးချယ်ကို တစ်ခုသတိပေးရဦးမယ်။ တခြားသူတွေရဲ့ အရေးမပါတဲ့ အပြုအမူ လုပ်ရပ်တွေနဲ့ ကိုယ့်ရဲ့ပျော်ရွှင်မှု လွတ်လပ်မှုကို အကျဉ်းမချပါနဲ့။ အဲဒါ ဆိုရင် ဘဝမှာ နေရထိုင်ရတာ သောင်အရှမ်းကျဉ်းသွားလိမ့် မယ် …





ကဲ … စား … စား။ စားရင်းနဲ့ စကားဆက်ပြောကြ မယ်”

သူက ပြေလျှော့ပေးလိုက်လျှင် ရေးချယ်က မြေအိုးထမင်းသုပ်ကို စတင်နယ်လိုက်သည်။ ခါတိုင်းလို ဆိုလို့ကတော့ အားရပါးရ နယ်ဖတ်ကာ မြည်းလိုက် စားလိုက်၊ သူ့ကို စကားပြောလိုက်၊ နောက်လိုက် ပြောင်လိုက်နဲ့ အတော်ကြီးပျော်ဖို့ကောင်းနေမှာ ဖြစ်ပေမယ့် ခုတော့ တစ်ခုခုက ခံနေသလို အပြည့်အဝ မရနိုင်ဘဲ ဖြစ်နေသည်။

သူကတော့ ဘယ့်နယ်မှ နေဟန်မတူပါ။ အေးအေးဆေးဆေးပဲ ရှိနေသည်။ အင်းပေါ့လေ … မိုးကောင်းလို အနေအထားဆိုတာ သူ့အတွက်တော့ ပမွှားအဆင့်လောက်ပဲမို့ အဲဒီလောက် ဂရုစိုက်စရာ မလိုဘူးဟု မှတ်ယူထားပုံရသည်။ ရေးချယ်ကတော့ အဲဒီလောက်လည်း ခန္တီပါရမီ မရင့်သန်။ ဒီလောက် ရိုက်ပေါက်သမားကို နုပ်နုပ်စင်းပစ်ချင်စိတ်သာ ရှိနေသည်။

“ခုထိ ခေါင်းထဲမှာ နေရာပေးနေတုန်းပဲလား ရေးချယ်”

“အဲ … ဘယ်လိုသိတာလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရေးချယ်ရဲ့ ပုံမှန်စတိုင်လ်မှ မဟုတ်တာ"

ရေးချယ်က ထမင်းသုပ်တွေကို ခက်ရင်းနဲ့အကြောင်းမဲ့ထိုးနယ်နေရင်းမှ သူ့ကို တိတ်တဆိတ် ချောင်းကြည့်မိသည်။ ဒီလောက် ရမ်းကားဆိုးဝါးတဲ့ မိုးကောင်းအကြောင်းကို ဘာကိစ္စ တစ်ခွန်းတစ်ပါဒမှတောင် မမေးရတာပါလိမ့်။

"ဒီလိုသူငယ်ချင်းမျိုးရှိတာ ရှက်လိုက်တာ"

"ရှက်စရာကိစ္စ မဟုတ်ပါဘူး ရေးချယ်။ ထား ... ထားလိုက်ပါ။ သူ့ကို ကိုယ့်ခေါင်းထဲမှာ ဘာမှမထားပါဘူး"

"ရေးချယ်တော့ မကျေနပ်နိုင်တာ အမှန်ပဲ"

"အင်း ... ထားလိုက်ပါ။ ကဲ ... ကိုယ်တို့ အလောင်းအစားလေး ပြန်စရအောင် ရေးချယ် ရေးပြီးပြီ မဟုတ်လား။ ရော့ ... လဲဖတ်ကြမယ်"

သူက ရေးထားသော တစ်သျှူးခေါက်လေးတစ်ခုကို တွန်းပေးလျှင် ရေးချယ်သည် စိတ်အနှောင့်ယှက် ဖြစ်စရာကိစ္စများ ဝေးလွင့်ကာ ချက်ချင်းပဲ ရင်ခုန်သံတွေ ပူနွေးသက်ဝင်လာသည်။





ရေးချယ်က ပူနွေးသော နှလုံးသားဖြင့် ကိုယ်ရေးထားသော တစ်သျှူးလေးကို သူ့ဆီသို့ တွန်းပို့မိသည်။ အခုထိုင်နေသော နေရာမှာပဲ ချိန်ကိုက်ဗုံးတစ်လုံး ထောင်ထားသည့်အလား ရေးချယ်ရဲ့ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ သူရေးထားသော တစ်သျှူးလေးကို ဖွင့်ဖတ်လိုက်လျှင် ...

"သံပရာရည်"

ရေးချယ် လက်ထဲမှ တစ်သျှူးလေး လွတ်ကျသွားပြီး သူ့ကိုကြည့်လိုက်လျှင် သူက ကြိုတင်သိနှင့်နေသည့်အလား ရေးချယ်ကို သိပ်မထူးဆန်းဟန်ဖြင့် ပြုံးကြည့်နေသည်။

"အာ ... အာဂျဲရှိး"

"ကဲ ... ရေးချယ် ရှုံးပြီ။ ဒီတော့ ကိုယ်က နိုင်တဲ့အတွက် အမှတ်တရ လက်ဆောင်တစ်ခုပေးမယ် ... ရော့"

သူက အိတ်လေးတစ်ခုကို စားပွဲပေါ်တင်ပေးသည်။ ရေးချယ်က မဝံ့မရဲဖြင့် ဖွင့်ကြည့်လိုက်လျှင် ရေမွှေးလေးတစ်ပုလင်း ဖြစ်နေတာကို တွေ့ရလေသည်။ Cool water (For Women)



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ရေမွှေးပုလင်းလေးမှာ မြင်လိုက်တာနှင့်ကို တန်ဖိုးကြီးပြီး ကောင်းမှန်းသိသာနေသည်။ ရေးချယ်က သူ့ကို အံ့ဩသောမျက်လုံးများဖြင့် မော့်ကြည့်မိသည်။

"ဒါကို ယူလာတယ်ဆိုတော့ အစ်ကိုက ရေးချယ်နဲ့ စိတ်ချင်းတိုက်ဆိုင်မယ်လို့ ထင်ထားတယ်ပေါ့နော်"

"အင်း ... ဟုတ်တယ်"-

"အံ့ဩစရာကြီး။ အစ်ကို အကြားအမြင် ရနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ် အကြားအမြင်တော့ မရပါဘူး။ ဒါပေမဲ့ ရေးချယ်စိတ်ထဲကို မြင်နေရတာတော့ ရေးချယ်ကို ချစ်နေလို့ဖြစ်မယ်"

သူက အဲဒီစကားကို အေးအေးဆေးဆေး သက်သောင့်သက်သာ ပြောလိုက်သော်လည်း ရေးချယ်ကတော့ နှလုံးသွေးရပ်သလို ခံစားသွားရသည်။ မင်းဘိုသိုက်ကို မျက်လုံးအပြူးသားဖြင့် စိုက်ကြည့်နေမိလေသည်။





"ဟုတ်တယ် ... ရေးချယ်။ လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် သူ့ရင်ထဲထိ ထိုးဖောက်မြင်နိုင်စွမ်း အချစ်မှာ ရှိတယ်လေ ...

ကိုယ် ရေးချယ်ကို ချစ်နေမိတယ်"

"တော် ... တော်ပါတော့ အစ်ကိုရယ်"

"ဘာဖြစ်လို့လဲ ရေးချယ်။ ကိုယ့်စကားကို မကြိုက်လို့လား"

"ကြိုက် ... ကြိုက်ပါ၊ အဲ ... မကြိုက်ဘူးလို့လည်း မဟုတ်ပါဘူး။ ဟို ... ဘယ်လိုပြောရမှန်း မသိပါဘူး။ ဒါ ... ဒါပေမဲ့ မဖြစ်နိုင်ပါဘူး အစ်ကို"

"ဘာလို့ မဖြစ်နိုင်တာလဲ ... ပြော"

-သူက လက်နှစ်ဖက်ကိုတောင် မေးထောက်ရင်း စိမ်ပြေနပြေ မေးလိုက်သေးသည်။ ရေးချယ်သည် အရည်လဲ့နေသော သူ့အကြည့်တွေကို လုံးဝပြန်ကြည့်နိုင်စွမ်း မရှိချေ။ အိမ်ပြန်စရာ ကားခမရှိတော့လို့ပါ၊ အဲ ... ရင်ဆိုင်စရာ စွမ်းအားမရှိတော့လို့ပါ ဆိုတဲ့ သီချင်းထဲကအတိုင်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက အရမ်းကြီးကျယ်ခမ်းနားတဲ့သူပါ။ ရေးချယ်က သာမန်မိန်းကလေးပါ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး အစ်ကို"

"အဲဒီလိုတွေ စဉ်းစားနေရင် အချစ်က ဘယ်လိုသွားရှင်သန်တော့မှာလဲ ရေးချယ်ရယ်။ ရေးချယ်ပဲ ရှင်သန်စေချင်ခဲ့တဲ့ ကိုယ့်ဘဝကို ရှင်သန်မှုတွေ ပျောက်ဆုံးစေချင်ပြီလား"

"အစ်ကိုရယ် ... ရေးချယ်လေ ... ရေးချယ်"

ရေးချယ်သည် ဆက်မပြောနိုင်တော့ဘဲ တုန်ယင်ဆို့နင့်သွားသည်။ ကိုယ် တိတ်တခိုးချစ်ခင်ခဲ့ရသော ပင်မြင့်ထက်က သဇင်ခိုင်ကို မဖြစ်သင့်ဘူးဟူသော အကြောင်းပြချက်နှင့် ငြင်းရတာတောင် လူက အသည်းနှလုံးကို ထုတ်ယူနေသလို ခံစားနေရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ရှုးမိုက်စွာ ရှေ့တိုးချင်သော စိတ်တွေက နှလုံးသားကို လှုံ့ဆော်အားပေးနေလေသည်။

"ရေးချယ် ... ဘဝဆိုတာ တိုတိုလေးပါ။ အဲဒီတစ်ခဏလေးမှာ ကိုယ်တကယ်ချစ်မိသွားသူနဲ့ ချစ်သွားနိုင်ဖို့ဆိုတာ မလွယ်ကူပေမယ့် ခက်ခဲတဲ့အလုပ်လည်း မဟုတ်ပါဘူး ... ကိုယ့် ကို ပြန် ချစ် ပါ"





ပြန်ချစ်ပါ။ ပြန်ချစ်ပါတဲ့။ ဟင့်အင်း ... ရေးချယ်ဆိုတဲ့ ကျွန်မက စတွေ့တည်းက သူ့ကို တိတ်တခိုးစွဲလမ်းသဘောကျခဲ့ရတာပါ။ စမတ်ကျပြီး အရမ်းလည်းချမ်းသာတဲ့ ဒီအစ်ကိုကြီးကို ဘာမျှော်လင့်ချက်မှ မပါဘဲ မြင်နေရုံလေးနဲ့ ချမ်းမြေ့ပျော်ရွှင်ခဲ့ရတာ။ ခုတော့ ဒီလိုလူတစ်ယောက်က ရေးချယ်ကို ချစ်တယ်လို့ ဖွင့်ဟလာခဲ့သည်မှာ မယုံနိုင်စရာ အိပ်မက်ပဲ ဖြစ်တော့သည်။

ရေးချယ် ... ဘယ်လိုဆုံးဖြတ်မယ်လို့ ရှင်တို့ထင်လဲ။ သူ့ကိုကြည့်နေတဲ့ မျက်လုံးတွေ ဘဖြည်းဖြည်း ဝေဝါးလာသည်။ ဒါပေမဲ့ နှုတ်ခမ်းတွေက အပြုံးတွေ စ,မွေးဖွားပြီ။ ပြုံးသူမှာ မျက်ရည်စတွေနဲ့လေ။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ငါ့ဘဝရဲ့ မီးအိမ်ရှင်ပါ xxx ငါ့ဘဝရဲ့ အလင်းရောင်လေး xxx ငါ့ဘဝရဲ့တန်ခိုးရှင်ပါ"

အဲဒီလို အသံချိုချိုလေးနှင့် မနက်ခင်းမှာ နိုးလာသူက ဘယ်သူရှိရမလဲ။ သူ့ရဲ့ပူပူနွေးနွေး ချစ်သူလေး ရေးချယ်ပဲ ဖြစ်တော့သည်။ မနက်ဆိုလျှင် သူ့ကို အိပ်ရာနိုးသည့်တာဝန်ကို ရေးချယ်က ယူသည်။ ချိုသာချွဲနွဲ့စွာ အိပ်ရာနိုးတတ်သော ပညာကို သူမ ဘယ်ကတတ်လာမှန်း မသိချေ။ ဒါပေမဲ့ သူကတော့ ဒီအသံလေးကြားမှ အိပ်ရာထဖို့ ပြည့်စုံသည်ဟု သတ်မှတ်ထားသည့်အထိ စွဲလမ်းရူးသွပ်ခဲ့ရပြီတည်း။



"အင်း ... ရေးချယ်"

"Wake up အာဂျဲရှီး။ ထပါတော့ လုပ်ငန်းခွင်သို့ ဝင်ရပါတော့မယ်။ ထသင့်ပါပြီရှင့်"

"အင်း ... ထချင်သေးဘူး။ ငါးမိနစ်လောက် နပ်ချင်သေးတယ်"

"ရဘူး။ အဆစ်မတောင်းနဲ့။ ထတော့ အာဂျဲရှီး"

"အင်းပါကွာ။ ရေးချယ် ညက ကိုယ့်ကို အိပ်မက်မမက်ဘူးလား"

"မက်တယ်။ အာဂျဲရှီးက အိပ်မက်ထဲမှာ ရေးချယ်ကို ရေခဲမုန့် ဝယ်ကျွေးနေတယ်တဲ့"

"ဟား ဟား ... သူ စားချင်တာတွေ လျှောက်မက်နေတယ်၊ အိုခေ ... ညနေရုံးဆင်းရင် ရေခဲမုန့်စားမလား"

"မစားတော့ပါဘူး။ ရေးချယ် ဒီနေ့ ထမင်းဟင်းချက်ကျွေးတိုလေ။ နောက်နေ့မှပေါ့"

"အိုခေ ... ဒါဆို နောက်မှ ကိုယ်ဖုန်းဆက်လိုက်မယ်။ ဆီးယူ ရေးချယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... တာ့တာ"

ချစ်စဖွယ်ကောင်းသော နှုတ်ဆက်သံလေးနှင့် ဖုန်းချသွားသော ရေးချယ်ကို သူက ကြည်နူးစွာနှင့် ပြုံးမိသည်။ တကယ်ပါပဲ အချစ်ဆိုတာ ဘာမှန်းမခံစားဖူးပဲတော့ အချစ်ရဲ့ ကြည်နူးရသတွေကို သိရှိနိုင်မည် မထင်။ ကိုယ်ချစ်တဲ့သူနဲ့တွေ့နေရတာမျိုး မဟုတ်ဘဲ အသံလေးကြားတာနဲ့တင် ပြီးပြည့်စုံသွားသော ခံစားမှုတစ်ခု ရတာသည် အချစ်မှာပဲ ရှိမည်ထင်ပါသည်။

သူက အိပ်ရာထဲမှ ထွက်ကာ သန့်စင်ခန်းထဲ ဝင်လိုက်သည်။ ပြန်ထွက်အလာမှာပဲ ဖုန်းမြည်နေတာနှင့် ကြုံလိုက်ရလေသည်။

"အင်း ... ပြော ဗျ"

"ဘို နိုးပြီလား"

"ခုနကပဲ နိုးတယ်။ စောစောစီးစီး ဆက်တာ ပြောစရာရှိလို့လား"

"အင်း ... နေ့ခင်းဘက် အချိန်ရရင် ထမင်းအတူစားမလားလို့"





သူ တစ်ချက်တွေဝေသွားသည်။ ရေးချယ်နှင့်ချစ်သူတွေ ဖြစ်သွားပြီးသည့် နောက်ပိုင်းတွင် ဇူနှင့် ဆက်ဆံရေးကို ဘယ်လိုပုံစံ ပြောင်းလဲရမလဲဆိုတာ စဉ်းစားဖို့ သတိရနဲ့သော်လည်း ဆုံးဖြတ်ချက်တော့ အပြီးထိတိုင် မချနိုင်ခဲ့သေးချေ။ အကြောင်းမှုကား တခြား ဘာကိုမှ မစဉ်းစားနိုင်လောက်အောင် ရေးချယ်နဲ့ ချစ်ရသည့်ဖြစ်စဉ်မှာ ယစ်မူးနေ၍ပင်တည်း။

"အင်း ... အချိန်တော့ ရမယ်ထင်ပါတယ်။ ဘယ်မှာစားချင်လဲ ဇူ"

"ဘာကြောင့်မှန်း မသိဘူး။ အာသီသတွေ အရမ်းပြင်းထန်နေတယ်။ ရွှေဘဲက ဘဲကင် အရမ်းစားချင်နေတယ်လေ။ နောက် တရုတ်စာ ကောင်းကောင်းလေးတွေ မစားရတာကြာပြီ မဟုတ်ဘူးလား"

သူက အင်းမလိုက်ဘဲ ငြိမ်သက်နေမိသည်။ တရုတ်စာကောင်းကောင်းကို ရေးချယ်လည်း ကြိုက်တတ်တာပဲ မဟုတ်လား။ အထူးသဖြင့် ဘဲကင်ဆိုရင် ဒီကလေးမက သိပ်ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ ပြောလေ့ရှိသောစကားက "ရေးချယ်တို့ တောက အမျိုးတွေ ရန်ကုန်လာရင် ရွှေဘဲက ဘဲကင်နဲ့ ရွှေပုစွန်က ဖွာလူဒါပဲ သောက်ကြတာ။ ဟီး ဟီး"

ဖာလူဒါလို့တောင် မထွက်ဘဲ ဖွာလူဒါဟု နှုတ်ခမ်းကြီးကိုက်ပြီး ပြောခဲ့သော ရေးချယ်ရဲ့ ချစ်စဖွယ်ပုံရိပ်မှာ မျက်လုံးထဲက မထွက်ချေ။

"ဘို ... ရှု ပြောတာ ကြားရဲ့လား"

"ဩော် ... အင်း။ ကြားပါတယ် ရှုရဲ့"

"ဟင်း ... ဘာတွေများ တွေးနေရတာလဲ။ ဒါဆို ဘယ်လိုလဲ။ နေ့ခင်းစာကို comfirm လုပ်လိုက်တော့မယ်နော်"

"အိုခေလေ ... ဘယ်ကစောင့်မလဲ။ ဆိုင်ကစောင့်မလား။ ဒါမှမဟုတ် ကိုယ်လာခေါ်ရမလား"

"ဟင့်အင်း ... ဘိုက ရုံးကပဲ စောင့်နေပါ။ ရှုပဲ လာခေါ်လိုက်မယ်။ ပြီးရင် ဘို့ကို ရုံးမှာပဲ ပြန်ချပေးမယ် ... အိုခေ ?"





"အင်း ... အိုခေ ... ဒါဆို ဆီးယူ"

"ခေ ... ဘိုင့် ဘိုင်"

ရှုက ဖုန်းချသွားသည်။ သူက သက်ပြင်းမောတစ်ချက်ကို ရှိုက်ထုတ်ကာ ခေါင်းယမ်းမိသည်။ ဒီလိုပုံစံနဲ့တော့ ရှေ့ဆက်သွားဖို့ မဖြစ်ဘူးဆိုတာ သူ အရင်ဆုံး သဘောပေါက်သည်။ လောလောဆယ်တော့ သူ မစဉ်းစားရသေးချေ။ အလိုက်အထိုက်ပဲ ဆက်ဆံလိုက်ဦးမည်ဟူသော စိတ်ကူးဖြင့် သူက ရုံးသို့လာခဲ့သည်။

အလုပ်ကိစ္စတွေက ဆက်တိုက်ပဲမို့ နေ့လယ်စာစားချိန်သို့ ရောက်လာမှန်းတောင် သတိမထားမိချေ။ သီဟနဲ့ မျိုးမြတ်က အခန်းထဲသို့ ပြိုင်တူဝင်လာရင်း စကားဆိုမှ ရှုရှု ရောက်လာပြီဆိုတာ သဘောပေါက်ရတာဖြစ်သည်။

"ကဲ ... ကဲ ... အထူးဧည့်သည် ရောက်လာတယ်ဟေ့။ ဘာလုပ်နေတာလဲ။ အမြန်ထကြွလေ"



www.burmeseclassic.com

www.burmeseclassic.com



သီဟနဲ့ မျိုးမြတ်က ကိုယ်ရံတော်တွေအလား ခေါ်ဆောင်လာသော ဇူဇူမှာ ငွေရောင်ဖျော့ဖျော့ ဂါဝန်တိုဖြင့် အထက်တန်းလွှာက မိန်းမပျိုတစ်ယောက်ရဲ့သဏ္ဌာန် ပီသလှသည်။ ခွေနွဲ့လိပ်နေသော ဆံနွယ်တွေ၊ ကြော့ရှင်းသော ကိုယ်ခန္ဓာအနေအထားနှင့် တကယ့်ကို လှပသူပါပဲ။ ဒါပေမဲ့ ဘာကြောင့် သူ မချစ်မိခဲ့တာပါလိမ့်။

"အလုပ်များနေလား ဘို"

ဇူဇူက သူ့အခန်းထဲရှိ ဆိုဖာတစ်ခုံမှာ ဝင်ထိုင်ရင်း မေးသည်။ ခြေထောက်ချိတ်ထိုင်ကာ မျက်နှာကို အမြဲတမ်းမော်ချီထားသော ဇူဇူ့ကိုကြည့်ရင်း ရေးချယ်ကို သွားသတိရမိသည်။ လောကကြီးကို ရိုးရိုးလေးသာမြင်ပြီး ပျော်ပျော်နေတတ်သော ကောင်မလေး။ ဒါကြောင့်လည်း သူမနှင့် အတူရှိနေချိန်တိုင်း ပျော်ရွှင်မှုတွေ ကူးစက်တာပဲလား။

"အင်း ... ဒီလိုပါပဲ။ ခဏလေးနော် ဇူ။ ပြီးရင် သွားတာပေါ့။ ကိုယ် ဘွတ်ကင်လုပ်ထားတယ်"





"ဟုတ်လား ... ဇူတောင် လုပ်တော့မလို့။ ဒါပေမဲ့ ဒီနေ့က ပိတ်ရက်မဟုတ်တော့ ရမှာပါ ဆိုပြီး"

"ဘာလဲ ... မင်းတို့က နှစ်ယောက်တည်း သွားကျိတ်ကြမယ်ပေါ့လေ"

"အေးလေ ... ငါတို့ရော မကျေးတော့ဘူးလား။ ခွဲခြားခွဲခြား မလုပ်နဲ့ ဘိုသိုက်"

"မင်းတို့အားရင် လိုက်ခဲ့ပေါ့ကွာ"

သူ့စကားကို ဟိုနှစ်ကောင်ကတောင် မတုံ့ပြန်ရသေးချေ။ ဇူက ဖြတ်ပြောသည်။

"ရုံးပိတ်ရက် တစ်ညနေလောက် ဒင်နာသွားစားကြမယ်လေ။ ဇူ ကျေးပါမယ်၊ ကိုသီဟတို့ ကိုမျိုးမြတ်တို့ သူငယ်ချင်းတွေ ချိန်းလိုက်ကြပေါ့"

"အိုခေ ... မမ္ဘူ ကျေးမှ စားရတော့မှာပဲ။ ဟော့ကောင်ကြားတယ်နော်၊ ရှေ့တစ်ပတ်ထဲ စားမယ် သိလား"

သူက စကားပြန်မပြောဖြစ်ဘဲ အကြည့်တစ်ချက်နဲ့သာ တုံ့ပြန်ဖြစ်သည်။ ပြီးတော့ လုပ်လက်စကို လတ်စသတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝေါလက်နဲ့ ဖုန်းကိုယူပြီးနောက် ထလာခဲ့သည်။ ရှုရဲ့ရှေ့မှာ ခပ်မတ်မတ် ရပ်ရင်းမှ ...

"သွားစို့လေ ရှု"

"အိုခေ ... ကဲ ... သွားလိုက်ပါဦးမယ်။ နောက်မှတွေ့ကြတာပေါ့ရှင်"

ရှုက သီဟနှင့် မျိုးမြတ်ကို နှုတ်ဆက်ပြီးနောက် ရှေ့မှ ထွက်သွားသည်။ ကားပါကင်သို့ရောက်လျှင် သူ့ဘက်သို့ လှည့်ပြီး ပြုံးပြကာ ...

"ရှုပဲ မောင်းခဲ့လိုက်မယ်လေ နော်"

"ရပါတယ်"

"ရပါတယ်ဆိုတာ ဘယ်လို ရပါတယ်လဲ၊ လိုက်စီးဖို့လို့ ရတာလား။ မလိုဘူးဆိုတဲ့အနေနဲ့ ရတာလား"

"အင်း ... ကိုယ်မောင်းဖို့ ရပါတယ်လို့ ပြောတာပါ။ ကိုယ်ပဲ မောင်းလိုက်ပါ့မယ်။ အပြန်ကျမှ ရှုး မောင်းလိုက်ပေါ့"

"အိုခေ ... ဒါလည်း ကောင်းတာပဲ။ ကဲ ... ရော့"





ရှုက ကားသော့ကို သူ့လက်ထဲသို့ ထည့်ပေးသည်။ သူက ရှု့ကားလေးကို မောင်းထွက်လာခဲ့ပါသည်။ ဆရာစံလမ်းက ရွှေဘဲ စားသောက်ဆိုင်ကို ရောက်သောအခါ ထုံးစံအတိုင်းပဲ စားသောက်သူတွေကအပြည့်၊ ဝိုင်းတွေက အပြည့်ပင်။

"တော်သေးတယ်။ ဘွတ်ကင် ယူထားလို့"

"အင်း ... ဟုတ်တယ်နော်"

သူက ဝိတ်တာတစ်ယောက်ကို ပြောလိုက်သောအခါ သူ ကြိုယူထားသော အခန်းသို့ လိုက်ပို့သည်။ ရှုက သူ့ကိုလည်း မေးရင်း၊ သူမ စားချင်တာလေးတွေလည်း မှာသည်။ ရှုရဲ့ပြောပုံဆိုပုံ နေပုံ ထိုင်ပုံတွေဟာ တစ်ဆိတ် ကြည့်ကောင်းလွန်းတာ မှန်သော်လည်း သူ့အတွက်တော့ ဘာခံစားချက်မှ မပေးမှန်း ကြာလေ သိလာခဲ့လေဖြစ်သည်။

အခုလည်း ထမင်းသာ စားနေရသည်။ အလုပ်တာဝန်တစ်ခုကို လုပ်နေရသလို ရှိလေသည်။ မဖြစ်တော့။ ကြာရင် မကောင်းနိုင်တော့မှန်း သိသဖြင့် သူက နည်းလမ်းရှာရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘို့ကို ပြောစရာရှိတယ်"

"အင်း ... ပြောလေ ရှု"

"မေမေက မေးနေတယ်။ ဘိုနဲ့ရှု့ကိစ္စကို ဘယ်တော့စီစဉ်မလဲတဲ့"

ပါးစပ်ထဲရောက်နေသော ပုစွန်တစ်ဖတ်မှာ လည်ချောင်းဝ၌ နင်သွားသည်ဟု ထင်သည်။ ဘာကိစ္စလဲဟု ရုတ်တရက် ပြန်မမေးမိတာပဲ ကျေးဇူးတင်ရမည်ဖြစ်သည်။ ရှု့ကို ဘာပြန်ပြောရမှန်း မသိဘဲ သူ့ရင်ထဲ၌ ကျပ်တည်းလာသည်။ ကိုယ် မပြောတတ်လျှင် တစ်ဖက်သား၏အမြင်ကို မေးရသည်ဟူသော ထုံးစံအတိုင်း သူက ရှု့ကို ပြန်ပြီးမေးခွန်းထုတ်လိုက်သည်။

"ရှုက ဘယ်လိုစဉ်းစားထားလို့လဲ"

မေးပြီးတော့မှပဲ အဲဒီမေးခွန်းကို အတည်ပြုသလိုဖြစ်သွားသလားလို့ စိုးရိမ်ရသေးသည်။

"ရှုက ဘာစဉ်းစားထားရဦးမှာလဲ။ ဘို့သဘောထားကိုမှ မသိရသေးတာ"





သဘောထားဆိုတာ ဘာကိုပြောတာပါလိမ့်။ လက်ထပ်ဖို့ စိတ်ကူးရှိ့မရှိဆိုတဲ့ သဘောထားကို ပြောတာလား (ဒါမှမဟုတ်)လက်ထပ်ဖို့ စိတ်ကူးကတော့ ရှိကိုရှိပြီးသား။ လက်ထပ်ဖို့ အစီအစဉ်တွေကိုပဲ ပြောတာလား။ သူသည် ဘာကိုမှ မစဉ်းစားနိုင်ဘဲ တွေဝေနှုတ်ဆိတ်နေမိသည်။ ရှု့ကိုပြောဖို့ရာ အရမ်းအားနာနေတာလည်း ဖြစ်ပါသည်။

"ဘာကိုပြောတာလဲ ရှု"

"ဘာကိုပြောရမှာလဲ။ ဘိုနဲ့ ရှုရဲ့ မင်္ဂလာကိစ္စကို ပြောတာပေါ့"

ရုတ်တရက်တောင် အသက်ရှူရပ်သွားမလား မှတ်ရသည်။ သူက ဘာပြောရမှန်း မသိသောကြောင့် ရေတစ်ခွက်ကို မော့သောက်မိသည်။ ရှု့ကိုတော့ မကြည့်ပေမယ့် မျက်လုံးထောင့်မှာ မြင်နေရတာကတော့ သူ့ကို လှမ်းအကဲခတ်နေသည် ဆိုတာပဲဖြစ်သည်။

"အင်း ... အမှန်အတိုင်း ပြောရရင် Plan ဆွဲထားတာတော့ မရှိသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ ဇူများ စိတ်ဆိုးသွားမလားဟု တစေ့တစောင်း အကဲခတ်ကြည့်မိတော့လည်း ဇူ့ပုံစံက စိတ်ဆိုးပုံတော့ မပေါ်သေးချေ။

"အင်းလေ ... ဒါဆိုလည်း အဲဒီ Plan က ဘယ်တော့ စ,ဆွဲမှာလဲ"

"ကိုယ်နဲ့ ဇူ နောက်တော့ ဆွေးနွေးတာပေါ့"

"အခုက ဘာဖြစ်နေလို့လဲ"

ဇူရဲ့မျက်လုံးတွေက သူ့တစ်ကိုယ်လုံးကို စူးစမ်းရိပ်တွေဖြင့် ပြည့်လာသည်။ သူလည်း Air Con အပြည့်ပေးထားသော အခန်းထဲမှာ ချွေးပျံချင်လာလေသည်။

"မဟုတ်ဘူးလေ။ အခုက ထမင်းလာစားတာပဲ ဇူ။ ဒါမျိုးဆိုတာ သေချာ အေးအေးဆေးဆေးလေး ဆွေးနွေးရမှာ မဟုတ်ဘူးလား"

"အင်း ... ထားပါတော့။ ဒါနဲ့ ဘိုကို တစ်ခုလောက်တော့ မေးချင်တယ်"





သူက မေးပါဟု မပြောဘဲ ဇူရဲ့မျက်နှာကိုသာ မော့်ကြည့်ဖြစ်သည်။ ဇူက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း မေးသည်။

"ဘို ... လက်ထပ်ဖို့ စိတ်ကူးရော ရှိရဲ့လား"

"ရှိပါတယ်။ ကိုယ် လူပျိုကြီး မလုပ်ချင်ပါဘူး"

သူက သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်တာ ဖြစ်သော်လည်း ဇူကတော့ ဘယ်လိုသဘောပေါက်သွားမှန်း မသိချေ။ စောစောကထက် မျက်နှာက ကြည်လင်သာယာလာကာ ရယ်ရယ်ပြုံးပြုံး ပြန်ဖြစ်လာသည်။ သူ့ကိုတောင် ပြန်နောက်လိုက်သေးလေသည်။

"သိပါဘူး။ ဇူက ဘို လူပျိုကြီးပဲ လုပ်တော့မလားလို့။ ဒါဆိုလည်း ငှက်ပျောတုံးတစ်တုံး လက်ဆောင်ပေးမလို့လေ"

အဲဒီလောက် ဟာသလေးကို မရယ်ချင်ပါဘဲ အသက်မပါဘဲနှင့် ရယ်ခဲ့ရသည်။ အပြန်မှာ ဇူ မောင်းသော ကားပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးသက်သာစွာ လိုက်ပါလာခဲ့ရသော်လည်း စိတ်တွေက တကယ်တမ်းမှာ မအေးဆေးနိုင်ခဲ့ချေ။ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချရတော့မည်။ အဲဒီလို ဆုံးဖြတ်ချက်ချဖို့ရာ အတွက် သူ့မိဘသည် နံပါတ်တစ်ဖြစ်သည်။

အထူးသဖြင့် သူ့ကို သိပ်ချစ်လေသော သူ့မိခင်နှင့် တိုင်ပင်ရတော့မည်။ ဖွင့်ဟပြောပြပြီး သူ့လမ်းကြောင်းကို ပြတ်ပြတ်သားသား ရွေးချယ်ရတော့မည်။ ရေးချယ်ကိုတော့ သူ တကယ်ပဲ လက်ထပ်လိုလှပါသည်။

❤ ○ ❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သံယန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





၁၈

အိမ်ပြန်လမ်းသည် ရေးချယ်အတွက် ခေါင်းငိုက်စိုက် ဖြစ်ကာ စားခဲ့သမျှတွေတောင် ပြန်အန်ထွက်ချင်စိတ် ပေါက်နေသည်။ အစာမကြေသော ဝေဒနာမျိုးဖြစ်လျက် တကယ်တမ်းတော့ အဲဒီထက်ဆိုးပြီး ဘယ်အစာကြေဆေးနဲ့မှလည်း ပျောက်မှာမဟုတ်ချေ။

ဒီနေ့ ရေးချယ်တို့ရုံးက အာမခံထားမည့် စက်ရုံသုံးရုံ ထပ်ရလိုက်သည့်အတွက် သူဌေးက ရှားရှားပါးပါး သဘောတွေ ကောင်းကာ ရွှေဘဲမှာ နေ့လယ်စာ လိုက်ကျွေးသည်။ ဝန်ထမ်းတွေအားလုံးကို လိုက်ကျွေးတာဖြစ်ပြီး ထောင့်တစ်နေရာက လူအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပျောက်ကွယ်နေသော ရေးချယ်ကို သူကတော့ မြင်နိုင်မည် မဟုတ်ပါ။ ရေးချယ်ကတော့ ကိုယ်က အရောင်အဝါတွေ ထွက်နေသည့်အလား နေနဲ့လ၊ ရွှေနဲ့မြပမာ လိုက်ဖက်သော အနီစုံတွဲကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေခဲ့ရသည်။

သီးသန့်ခန်းထဲသို့ ဝင်သွားသော သူတို့နှစ်ယောက်ဟာ စားသောက်ချိန် သိပ်မကြာဘဲ ရေးချယ် ရှေ့တင် ပြန်ထွက်လာခဲ့တာဖြစ်သည်။ တစ်ယောက်ကလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိသော အသွင်သဏ္ဍာန်နှင့်ယောကျ်ား၊ တစ်ယောက်ကလည်း မိန်းမချင်းတောင် ငေးယူရလောက်အောင် စတိုင်လ်ကျလှပသူ။ ပြီးတော့ မြင်လိုက်တာနှင့် အထက်တန်းလွှာက မိန်းမတစ်ယောက်ဆိုတာ သိသာလွန်းတဲ့ အရှိန်အဝါတွေနဲ့။ ရေးချယ်သည် ဘယ်သူမှ မသိသော်လည်း ရင်ထဲမှာတော့ ဆို့နင့်နေခဲ့သည်။

ဘယ်လိုမှ ဟန်မဆောင်တတ်သော ရေးချယ်ရဲ့ မျောက်အိုမလို ရုပ်သွင်ကို မသူတို့ ချောစုတို့က သတိထားမိခဲ့သည်။ ရင်ထဲမှာ မြုံမထားတတ်သော ရေးချယ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ရင်ဖွင့်ဖြစ်ခဲ့ပါသည်။





"အဲ့ အစ်မက အရမ်းကို ချောတာပဲ။ ချောတယ်ဆိုတာထက်လေ သူ့ရုပ်က အဆင့်မြင့်မြင့် ထွက်နေတာပေါ့။ သူ့ ... သူ့အိမ်က သဘောတူထားတဲ့ အစ်မလား မသိဘူးနော်"

"ဟင်း ... နင့်အတွက်နဲ့တော့ ရင်လေးတာပဲ ရေးချယ်ရယ်။ ဟို ... ဘယ်လိုသဘောမျိုးနဲ့မှတော့ ပြောတာမဟုတ်ပါဘူး။ နင့်ကို သူက တကယ်ချစ်တယ်လို့ နင် ခံစားရလားဟင်"

အဲဒီလိုမေးသော ချောစုကို ရေးချယ် စိတ်မဆိုးရက်ပါ။ ပြီးတော့ အချစ်ဆိုတဲ့အရာကို မထိတွေ့ မခံစားဖူးသော နုလပိန်းတုံးလည်း မဟုတ်ခဲ့။ သူ့အချစ်တွေကို ရေးချယ်ခံစားလို့ရတာပဲလေ။ နူးညံ့သောအပြုံးများ၊ နွေးထွေးသော မျက်ဝန်းများနှင့် အခုထိ လက်ဖမိုးလေးတောင်နမ်းဖို့ အခွင့်အရေးမယူခဲ့တဲ့ယောကျ်ားတစ်ယောက်ရဲ့ ဖြူစင်တဲ့အချစ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ငါ့ကို တကယ်ချစ်ပါတယ်။ အဲဒါက အချစ်သက်သက်ပဲလေ။ လက်ထပ်ဖို့ကတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့ ...

ငါကလည်း ချစ်ရုံသက်သက်ပါပဲ။ ရိုးရိုးလေးပဲ တို့နှစ်ယောက် ချစ်ကြတာပါဟာ"

"ဟင် ... ဒါဆို နင်က ဒီကိစ္စကို သူ့ကိုမမေးဘူးပေါ့"

"အင်း ... မမေးတော့ပါဘူး"

"ဟာ ... ရေးချယ်ရယ်။ နင်က သူ့ချစ်သူလေ။ ဘာပဲဖြစ်ဖြစ် နင့်မှာ မေးပိုင်ခွင့်တော့ ရှိတာပဲ"

"ဟင့်အင်း ... အဲလိုမေးလိုက်လို့ သူ စိတ်အနှောင့်အယှက်ဖြစ်မှာကို မလိုလားဘူး။ ပြီးတော့ တစ်ခုခု ပြောလိုက်မှာကိုလည်း မလိုလားဘူး"

"ကျွတ် ... ရေးချယ်ရယ်"

မသူက အားမလို အားမရဖြင့် ကျစ်ခနဲ စုတ်သပ်သည်။ ရေးချယ်က ကြမ်းပြင်ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေတုန်း





မှာပဲ ဖုန်းမြည်သံက ထွက်လာသည်။ ဒီ Ring Tone က ..." ရေးချယ်သည် မျက်ရည်စများကို ပုတ်ခတ် ပုတ်ခတ် လုပ်ပြီးတော့မှပဲ ဝရန်တာသို့ ထွက်လာကာ ဖုန်းကိုဖွင့်ထူးလိုက်သည်။

"ဟယ်လို"

"အင်း ... ရေးချယ်။ ဘာလုပ်နေလဲ"

"အင်း ... ဒီလိုပါပဲ၊ ဘာမှမလုပ်ပါဘူး"

"ကိုရိုးယားကား ကြည့်နေတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

"ရေးချယ် ... ဘာဖြစ်နေတာလဲ"

အဲဒီလိုမေးလိုက်တော့မှပင် ပိုငိုချင်လာတော့သည်။ နေ့ခင်းက မြင်ကွင်းကို ပြန်လည်မြင်ယောင်လာကာ နှလုံးသားကို ဆွဲညှစ်နေသလို ခံစားနေရလေသည်။

"ဘာမှမဖြစ်ပါဘူး"

"မဟုတ်ပါဘူး။ ဖြစ်နေပါတယ်။ ခါတိုင်းက ရေးချယ်ရဲ့ ပုံစံက ဒီလိုမှ မဟုတ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေတာလဲ ရေးချယ်။ ပြဿနာတစ်ခုခု ရှိနေလား"

"ဟင့်အင်း"

ပြောရင်းနဲ့ ရေးချယ်ရဲ့မျက်ရည်တစ်ပေါက်က ဝရန်တာလက်ရန်းပေါ်သို့ ပေါက်ခနဲ ပြုတ်ကျသည်။ ရေးချယ်သည် နှုတ်ခမ်းကို အသာဖိကိုက်ထားမိသည်။

"ကျွတ် ... ရေးချယ်ကကွာ။ အင်း ... ဒါပဲလေ၊ ကိုယ် ဖုန်းခဏချလိုက်ဦးမယ်၊ ပြီးမှ ပြန်ဆက်မယ်"

ရေးချယ်က တစ်ခုခု ပြန်ပြောမလို့ ဟန်ပြင်နေတုန်းမှာပဲ တစ်ဖက်က ဖုန်းကိုချက်ချင်းချသွားလျှင် ရေးချယ်မှာ ဆန့်တငင်ငင် ကျန်ရစ်ခဲ့သည်။ ဖုန်းကိုကိုင်မ,ကြည့်ရင်း ဘာပြောရမှန်းမသိဘဲ အူကြောင်ကြောင် ဖြစ်နေသည်။ သူ ဘာဖြစ်သွားတာလဲ။ ပြောချင်သလိုလို မပြောချင်သလိုလို ရေးချယ်ရဲ့မပွင့်တပွင့်ပုံစံကို စိတ်ဆိုးသွားတာလား။ စိတ်ပျက်သွားတာလား။





မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်ကိုအနည်းအကျဉ်းတော့ ချော့လိမ့်မည်ဟု တွေးထင်ကာ မသိစိတ်ကတော့ မျှော်လင့်နေခဲ့ရတာပါ။ အခုတော့ ရေးချယ်သည် ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်းလာကာ မျက်ရည်တွေ မိုးပိုးပေါက်ပေါက် ကျလာသည်။ ဖြစ်နိုင်လျှင် ရှိုက်ကြီးတငင်ဖြင့် အော်ဟစ်ပြီးတော့ကို ငိုပစ်လိုက်ချင်လေသည်။

အထဲပြန်ဝင်လျှင်လည်း ရေးချယ်ရဲ့မျက်ရည်တွေကို မြင်သွားမှာစိုးတာကြောင့် ချက်ချင်းမဝင်သေးသော်လည်း အထဲက အကဲခတ်နေကြသူတွေကတော့ ထွက်လာကြသည်။

"ဘာတဲ့လဲ ရေးချယ်။ ဟင် ... နင် ငိုနေတာလား"

"မဟုတ်ပါဘူး ... ဟင့် ... ရှုတ်"

မဟုတ်ပါဘူးသာ ပြောတာ ဟင့်ခနဲ ရှိုက်လိုက်သံကြောင့် မသူက စိတ်ပျက်လက်ပျက်နှင့် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ချောစုကတော့ မကျေနပ်ဟန်ဖြင့် ဝရန်တာလက်ရန်းကို ဖြန်းခနဲပုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင့်ကို ဘာပြောသွားလို့ ငိုနေရတာလဲ။ နင် ဒီလောက်ဖြစ်နေတာတောင် ဘာမှ ပြောရာပြောကြောင်းလေး တောင် မပြောဘူးပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူးဟာ။ အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့ ဖုန်းချ သွားတာပါ"

"ဘာအရေးကြီးတဲ့ကိစ္စ ပေါ်လာရမှာလဲ။ သူ့ပဲဆက်ပြီး သူပဲ ချက်ချင်း ဖုန်းချသွားရလား။ အဓိပ္ပာယ်မရှိတာ။ တောက် ...

ဘာလဲ ... ပိုက်ဆံချမ်းသာတဲ့ ယောက်ျားဆိုရင် ရည်းစားကို ချော့စရာမလိုဘူးလို့ ထင်မှတ်ထားလို့လား"

"နင်ကလည်းဟာ၊ ငါ ဘယ်သိမှာလဲ"

"ရေးချယ်ရယ် ... နင့်အစား ရင်မောလိုက်တာ။ အခုတည်း က ဒီလိုဆိုရင် နောက်ကျရင် ဘယ်လိုလုပ်မလဲ"

ရေးချယ်သည် ဘာမှမပြောနိုင်ဘဲ ငိုင်တွေမိသည်။ နေ့ခင်းက မြင်လိုက်ရသော အစ်မရဲ့ပုံစံကို မျက်လုံးထဲမှ မထွက်ပါ။ အာရုံခံစားမှု သိစိတ်အရ ထိုအစ်မဟာ အစ်ကိုဘိုညိုကိုက်နဲ့လည်း





တစ်ခုခုတော့ ပတ်သက်နေသည်ဟု ထင်သည်။ ဒါပေမဲ့ မေးလည်း မမေးရဲပါ။ ဒီလို အစ်မနှင့် ချစ်သူဖြစ်နေလျှင် ရေးချယ်ကို ဘာ ကြောင့် ချစ်တယ်လို့ ပြောခဲ့မလဲနော်။ ဒါဖြင့်ရင် အဲဒီအစ်မနဲ့က ရော ဘာလဲ ? ? ။

ရေးချယ်သည် ကိုယ်တိုင်မဖြေနိုင်သော၊ ကိုယ်ဖြေရ မည့်မေးခွန်းတွေလည်း မဟုတ်သော မေးခွန်းတွေကို ကိုယ့်ဟာကိုယ် ပြန်မေးကာ တိတ်ဆိတ်ချောက်ချားလာသည်။

"အချစ်ဆိုတာ မရဘူး ရေးချယ်။ ဘယ်လောက်ပဲ မျှော် လင့်ထားပါဘူးပြောပြော တကယ်ကြေကွဲစရာ ကြုံလာရင် ခံစားရတာပဲ ...

နင်က ခုမှ ပထမဆုံး ချစ်မိတာဆိုတော့ ကြေကွဲ ရမှာပဲ"

"ရပါတယ်ဟာ ... ခဏမို့ပါ"

သိပ်မကြာခင်မှာပဲ ရေးချယ်ရဲ့ဖုန်းက မြည်လာသည်။ သူ ပြန်ဆက်တာဖြစ်သည်။ ရေးချယ် ဖုန်းဖွင့်ကိုင်လိုက်တော့ သူ့အသံက နားထဲသို့ ချက်ချင်းတိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေးချယ် ... ကိုယ် ရေးချယ်တို့တိုက်အောက်မှာ ရောက်နေတယ်၊ ဆင်းလာခဲ့ပါ"

"ရှင် ... ဟင် ... အဲ"

ရေးချယ်တောင် ဘာမှပြန်မပြောရသေးချေ။ ဖုန်းက ချလို့သွားသည်။ အခုနက ကြေကွဲဝမ်းနည်းနေသောစိတ်တွေဟာ ဘယ်ရောက်လို့ ရောက်သွားမှန်းမသိဘဲ ရင်တွေပန်းတွေ ချက်ချင်းပဲ ပြန်တုန်လာသည်။ ဖုန်းကို ကတုန်ကယင်ဖြင့် ဘောင်းဘီအိတ်ကပ်ထဲသို့ ထိုးထည့်ကာ အိမ်ထဲသို့ အပြေးလှည့်ဝင်လာခဲ့သည်။

"မသူ ... မသူ ...။ ရေးချယ် အောက်ခဏဆင်းလိုက်ဦးမယ်။ သူ အောက်မှာ ရောက်နေတယ်တဲ့"

"ဟင် ... ဟုတ်လား။ ဘယ်မှာလဲ"

"အောက်မှာ။ အောက်မှာတဲ့ ... သူ ဒါဆိုရင် ခုနက ချက်ချင်းထွက်လာမှာမို့လို့ ဖုန်းချလိုက်တာနဲ့ တူတယ်"

အဟင်း ... ရေး ... ရေးချယ် ခဏ သွားလိုက်ဦးမယ်"





"ဟောတော့"

အခုနက အသက်ထွက်တော့မည့် ရုပ်ရည်နှင့် တခြားဆီ ဖြစ်နေသော ရေးချယ်သည် ဘယ်သူတွေ အံ့သြ အံ့သြ၊ ဂရုမစိုက်တော့ဘဲ လှေကားထစ်များကို တလွှားလွှား ပြေးဆင်းလာခဲ့သည်။ တွေ့ပါပြီ။ လမ်းရဲ့ထောင့်တစ်နေရာမှာ ရပ်ထားသော သူ့ကား။ ကားအေားမှာ ရပ်စောင့်နေပြီး ရေးချယ်ကို လက်လှမ်းပြသော ပုံရိပ်လေး။ အခုမှ အိမ်နေရင်းက ထထွက်လာသလို တစ်ခါမှ မမြင်ဖူးသော သူ့ဒီဇိုင်းဟာ တီရှပ်အဖြူ၊ ဂျင်း(န်)ဘောင်းဘီဖြင့် အို ... ဒီလူဟာ ရေးချယ် သိပ်ချစ်ရတဲ့လူပါ။ သူဘာပဲဖြစ်နေ ဖြစ်နေ ရေးချယ် ချစ်နေမှာပါပဲ။ ဘာကြောင့်မှန်းမသိတဲ့ ပြေးဖက်ချင်စိတ်ကို အထူးထိန်းချုပ်ထားကာ အနှစ်နှစ်အလလက မတွေ့ခဲ့ရသူလို တမ်းတစွာ ခေါ်မိသည်။

"ကို"

သူက အံ့သြသလို မျက်ခုံးတစ်ချက် ပင့်သွားသည်။ အံ့သြမနေပါနဲ့ ကိုရယ်။ အဲဒါ ရေးချယ် ရင်ထဲက အရမ်းခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ အမည်ပါ။ မခေါ်ရဲလို့ ... (ပြီးတော့ သူကလည်း ဘာမှ မပြောလို့) မခေါ်ခဲ့တာပါ။

"ရေးချယ်"

သူက ရေးချယ်ရဲ့လက်နှစ်ဖက်ကို ဖမ်းယူဆုပ်ကာ မျက်လုံးတွေထဲမှ သောကရိပ်ကို ရှာဖွေတွေ့ရှိသွားဟန်တူသည်။

"ကိုယ်တို့ ရင်ပြင်ရှေ့မှာ ခဏလောက် စကားသွားပြောကြရအောင် ရေးချယ်"

ဖျတ်ခနဲ မော့ကြည့်မိသော ရေးချယ်ရဲ့မျက်ဝန်းထဲသို့ ကောင်းကင်က ကြယ်လေးတစ်ပွင့် ကြွေကျလာသည်ဟု ထင်မိပါသည်။

❤○❤





## ၁၉

ယောက်ျားတစ်ယောက်အဖို့ကား မိန်းကလေးတစ်ယောက်ကိုချစ်၍ စွန့်ခွာနိုင်သေးသည်။ သနားကရုဏာသက်စွာ ချစ်မြတ်နိုးမိပြီ ဆိုလျှင်တော့ အနီယောက်ျားတို့မှာ ထိုမိန်းကလေးကို စွန့်ခွာဖို့ ခွန်အားနည်းပါးတတ်ကြသည်ဟု သူ ထင်ပါသည်။ အခုလည်း ရေးချယ်ကို ဤသို့ သူ ဖြစ်ခဲ့ပြီတည်း။ ရေးချယ်ဟာ သူ့ကို ငွေနှင့် အကြောင်း ဘာဆိုဘာတစ်ခုမှ ထုတ်မမေးခဲ့ပေမယ့် သူက သနားစရာကောင်းလောက်အောင် ငယ်နေသော ရေးချယ်ရဲ့မျက်နှာလေးကိုကြည့်ပြီး ဖွင့်မေးခဲ့သည်။

ဒါကို ရေးချယ် ပြောတဲ့ပုံစံကိုလည်း ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



"ကို့အနားမှာ ရေးချယ်ထက် အများကြီးသာတဲ့ မိန်းကလေး တစ်ယောက်မက ရှိနေနိုင်တယ်ဆိုတာ ရေးချယ် သိပါတယ်...

အဲဒီအတွက် ကို့ကို ရေးချယ် ဘယ်လိုမှ သဘောမထားပါဘူး။ ရေးချယ်က ချစ်နေရုံနဲ့ ကျေနပ်နေတဲ့သူပါ။ ကို ရေးချယ်ကို လက်မထပ်နိုင်ဘူးဆိုတာ သိထားပေမယ့် အဲဒီအပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး ...

ကိုနဲ့ တစ်ရက်ပဲ ချစ်ခွင့်ရပစေဦး။ အဲဒီတစ်ရက်ဟာ ရေးချယ်အတွက် တစ်သက်စာပါ"

"ရေးချယ်ရယ် ... ဘယ်လိုပြောလိုက်တာလဲကွာ"

သူ့ရင်ထဲတွင် နင့်သွားခဲ့တာ အမှန်ပါပဲ။ တကယ်တမ်း ရေးချယ်ကို လက်တွဲကာ အားလုံးကို ဆန့်ကျင်ထားခဲ့တာပေါ့ ဟူသော ဆုံးဖြတ်ချက်မျိုးက ခက်ခဲလွန်းတာကြောင့် ခုထိလည်း သူ မချနိုင်ခဲ့သေးခြင်းဖြစ်သည်၊ ဒါပေမဲ့ သူ့အပေါ်မှာ ဘာမျှော်လင့်ချက်မှ မထားဘဲ ရိုးသားစွာချစ်ခဲ့သော ကောင်မလေး



တစ်ယောက်ရဲ့ နှလုံးသားကို ပကတိအတိုင်း မြင်လိုက်ရသောအခါ သူ များစွာကြေကွဲခဲ့ရသည်။

သွားပါ ... နေရစ်ခဲ့ပါ့မယ်လို့ ကျေကျေနပ်နပ်ကြည်ကြည်ဖြူဖြူ ပြောနေတဲ့ (ဘာအပြစ်မှ မရှိတဲ့) မိန်းကလေး တစ်ယောက်ကို သူ ဘယ်လိုလုပ် စွန့်ခွာနိုင်တော့မှာလဲလေ။

"ရွှေးချယ်ရယ် ... ကိုယ် မင်းကို မခွဲနိုင်တော့ပါဘူး။ ဒါပေမဲ့ ကျေးဇူးပြုပြီးတော့ မင်းတစ်ယောက်တည်း မခံစားပါနဲ့။ မင်း ဘာတွေပဲဖြစ်ဖြစ် ကိုယ့်ကိုပြောပါကွာ"

ကတိစကားလည်းမဆို၊ ပြုံးပြုံးလေးသာ ရှိနေခဲ့သော မိန်းကလေးကို သူ ဘယ်လိုနားလည်ရတော့မလဲ မပြောတတ်ချေ။ ဒါပေမဲ့ သူတို့နှစ်ယောက် ပိုမိုနီးကပ်သွားသလို ဖြစ်သွားခဲ့တာ တော့ အသေအချာပင်။ သူ့ကို သိပ်ချစ်ကာ သိပ်နားလည်ပေးသော ကောင်မလေးကို သူကလည်း မြတ်နိုးမဆုံး ဖြစ်ခဲ့ရပါသည်။ ဒါကြောင့် တစ်ခုခုဆိုလျှင် သူမကို တ,ရသည်။ ညက အလုပ်လုပ်တာ ညဉ့်နက်သွားပြီး ကော်ဖီသောက်လိုက်သောအခါ လူက

www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်တော့ပေ။ ဒါကြောင့် မနက်ကျတော့ ခေါင်းတွေကိုက်ကာ မလန်းဆန်းတော့။ နေ့ခင်းထိ မသက်သာသောအခါ ရေးချယ်ကိုပဲ ဖုန်းဆက်မိသည်။

"ရေးချယ် ... ဘာလုပ်နေလဲ။ ဘယ်မှာလဲ"

"အင်း ... အပြင်မှာကို၊ ကို နေမကောင်းဘူးလား"

အဲဒါတွေ ချစ်ဖို့ကောင်းသော ရေးချယ် ဖြစ်ပါသည်။ လူတောင်မမြင်ရသေးဘဲ အသံကို နားထောင်တာနဲ့တင် သူဘာဖြစ်နေတယ်ဆိုတာကို သိသော ရေးချယ်ဖြစ်၏။

"ဘယ်လိုသိလဲ ရေးချယ်"

"ဟင် ... သိတာပေါ့။ ကို့အသံက နှာသံလေး မဆိုစလောက် ပေါက်ပြီး နွမ်းနေတယ်၊ ပြီးတော့ ရေးချယ်ရဲ့စိတ်အာရုံထဲမှာ ကို့ကို နေမကောင်းဘူးလို့ ခံစားနေရတယ် ...

နေမကောင်းဘူးလားဟင်"

"အင်း ... ရေးချယ်ရယ်။ ညက အိပ်ရေးပျက်တာရော လူက ပင်ပန်းတာရောနဲ့ ခေါင်းတွေလည်း ကိုက်နေတယ်"





"ဟို ... ရေးချယ် လာခဲ့ရမလားဟင်"

တွေ့လား။ သူ့ဆီလာဖို့တောင် ချစ်သူတစ်ယောက်အနေနဲ့ မဝံ့မရဲ ဖြစ်နေရှာသူလေး။ သူနဲ့ပတ်သက်ရင် ဘာတစ်ခုမှ သူမမှာ အခွင့်အရေးမရှိဘူးလို့ ထင်နေရှာသူလေး။ အဲဒါတွေကပဲ သူ့ရဲ့နှလုံးသားကို သိမ်းထုပ်နှောင်ဖွဲ့ထားတာ ဖြစ်တော့သည်။

"အင်း ... အားရင် အဆင်ပြေရင်လည်း လာခဲ့လေ။ ကိုယ့်ကို လာကြည့်မယ်ပေါ့"

"လာပြုစုမှာပါ"

"What ? ပြုစုမယ် ဟုတ်လား၊ ဘယ်လိုပြုစုမှာလဲ"

"အင်း ... သုံးမိနစ်ပဲစောင့်။ အိုခေ ... ဒါပဲနော်"

ရေးချယ်က ဖုန်းချသွားလျှင် သူက ပခုံးတွန့်ကာ ပြုံးပြီး ကျန်ရစ်ခဲ့သည်။ ချစ်သူ လာမယ်ဆိုတော့ လူက ရောဂါတစ်ဝက်တောင် ကြိုပျောက်သွားသလို ခံစားရသေး၏။ အင်း ... အချစ် ... အချစ် ... ဒါကြောင့်လည်း လူတွေမကင်းနိုင်ဘဲ ကျွံကြတဲ့ ဒီအချစ်ပဲ ဖြစ်နေကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှီဆပ်ရှင်ထံ ရေးချယ် ရောက်လာမည့် အကြောင်း ကြိုပြောထားကာ သူ့အခန်းထဲ ပို့ပေးဖို့ မှာထားလိုက်သည်။ နောက်တော့ ဘယ်လောက်မှ မစောင့်လိုက်ရဘဲ ရေးချယ် ရောက်လို့လာလေသည်။ ရွှေအိုရောင်ဖျော့ ဇင်းမယ်လုံချည်၊ မြန်မာအင်္ကျီခါးတိုလေးဖြင့် ရေးချယ်မှာ ချစ်ဖို့ အလွန့်အလွန် ကောင်းနေသည်။ အင်း ... ဒါတောင် ရှိတာလေးနဲ့ပဲ လှပအောင် ဆင်ယင်တတ်သူလေး။ တန်ဖိုးကြီးအသုံးအဆောင်များဖြင့် ဆင်ယင်လိုက်လျှင် ဘယ်လောက်တောင်များ အရောင်တွေထွက်လာလိမ့်မလဲ။ ဒီကောင်မလေးသာ သူ့ဇနီးဖြစ်ခဲ့ရင် ... ? ? ဟူသော အတွေးဖြင့် သူ့နှုတ်ခမ်းတွေက ပြုံးသွားသည်။

"ဟင် ... ဘာပြုံးတာလဲ"

"မဟုတ်ပါဘူး၊ ထိုင်လေ ... ရေးချယ်"

သူက ရေးချယ်ကို ဆိုဖာတစ်ခုကို ညွှန်ပြလိုက်ရင်း အလုပ်စားပွဲမှ ထလာခဲ့သည်။ ရေးချယ်ထိုင်နေသော ဆိုဖာရဲ့ ဘေးတစ်ဖက်အလွတ်မှာ ဝင်ထိုင်သောအခါ သူမက သူ့ကို စိတ်ပူကြင်နာသော မျက်ဝန်းများဖြင့် ငေးကြည့်ရင်းမှ ...



"နေမကောင်းဘူးလား ကို"

"အင်း ... ရေးချယ်ကိုမြင်တော့ သက်သာသွားပါပြီ။ ဒါနဲ့ ရေးချယ် ဒီကိုရောက်လာတာ မြန်လိုက်တာ။ ဘယ်က လာတာလဲ"

"ဒီနားက (......)ရုံးကို ရောက်နေတာလေ၊ အဲဒါ ထားပါ၊ ကို ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး၊ နေ့လယ်စာချိန် ရောက်ပြီဆိုတော့ တစ်ခုခုစားပြီးတော့မှပဲ ဆေးသောက်မလားလို့"

"အင်း ... ဒါလည်း ဟုတ်တာပဲ။ ကို ဘာစားမလဲ။ ထမင်းတော့ မစားချင်ဘူးနဲ့ တူတယ်"

"သေချာတာပေါ့။ ဘာစားရမလဲ ရေးချယ်ရော ဘာစားပြီးပြီလဲ"

"ရေးချယ်က ရုံးရောက်မှ ထမင်းစားမလို့။ ရတယ် ... ကို ဘာစားချင်လဲ"

"အင်း ... ကိုနဲ့ ရေးချယ် ကြေးအိုးတစ်ပွဲကို အတူတူ သောက်မလား"

www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားမလို့လား။ ကိုက နေကောင်းတာလည်း မဟုတ်ဘဲနဲ့"

"မသွားပါဘူး၊ တစ်ယောက်ယောက်ကို သွားဝယ်ခိုင်းလိုက်မယ်လေ၊ ဒီမှာပဲစားကြတာပေါ့။ ပြီးရင် ရေးချယ်က ကိုယ့်ကို ဆေးတိုက်ပေါ့"

"အင်း ... ကောင်းသာပဲ"

သူက ဝန်ထမ်းတစ်ယောက်ကို ကြေးအိုးသွားဝယ်ဖို့ ညွှန်ကြားပြီးနောက် ရေးချယ် အနားသို့ ပြန်လာခဲ့လျှင် ရေးချယ်က ရုတ်တရက် မတ်တတ်ထရပ်သည်။ သူက ရေးချယ်ကို အံ့သြသလိုဖြင့် မော့ကြည့်လိုက်လျှင် ရေးချယ်က လက်ဆယ်ချောင်းကို စန္ဒရားတီးသလို လှုပ်လှုပ်ခတ်ခတ် ကွေးကွေးကောက်ကောက် လုပ်ပြလျက် ...

"အာဂျီရို ခေါင်းကိုက်နေတယ်ဆို။ နည်းနည်းသက်သာသွားအောင် နှိပ်ပေးမလို့"

"ဟား ... ရေးချယ်က နှိပ်တတ်တယ်ပေါ့"





"အင်း ... ရေးချယ်က ခြေရာပွားလေ။ ဆရာဝန်သာလုပ်ခဲ့ရင် အင်မတန် ဆေးလိုက်တဲ့ ဆရာဝန်ဖြစ်မှာ"

"ဘာဆိုင်လို့လဲ ရေးချယ်ရဲ့"

"ဆိုင်တာပေါ့။ ကို မကြားဖူးဘူးလား။ ခြေထောက်ကနေ စ,ပြီး မွေးတဲ့လူတွေက လက်ပေါက်တယ်တဲ့။ နှင်းပေးတာ နှိပ်ပေးတာတွေမှာ စွမ်းတယ်။ တစ်ဖက်လူကို သက်သာစေတယ်ပေါ့၊ အဲဒါမျိုးတွေ"

"သြော် ... ဒါဆို ရေးချယ်က ခေါင်းကနေ စ,မွေးတာ မဟုတ်ဘဲ ခြေထောက်ကနေ မွေးတာပေါ့ ဟုတ်လား"

"ရက်စ်။ ကဲ ... ဘယ်လိုလဲ အနှိပ်ခံမှာလား ပြော။ နောက်မှ ဖွဲ့သွားရင်တော့ လာပါဦး ခဏ ခဏ မလုပ်နဲ့"

"အင်း ... အညွှန်းကောင်းတော့လည်း ခေါင်းတစ်ခုလုံး ထိုးအပ်ရဝဘာပေါ့။ ကဲ ... နှိပ်စေဗျား ... နှိပ်စေ ... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်နှစ်ဖက်ပိုက်ကာ ခပ်မတ်မတ်လေး နေပေးလိုက်လျှင် ရေးချယ်က အိုခေဟု တိုးတိုးရေရွတ်ပြီး သူ့နောက်ကနေ လာရပ်သည်။ ပြီးတော့ နူးညံ့နွေးထွေးသော လက်တစ်စုံက သူ့ရဲ့နားထင်သို့ ခပ်ဖွဖွလေး စတင်နှိပ်နယ်လေသည်။ နောက် မျက်ခုံးရိုး၊ နားထင်ကနေ ဦးခေါင်းတစ်လျှောက် ခပ်ဖွဖွလေး။ စနစ်တကျ လက်ကွက်များဖြစ်သောကြောင့် သူကပင် တအံ့တသြ မေးယူရသည်။

"ရေးချယ် နှိပ်ပေးတာ ကောင်းသားပဲ။ သင်ထားတာလားဟင်"

သူ့စကားကို ရေးချယ်က ဟက်ခနဲ တစ်ချက်ရယ်ရင်းမှ ဖြေသည်။

"ဘယ်နားက သွားသင်ရမှာလဲ။ ဒါပေမဲ့ မဂ္ဂဇင်းတွေထဲမှာ ပါရင်တော့ မှတ်ထားပြီး လျှောက်လုပ်ကြည့်တာပေါ့ … ဘယ်လိုလဲ သက်သာရဲ့လား ကို"





"အင်း … စေတနာရော အရည်အချင်းရောကြောင့် ဆေးမသောက်ရဘဲနဲ့တောင် ပျောက်သွားသလိုပဲ။ ကဲ … ကဲ … တော်ပါပြီး ရေးချယ်ရယ် … ရပါပြီ"

သူက နှိပ်နယ်ပေးနေသော ရေးချယ်ရဲ့လက်လေး နှစ်ဖက်ကို ဆွဲယူလိုက်လျှင် ရေးချယ်က သူ့ဦးခေါင်းပေါ်ကနေ၍ ငုံ့မိုး၍ ပြုံးကြည့်လာသည်။ အဲဒီ Position လေးဟာ တကယ်ကို Romantic ဖြစ်ပါသည်။ သူ့ကို ငုံ့မိုးပြုံးကြည့်နေသော ရေးချယ်ရဲ့မျက်ဝန်းလေးများမှာ လင်းလက်တောက်ပနေကြသည်။ သူက ရေးချယ်ရဲ့လက်နှစ်ဖက်ကို ပိုမိုဆွဲယူလိုက်ကာ …

"ရေးချယ်လေး … ကိုယ့်ကို ချစ်လား"

"အမ်း … ချစ်ပါ"

ဖြေပုံလေးက မြတ်နိုး အသည်းနိုက်ချင်စရာမို့ သူမရဲ့ပါးလေးတစ်ဖက်ကို မနာအောင် လှမ်းဖျစ်ညှစ်မိသည်။ အဲဒီအချိန်မှာပဲ သူ့နားထဲသို့ ပေါက်ကွဲတုန်ယင်နေသော အသံတစ်သံက တိုးဝင်လို့လာခဲ့တာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာဖြစ်နေတာလဲ"

သူ့ရော ရေးချယ်ရောဟာ ဖျတ်ခနဲ မော့ကြည့်မိလျှင် သူတို့နှစ်ယောက်ကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်နေသော ရှူ့ကိုတွေ့မြင်လိုက်ရလေသည်။ ရှူ့ရဲ့နှုတ်ခမ်းများက တဆတ်ဆတ် တုန်ယင်လျက်။

❤○❤





## ၂၀

"အဲဒီတော့ ဘာတွေဆက်ဖြစ်ကြလဲ။ နင်ကလည်း ကောင်းခန်းရောက်မှ ရပ်ပစ်တယ်။ ဆက်ပြောလေဟာ"

အဖြစ်အပျက်များကို ပြောနေသော ရေးချယ်ကလည်ချောင်းကပ်၍ ခဏနားလိုက်လျှင် စိတ်မရှည်တတ်သော ချောစုက ချက်ချင်းထောက်သည်။

"အင်း … အဲဒီအမျိုးသမီးက ပေါက်ကွဲတော့တာပေါ့ဟာ"

ရေးချယ်က သက်ပြင်းကို ရှိုက်လိုက်ရင်းမှ နေ့ခင်းက ပုံရိပ်တို့မှာ မျက်လုံးထဲသို့ ပြန်မြင်ယောင်ပြီးလာသည်။ အခန်းတံခါးလည်းမခေါက်၊ ဘာမှအသံမပေးဘဲ ဘယ်အချိန်က ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းမသိသော အဲဒီတစ်ယောက်ရဲ့ပေါက်ကွဲမှုတို့မှာ ဘာကိုမှ ကြိုမသိထားတဲ့သူ၊ ကြိုတင်ပြင်ဆင်ခြင်းလည်း မရှိတဲ့သူဆိုတော့ ဒီလောက်တော့ ဖြစ်ရမှာပဲလေ။ ရေးချယ်ကတော့ နဂိုတည်းက ကိုယ့်အနေအထားဟာ သူနဲ့သိပ်ကွာလွန်းတာမို့ ပေါင်းရဖို့အရေး ဆိုတာလည်း ဘာမျှော်လင့်ချက်မှ မထားခဲ့တာပါ။

နောက်တော့ ကိုနဲ့ လက်ထပ်ဖို့ တွဲနေခဲ့သည်ဟူသော မဉ္ဇူကို တွေ့ခဲ့ရတဲ့အချိန်မှာတော့ ပိုလို့တောင် နေတတ်အောင် ကြိုးစားခဲ့သေးသည်။ မဉ္ဇူကသာ ရေးချယ်ကို ဘယ်တုန်းကမှလဲ မသိခဲ့။ တွေ့မယ့်တွေ့တော့လည်း ဒီလိုအနေအထားမျိုးနဲ့ဆိုတော့ ထိုမိန်းမသားမှာ မာနကိုပါ အထိပါးခံရသည့် ပုံစံမျိုးဖြင့် ဆတ်ဆတ်ခါ ရှောရပေလိမ့်မည်။

"နင့်ကိုတော့ ပါးတွေ ဘာတွေ မရိုက်ဘူး မဟုတ်လား"

"ဟဲ့ ... ချောစု"

မသူက ချောစုကို ဟန့်သော်လည်း ရေးချယ်က စိတ်မဆိုးပါ။ မချိပြုံးလေးကိုတောင် အသာပြုံးလိုက်ရင်းမှ ...





"ပါးတော့ မရိုက်ပါဘူး။ ဒါပေမဲ့ ပါးရိုက်တာထက် နာစေတဲ့ စကားမျိုးတော့ ပြောတယ်"

"ဘာတဲ့လဲ ... အံမယ်၊ အဲဒီမိန်းမက"

"ရှင်ကြိုက်တာ ဒီလို မြူဆွယ်တတ်တဲ့ မိန်းမလားတဲ့။ နင်ကရော ဒီလိုပဲ မြူဆွယ်နေတာလားတဲ့"

"ဟင် ... နင်ကရော အဲဒါကို ဘာမှပြန်မပြောဘူးလား"

"မပြောပါဘူး။ သူ ပြောရမှာ ငါနဲ့မှ မဟုတ်တာ။ ငါက ပြန်လာခဲ့တာပေါ့"

"ဟယ် ... ရေးချယ်ရယ်၊ အေးပေါ့လေ ... ဟုတ်တော့ ဟုတ်ပါတယ်၊ အဓိက,က နင်ပြောရမှာမှ မဟုတ်တာ။ ဒါဆို နင့်ဘဲကြီးက ဆော်နှစ်ပွေကြားထဲမှာ ညပ်နေတဲ့ သဘောပေါ့၊ ခုဆို မဉ္ဇူဆိုတဲ့ မိန်းမလည်း သိသွားပြီဆိုတော့ နင်တို့ ဇာတ်လမ်းက ဘယ်လို အဆုံးသတ်ကြတော့ မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြေကိုတော့ ရွှေချယ်လည်း မဖြေနိုင်တော့ပါ။ မဖြေနိုင်ဘူး ဆိုတာထက် ရေးချယ်မှာ ဖြေဖို့အဖြေမရှိဘူးဆိုလျှင် ပိုမှန်ပေမည်။

"ငါ မသိဘူး။ အဲဒါ ကိုဘိုသိုက် ဆုံးဖြတ်ရမယ့် ကိစ္စပဲ လေ"

"ဟင်း ... နင်တို့ ဇာတ်လမ်းကြီးကလည်းဟာ"

ချောစုနှင့် မသူတို့က မသက်မသာ ရှိကြသော်လည်း ရေးချယ်ကတော့ မည်သို့မှ တုန်လှုပ်ခြင်း မရှိခဲ့ပါ။ နဂိုထဲက မျှော်လင့်ချက် ကြီးကြီးမားမား မထားခဲ့သူ၊ ကိုယ့်နေရာကိုယ်သိသူ ဖြစ်သောကြောင့် သိပ်ထူးခြားတာမျိုးကြီး ဖြစ်မနေခဲ့ပေမယ့် တစ်စုံတစ်ယောက်ကတော့ တော်တော်ကြီး သွေးပျက်နေခဲ့ဟန်တူသည်။

ထိုသူကတော့ မဥ္ဇူပဲဖြစ်ကာ ရေးချယ်ရဲ့ဖုန်းကို ဆက်ပြီးချိန်းခဲ့တာဖြစ်သည်။ အဲဒါအတွက် ရေးချယ်မှာ သူမချိန်းသော ကော်ဖီဆိုင်သို့ ကြိုရောက်နေခဲ့ရသည်။ သူမကြိုချိန်းပြီး





သူမက ကြိုရောက်မနေတာတော့ ရေးချယ်ကို ချေတာပဲဖြစ်လိမ့်မည်။ ဘတ်စ်ကားနှင့် လာရသော ရေးချယ်က ကြိုရောက်နေရပြီး ကိုယ်ပိုင်ကားကို အကြော့သားမောင်းလာသော သူမကတော့ ကိုးနာရီခွဲပြီး ဆယ်မတ်တင်းမှ ရောက်လာသည်။

မြင်လိုက်တာနဲ့ကို ဈေးကြီးမှန်း သိသာနေသော လည်ထောင်ဒီဇိုင်း ဖဲသားအိအိ ကြက်သွေးရောင်ကို ရင်ခေါင်းအထိ တက်ဝတ်ရသော နို့နှစ်ရောင်စကတ်အတိုတစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ကာ ကောင်းပေ့ ညွှန့်ပေ့ ဟူသော လက်ကိုင်အိတ်၊ ဖိနပ်စသဖြင့် အသုံးအဆောင်များ ဆင်ယင်လာသူဟာ ကိုနဲ့ လက်ထပ်မယ့်သူတဲ့လား။ အင်း ... ဖြစ်သင့်တာပဲလေဟု ရေးချယ်က တွေးမိသွားသည်။

သူမက ရောက်တာနှင့် ရေးချယ်ကို ခပ်တည်တည် ခပ်တင်းတင်း ကြည့်သည်။ ရေးချယ်ကတော့ အသိအမှတ်ပြု နှုတ်ဆက်သည့်သဘောဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ကျွန်မကို တွေ့ချင်တာ ဘာအကြောင်းပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှမပြောဘဲ ခုံမှာခပ်တည်တည် ဝင်ထိုင်ကာ ရေးချယ်ကို စပ်တင်းတင်းကြည့်သည်။

"မင်းနဲ့ ဘိုသိုက်၊ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

မေးပုံက အထက်စီးဆန်လွန်းတာကြောင့် ရေးချယ် စိတ်ထဲမှာ ဟင်းခနဲ ဖြစ်သွားသော်လည်း ကိုယ်က ဆင်းရဲလို့ ရှိန်းတာဟု အပြောမခံချင်၍ အတတ်နိုင်ဆုံး စိတ်လျှော့ကာ ဖြေလိုက်သည်။

"အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တွေ့တာပါ"

"ဘာလဲ ... မင်းတို့ အလုပ်က အလုပ်ကို အကြောင်းပြပြီး သူဌေးတွေကို အမိဖမ်းနေတဲ့ အလုပ်လား"

"ဒီမှာ မမဥ္စူ။ ရှင် စကားကို ယဉ်ယဉ်ကျေးကျေး ပြောရင်ကောင်းမယ်။ တကယ်တော့ ရှင်နဲ့ ကျွန်မနဲ့ ဘာမှတွေ့စရာအကြောင်း မရှိပါဘူး ...

ကျွန်မတို့ နှစ်ယောက်တည်းပြောလို့ ပြီးတဲ့ကိစ္စလည်း မဟုတ်ပါဘူး"



"ဘယ်လို ... ဒါဖြင့်ရင် မင်းက ဘာကိုဆိုလိုတာလဲ"

"မမဥ္စူကရော ကျွန်မကို ဘာပြောချင်တာလဲ"

"ဘိုသိုက်အနေနဲ့ မင်းလို မိန်းကလေးတစ်ယောက်ကို ချစ်သွားတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ မင်း သူ့ကို ဘယ်လိုဆွဲဆောင်လိုက်တာလဲ"

တရားကျလွန်းသောကြောင့် ရေးချယ်က နှာခေါင်းထဲက လေထွက်ရုံ ဟက်ခနဲ ရယ်မိသည်။

"ရှင် ပြောချင်တာ ဒါပဲလား"

"မင်း ဒီစာတ်လမ်းကို ဘယ်လိုအဆုံးသတ်ဖို့ စဉ်းစားထားလဲ"

"ကျွန်မ ပြောပြီးပါပကော။ ဒါ ကျွန်မ ဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ပါဘူးလို့။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောမယ်ဆိုရင်တော့ ကျွန်မတို့မှာ ပြောစရာစကား မရှိပါဘူး"

"ဘာလဲ။ ဒါဆိုရင် မင်း ဆိုလိုတာက မင်းဘက်က နောက်မဆုတ်ဘူးဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်က ဘာပြန်ပြောရမှန်း မသိသဖြင့် အံကြိတ်ထားမိသည်။ တကယ်တော့ ကျွန်မက မျှော်လင့်ချက်မပါဘဲ ချစ်ခဲ့တာ၊ လက်ထပ်တာကတော့ ရှင်နဲ့ပဲ လက်ထပ်ပါ ဟူ၍ပဲ ပြောရမလား။ ဘယ်လိုပြောရမှန်းကို မသိပါ။

"မင်းကို တစ်ခုတော့ ပြောလိုက်မယ်။ မင်းဟာ ဘိုသိုက်အမျှော်တွဲတဲ့ရည်းစား ဒါမှမဟုတ် သနားပြီးတွဲတဲ့ ရည်းစား ဖြစ်ရင်ဖြစ်မယ် ...

ဒါပေမဲ့ ရွေလက်တွဲပြီး လက်ထပ်ရမယ့် သတို့သမီးတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

ရေးချယ်က ရင်ထဲမှာ တလှိုက်လှိုက် ဝမ်းနည်းလာသောစိတ်ဖြင့် ဘာမှပြန်မပြောမိပါ။ ဝဲတက်လာသော မျက်ရည်ကြည်တွေကိုသာ မကျအောင် ပုတ်ခတ်ထိန်းသိမ်းထားရသည်။ မဍ္ဍူဆိုတဲ့ အမျိုးသမီးကတော့ ရေးချယ်ကို ချက်ကောင်းထိအောင် ပစ်နိုင်သည့်အတွက် သူမကိုယ်သူမ အောင်နိုင်ပြီဟု ယူဆထားသော ပုံစံဖြင့် စားပွဲမှ မတ်တတ်ထရပ်သည်။





"မင်းနဲ့ ငါ ဆက်ပြောစရာ အကြောင်းမရှိတော့ဘူး။ အဲဒီတော့ မင်းအသိစိတ်ဓာတ်ရှိပါ။ မင်းအသိဉာဏ်နဲ့မင်း အေးအေးဆေးဆေး နောက်ဆုတ်လိုက်ပါ"

သူမက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သည်။ ရေးချယ်သည် အံကိုတင်းတင်းကြိတ်ရင်း မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျဆင်းလာကာ ကျန်ရစ်ခဲ့ရသည်။ ပြောတဲ့သူကတော့ ပြောသွားပြီးပြီ။ ရေးချယ်ဘက်က ဘာများလုပ်ဖို့ ကျန်တော့ပါသနည်း။

အစတည်းက ရှုံးမှာသိနေတဲ့ တိုက်ပွဲတစ်ခုကို ရေးချယ်က စောစောစီးစီးထဲကပဲ အလံဖြူပြပြီး နုတ်ထွက်သင့်လား။ ရှိစုမဲ့စု မာနလေးနဲ့ ကိုဘိုသိုက်ကို လမ်းခွဲရအောင်လို့ ပြောသင့်လား။ ချစ်သူအဖြစ်က ရပ်စဲလိုက်ပြီလို့ ပါးစပ်ကပြောတိုင်း နှလုံးသားထဲက မရပ်စဲရင် ဒါ ချစ်သူတွေပဲ မဟုတ်ဘူးလား။



www.burmeseclassic.com

အချစ်ဆိုတာ ချစ်နေကြရုံနဲ့ ပြီးသွားတာပဲ မဟုတ်ဘူးလား။

ရေးချယ်လို သူငယ်တန်းအဆင့်အတွက် အချစ်သည် ဉာဏ်မမီစွာနဲ့ ဘယ်လိုမှ လိုက်မမီသော ပုစ္ဆာတစ်ပုဒ် ဖြစ်ခဲ့ပြီတည်း။





၂၁

ထူးဆန်း အံ့ဩစရာ ကောင်းလေစွ။ သူ့ဘဝတွင် မိန်းမနှစ်ယောက်နှင့် ပတ်သက်နေရာမှ တစ်ယောက်က လက်ထပ်ဖို့ ငါးဆယ်ရာခိုင်နှုန်း သေချာပြီဆိုသော စိတ်ထားဖြင့် တွဲနေသောမိန်းမ၊ ကျန်တစ်ယောက်ကတော့ သူ ချစ်မြတ်နိုးစိတ်သက်သက်ဖြင့် ပတ်သက်နေခဲ့ရသောမိန်းမ။ ထိုမိန်းမနှစ်ယောက်လုံးက တစ်ရက်စီခြား၍ သူ့အား ဆန့်ကျင်ဘက်စကားတစ်ခွန်းစီပြောခဲ့ကြသည်။

www.burmeseclassic.com



ဖူက လက်ထပ်ကြစို့တဲ့။ ရေးချယ်ကတော့ လမ်းခွဲကြစို့တဲ့။ သူက ဘယ်သူ့ကိုမှ ဘာမှပြန်မပြောနိုင်ခဲ့ပါ။ ဝေခွဲရခက်နေခဲ့သည်။ အထူးသဖြင့် ဒီအကြောင်းကိုသိလျှင် လက်မထပ်ချင်လောက်အောင် ပေါက်ကွဲတော့မည်ဟု ထင်ထားခဲ့သော ဖူက ပေါက်တော့ ပေါက်ကွဲခဲ့သည်။ သို့သော် သူ့ကို လက်မထပ်ချင်တာမျိုး မဟုတ်တော့ဘဲ အေးစက်တည်ငြိမ်စွာနဲ့ လက်ထပ်မယ်လို့ တစ်ခွန်းတည်း ပြောခဲ့သည်။

ရေးချယ်ကတော့ လမ်းခွဲမည်တဲ့။ ပုံမှန်အတိုင်းဆိုသူ့အတွက်တော့ ဘာမှခေါင်းခြောက်စရာ မလိုတော့တဲ့ အခြေအနေပါ။ ဒီအခြေအနေလေးထဲမှာ အလိုက်သင့်စီးမြောသွားရုံပဲ မဟုတ်ဘူးလား။ ဒါပေမဲ့ ဒီအခြေအနေကကို တစ်ခုခုမှားယွင်းနေသည်ဟု သူ ထင်သည်။ ဒါကြောင့် သူက ရေးချယ်နှင့်တွေ့ကာ စကားပြောရသည်။

"ရေးချယ် ... အဲဒီလို ပြီးစလွယ်ကြီး လမ်းခွဲတာမျိုး မလုပ်ပါနဲ့။ ကိုယ်တို့ အချိန်ယူပြီး နည်းနည်းလောက် ပြန်စဉ်းစားကြရအောင်လေ"



"ဘာကိုစဉ်းစားနေဦးမှာလဲ ကို။ ဘာကိုမှ စဉ်းစားနေစရာ မလိုတော့လောက်အောင် အဖြေက ရှင်းနေပြီပဲ ...

ကိုနဲ့ မမဥူနဲ့ လက်ထပ်လိုက်ကြရင် ပွဲကပြီးသွားပြီပဲလေ"

"ဒါဖြင့်ရင် ရေးချယ်ကရော"

"ရေးချယ်ကလား။ ရေးချယ်က ဒီအတိုင်းပဲပေါ့ ကိုရဲ့။ အစတည်းက ကို့ကို ပြောခဲ့တယ်လေ။ ရေးချယ် ကို့ကို ချစ်ခဲ့တာ ဘာမျှော်လင့်ချက်မှ မရှိခဲ့တာ ...

ကိုနဲ့ ရေးချယ် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိတယ်။ ဒါကြောင့် မချစ်သင့်မှန်း သိသိကြီးနဲ့ ချစ်ခဲ့တာ တောင်လွန်လှပြီ။ ဒါကြောင့် ရေးချယ်ကို နောက်ဆံမတင်းဘဲ မမဥူနဲ့ စိတ်ဖြောင့်လက်ဖြောင့်သာ လက်ထပ်ပါ ကို"

"ကျွတ် ... ရေးချယ်ရယ်။ ဘာလို့ ဒီလောက် သဘောကောင်းနေရတာလဲဟင် ?။ ကိုယ့်ကို နည်းနည်းလောက်တောင် မတားတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မတားတော့ပါဘူး ကို။ ချစ်တယ်ဆိုတာ လူချင်းတွေ့မှ ချစ်လို့ရတာမှ မဟုတ်တာပဲလေ။ နလုံးသားထဲက လှမ်းချစ်နေရတဲ့ အချစ်မျိုးကို ရေးချယ် ပိုသဘောကျပါတယ်"

"ရေးချယ်ရယ်"

သူက မရိုတင်းကဲဖြင့် ရေးချယ်ရဲ့လက်လေးနှစ်ဖက်ကို ဆွဲယူဖျစ်ညှစ်မိသည်။ ရေးချယ်ကတောင် သူ့ကို အားပေးနှစ်သိမ့်သည့် အပြုံးလေးဖြင့် နှစ်သိမ့်ကာ သူ့လက်တွေကို ပြန်လည်ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သေးသည်။

"အားလုံး အဆင်ပြေသွားမှာပါ ကို။ ရေးချယ်တို့ နောက်ထပ် မတွေ့ကြတော့ဘူးနော်"

သူက တိုးတိတ်ညင်သာသလောက် ပြတ်သားသော စကားသံကြောင့် ရေးချယ်ကို အလန့်တကြား မော့ကြည့်မိသည်။ ရေးချယ်က သူ့ကို နူးညံ့သောမျက်ဝန်းများဖြင့် အသာအယာပြုံးပြလို့နေသော ပုံရိပ်သည် သူ့မျက်လုံးထဲတွင် တဖြည်းဖြည်းဝါးသွားလေသည်။

❤○❤





## ✿ ၂၂ ✿

ဒီနေ့နဲ့ပါဆိုလျှင် ရေးချယ်နဲ့ သူ မတွေ့ရတာ၊ ဖုန်းမပြောရတာ တစ်ပတ်အတိ ပြည့်ခဲ့ပြီ ဖြစ်လေသည်။ ဘယ်လောက်ပဲ ထပ်မတွေ့တော့ပါဘူး ပြောပြော၊ တကယ်တမ်း လမ်းခွဲကြပြီးပေမယ့် အမှတ်တမဲ့များ ရောက်လာလေမလား၊ ဖုန်းလေးပဲ ဆက်လေမလား၊ တိတ်တခိုးတော့ မျှော်လင့်မိတာပဲဖြစ်လေသည်။ သို့သော် မျှော်နေသူက ပေါ်မလာခဲ့ပေ။ မမျှော်သူကသာ ချောင်းပေါက်မတတ်ရောက်၊ ဖုန်းတွေတဂွမ်ဂွမ်ဆက်ပြီး ဒုက္ခပေးနေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ လုံးဝမချစ်ဘူးလို့ ဘယ်နှခါ ပြောရမလဲ မိုးကောင်း။ နင့်ကို ငါ ချစ်ချင်မှဖြင့် ဒီလောက်ကြီးထိ တောင် အချိန်ဆွဲမထားဘူး သိလား ...

မကြိုက်လို့ မချစ်လို့ကို ဒီအတိုင်း နေခဲ့တာ"

"လောကကြီးမှာ ဖွဲဆုပေးတယ်ဆိုတာ နင် မကြားဖူးဘူး လား။ ပြီးတော့ ကိုယ့်မြို့သူ မြို့သား အချင်းချင်းပဲ ကောင်းပါတယ်ဟာ ...

ရန်ကုန်သူ ရန်ကုန်သားက နင့်ကို အတည်မကြံပါ ဘူး"

"သေလိုက်ပါလား။ နင် ငါ့ကို ဘာမှလာမပြောမနေနဲ့"

အနားပေါ် တုတ်ကျသွားသလား မှတ်ရအောင် ရေးချယ်က ထိုစကားကို ဆတ်ဆတ်ခါ နာလေသည်။ မိုးကောင်း ကတော့ ရင့်ကျက်သူကြီးအလား မိန့်မိန့်ကြီးပြုံးကာ ...

"ဒီအရွယ်မှာ ဒီလိုပဲ စိတ်ကစားတတ်တယ် ဆိုတာကို ငါ နားလည်ပါတယ် ရေးချယ်ရယ်။ နင့်ရဲ့စိတ်ကစားမှုကို ငါ ဗွေမယူပါဘူး"





"မိုးကောင်း"

"ဟုတ်တယ်လေ၊ နင့်လို အညာသူ မည်းတုံးတုံးကို ဟို ရန်ကုန်သား၊ ဖြူချောချော ဂျန်းတဲမန်းကြီးက ကြွေသလိုလို အထာတွေ လုပ်ပြနေတာကို နင်က အဟုတ်မှတ်နေတာ ကို ...

လူတွေက ဝက်သားချည်း နေ့တိုင်းစားရတော့ အီ တာပေါ့ဟ။ အဲဒီတော့ ချဉ်ပေါင်ကြော်လေးလည်း စားချင် သေးတာပေါ့။ ဒီသဘောပါ"

မိုးကောင်းက အချစ်ပါရဂူကြီးနှယ် ရှင်းလင်းပြော ဆိုနေလျှင် ရေးချယ်ကတော့ တစ်နေရာကို ငေးကြည့်ရင်း ငေး နေတဲ့အရာက ဘာမှန်းမသိ ဘာမှမမြင်ဘဲ မျက်လုံးထဲမှာ မှုန်ဝါး နေသည်။ မိုးကောင်း ပြောသလို တကယ်ပဲလားဟုလည်း စဉ်းစား ရင်း ရင်ထဲမှာ ဆို့နင့်နေသည်။

တကယ်ပဲ ရေးချယ်က ချဉ်ပေါင်ကြော်ပဲလား ကိုဘိုသိုက်ရယ်။ အင်းပေါ့လေ ... ဒါကြောင့်လည်း သူ့ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



ရေးချယ်ကို လက်ထပ်ပါ့မည်၊ ရေးချယ်ရဲ့လက်ကိုတွဲပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပါမည်ဟု တစ်ခွန်းတလေတောင် ထွက်မလာခဲ့တာပေါ့။ ဘာမှမမျှော်လင့်ထားပဲ ချစ်ခဲ့သည် ဆိုပေမယ့်လည်း ကိုယ့်ချစ်သူက ကိုယ့်ကို ချန်မထားရစ်နိုင် ဖြစ်နေရသည့် အဖြစ်မျိုးကိုလည်း လိုချင်တောင့်တမိတာပေါ့နော်။

"ရွေးချယ်ရာ ... နင် ဘာတွေမှ လျှောက်မစဉ်းစားနေပါနဲ့။ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင် သဘောပေါက်သင့်ပါပြီ ...

ငါ့အချစ်ကို လက်ခံလိုက်ပါဟာ ... နော်"

"တော်စမ်းပါ မိုးကောင်းရာ။ မြွေပွေရာ ကင်းမှောင့်ဆိုတာ နင်လိုဟာမျိုးကိုပြောတာ နေမှာပဲ။ နင် ငါ့အနားမှာ သူငယ်ချင်းကောင်းတစ်ယောက် အနေနဲ့ နေနိုင်ရင်နေ။ မနေနိုင်ရင်တော့ ရှောင်းတော့ ...

သွား ... ဒီအကြောင်းကို စကားထပ်မပြောနဲ့တော့။ ဒါ နောက်ဆုံး သတိပေးခြင်းပဲ"





"ဟင်း ... ဒါနဲ့ပဲ ခြိမ်းခြောက်နေ"

မိုးကောင်းက မကျေမနပ်ဖြင့် ပြန်သွားသော်လည်း မသူတို့ကတော့ မိုးကောင်းဘက်က ရှေ့နေလိုက်ကြပြန်လေသည်။

"ရေးချယ်ရယ် ... မိုးကောင်းက စိတ်တိုပြီး တစ်ဖွတ်ထိုးဆန်တယ် ဆိုပေမယ့်လည်း နင့်ကိုတော့ အရမ်းချစ်တာပါ။ ပါးစပ်ကြီးကသာ ဆိုးနေတာ၊ ပြီးတော့လည်း အရာရာတိုင်းကို နင့်သဘောအတိုင်း အလိုလိုက်တာပဲလေ ...

မိန်းကလေးဆိုတာ ကိုယ်ချစ်ကို မရှာရဘူးဟဲ့။ သူချစ်ကို ရှာတာတောင် တော်ကာမကျဘူး။ ကြာရင် မိန်းမတွေက သနားပြီး ချစ်သွားကြတာပဲလေ။ မိုးကောင်းဆိုတာ ငါတို့လည်း အကြောင်းသိနေတာပဲ။ သူ့ကို နည်းနည်းလောက်တော့ စဉ်းစားပေးသင့်ပါတယ်ဟာ"

"ဟုတ်တော့ ဟုတ်ပါတယ် မသူရယ်။ ဒါပေမဲ့လည်း ဒီအချိန်မှာတော့ ရေးချယ် ဘာကိုမှ မစဉ်းစားချင်သေးပါဘူး ...

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးပဲ နေချင်တယ်။ ဘာကိုမှ အဆောတလျင် မဆုံးဖြတ်ချင်သေးဘူးလေ"

"အေးပါဟာ၊ ငါတို့က နင့်အတွက် ပြောတာပါ"

ဘယ်သူ့အတွက်ပဲပြောပြော ရေးချယ်ကတော့ ဘာမှ ပြန်မပြောတော့ပါ။ သတိရလွမ်းတဲ့စိတ်လေးတွေနှင့် အသားကျအောင် နေထိုင်ရင်း သူ့ကို အဝေးကပဲ လှမ်းကြည့်ခွင့်ကို သယ်ပိုးထားပါတော့မည်။

ရင်ထဲမှာ အချစ်ရှိနေရင် နီးခြင်း ဝေးခြင်းဆိုတာ ပညတ်တွေပဲ မဟုတ်လား။





## ၂၇

"သားရေ ... နေမကောင်းဘူးလား။ ဒီကလေး အခုတလော အခန်းပဲ အောင်းအောင်းနေတယ်။ အောက်မှာ လေးလေး ရောက်နေတယ်လေ သား"

"ဩော် ... ဟုတ်။ လာပြီ မေမေ"

သူက လာပြီဆိုသော်လည်း သူ့အမေက အခန်းထဲသို့ လျှောက်ဝင်လာရင်း သူ့နဖူးကိုစမ်းသည်။ သူက အိပ်ရာထက်မှ လူးလဲထရင်း ...

"သား နေကောင်းပါတယ် မေမေရဲ့"

"နေသာကောင်းတယ် ပြောနေတာ။ သားကြည့်ရတာ ခုတလော ညှိုးနွမ်းနွမ်းနဲ့ ဘာဖြစ်နေတာလဲ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး မေမေ။ အိုခေ ... သား လေးလေးနဲ့ တွေ့လိုက်ဦးမယ်"

သူက သူ့အမေကို ရင်မဆိုင်ရဲစွာဖြင့် အခန်းထဲမှ ဦးအောင်ထွက်လာခဲ့သည်။ ဒီနေ့နဲ့ပါဆိုလျှင် ရေးချယ်နှင့် မတွေ့ရတော့တာ တစ်လပြည့်၍ ငါးရက်စွန်းခဲ့ပြီတည်း။ မဖြစ်နိုင်ပါဘူးလေ ဟူသော ထိန်းချုပ်စိတ်ဖြင့် နေထိုင်ခဲ့ရသော နေ့ရက်များမှာ သူ့အတွက် မသက်သာခဲ့ပါ။ သူချစ်သော အပြစ်မရှိသည့် မိန်းကလေးတစ်ယောက်ကို အကြောင်းမဲ့ ရက်စက်ရာကျနေပြီလားဟု ကိုယ့်ကိုယ်ကိုယ် တွေးမိတိုင်း ရင်မှာ ပင်ပန်းဆင်းရဲရလေသည်။

သူက အောက်ထပ်သို့ ဆင်းလာခဲ့လျှင် ဧည့်ခန်းထဲမှာ မေမေနှင့် ထိုင်စကားပြောနေသော လေးလေးကို တွေ့လိုက်ရသည်။ လေးလေးဆိုတာ သူ့အမေရဲ့ညီ၊ သူ့ဦးလေး ဖြစ်သော်လည်း သူနဲ့က အသက်ဆယ့်နှစ်နှစ်လောက်ပဲကွာသော ဦးလေးဖြစ်သည့်အပြင် ခေတ်မီနပျိုစွာ နေထိုင်တတ်သူမို့ သူငယ်ချင်းလိုပေါင်းခဲ့သော ဦးလေးဖြစ်သည်။

BURMESE CLASSIC .com



"ရေးချယ်ရေ ... ဒီမှာဟော့၊ နင့်အတွက် ပန်းစည်းလာပို့သွားတယ်"

ကွန်ပျူတာနှင့် အလုပ်လုပ်နေသော ရေးချယ်ရဲ့ ရှေ့သို့ အင်မတန်လှပသည့် ပန်းစည်းကြီးတစ်စည်းက ရောက်လို့လာလျှင် ရေးချယ် အလွန်အံ့သြသွားလေသည်။ ပန်းစည်းအောက်ခြေက ကတ်လေးကို မြင်သောအခါ နှလုံးသွေးတွေတောင် …ားပြီဟု ထင်ရပါသည်။

"ရေးချယ် ...

ဘဝအဖွက် အထုထု တိုက်ပွဲဝင် စွန့်တားကြစို့

ဘိုသိုက်"

www.burmeseclassic.com

www.burmeseclassic.com



ရေးချယ် ချက်ချင်းပဲ မတ်တတ်ထရပ်လိုက်သည်ဟု ထင်သည်။ သူ ... သူ ... ဘယ်မှာလဲ။ ရေးချယ်က ချက်ချင်းပဲ ရုံးခန်းအပြင်ဘက်သို့ ပြေးထွက်ခဲ့သည်။ ကော်ရစ်တာဘယ်ညာသို့ ဟိုဒီကြည့်ကာ ရှာဖွေနေစဉ်မှာပဲ ဓာတ်လှေကားဆီသို့ လျှောက်သွားနေသော နောက်ကျောတစ်စုံကို တွေ့မြင်လိုက်ရသည်။

"ကို"

ရေးချယ်ရဲ့ အော်သံသည် ကော်ရစ်တာတစ်ခုလုံး ပျံ့နှံ့သွားသည်။ သူက ခြေစုံရပ်ကာ လှည့်ကြည့်ပါသည်။

"ရေးချယ်"

"ကို"

"ခွင့်လွှတ်ပါ ရေးချယ်။ ကိုယ်လေ မင်းအပေါ်မှာ ဘွဲ့ေ ခဲ့မိတယ်။ ဒါပေမဲ့ နောက်မကျသေးတဲ့ အ ပါ ...

ကိုယ်တို့ ဘဝကို အတူတူ ရင်ဆိုင်ပါနိုး ..မင်းမှာ သတ္တိတွေရှိတယ် မဟုတ်လား"





"ကို"

"ရင်ဆိုင်စရာတွေ အများကြီးပါပဲ။ ဒါပေမဲ့ အားလုံးကို ကျော်လွှားနိုင်မယ်လို့ မျှော်လင့်ထားတယ် ...

ရေးချယ်သာ ကိုယ့်ဘေးမှာ အမြဲရှိနေပေးမယ်ဆိုရင်ပေါ့"

ရေးချယ်ရဲ့ နှလုံးသားတစ်ခုလုံးသည် ဟိုးအမြင့်ကြီးက ပြုတ်ကျလာသလို အေးခနဲ ဖြစ်သွားသည်။ ဒီစကားတွေဟာ အိပ်မက်လား တကယ်လားကွယ်။

"ယောကျ်ားတစ်ယောက်ဆိုတာ သူ ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို အဆင့်အတန်းချင်းမတူဘူးဆိုတဲ့ အကြောင်းပြချက်လောက်နဲ့တော့ ထားခဲ့စရာအကြောင်း မရှိပါဘူး ရေးချယ်ရယ် ...

တကယ်ချစ်ရင် အားလုံးကို ရင်ဆိုင်လို့ ရပါတယ်"

ရေးချယ် ဘာမှမပြောနိုင်တော့ပါ။ သူ့ကို ကြည့်နေသော မျက်လုံးတွေက တဖြည်းဖြည်း မှုန်ဝါးလာကာ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ ဘာမှမမြင်ရတော့ချေ။ ကိုယ် သိပ်ချစ်မြတ်နိုးရတဲ့ ယောက်ျားတစ်ယောက်က အားလုံးနဲ့ ဆန့်ကျင်ပြီး ကိုယ့်ကိုရွေးချယ်သတဲ့။ ကိုယ့်အတွက် စွန့်စားရဲသတဲ့။ ဒီလိုယောက်ျားနဲ့သာဆိုလျှင် ရေးချယ်တို့ မိန်းမတွေဆိုတာလည်း ငရဲပြည်တောင်လိုက်ဦးမယ်ဆိုတာ အထူးပြောစရာ လိုတော့မည် မထင်ပါ။

သူ မင်းကို တကယ်ချစ်ရင် ဘယ်တော့မှ ထားခဲ့မှာ မဟုတ်ဘူးလေ။ ။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်

၆-၂-၂၀၁၂

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com